စတုရာရက္ခတရားလေးပါးတွင်ပါဝင်သော

# ဗုဒ္ဓါနုဿတိဘာဝနာပွားများနည်း

နှင့်

# အသုဘဘာဝနာပွားများနည်းများ

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့်မဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့ရ

၃၆၄
န

## ဓမ္မာစရိယ ဦးအေးနိုင် (ဘီ-အေ)

ဓမ္မဒါန

အမြတ်ဆုံးစမ္မဒါနအလှူ

အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင်မိဘနှစ်ပါးတို့ကို

အမှူးထား၍

သားလိမ္မာ၊ သမီးလိမ္မာ၊ မြေးလိမ္မာများဖြစ်ကြသော

၁။ သားကြီးမောင်တင်ထွန်းနိုင် + မညိုညိုလွင်၊

မြေး မချမ်းမြေ့သီတဂူ၊ မပြည့်ဝန်းရတနာ၊ မချိုမေပြုံးပိုင်။

၂။ သားလတ် မောင်အောင်မျိုးနိုင်(ခ) မောင်အောင်ဖုန်း+

မနီနီသိန်း၊ မြေး မစုသီဂီနိုင်။

၃။ တစ်ဦးတည်း သမီးဖြစ်သော မနီလာအေး (ခ) မချိုချို။

၄။ သားငယ် မောင်ဝေလင်းနိုင်(ခ)မောင်ကျော်ဇော +

မခင်စန္ဒာအေး၊ မြေး ပီတိ (ခ) မရွှေယမင်းဦး တို့က

နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းကြပါသည်။

[နိဗ္ဗာနဿ ပစ္စယော ဟောတု]

စတုရာရက္ခတရားလေးပါးတွင်ပါဝင်သော

# ဗုဒ္ဓါနုဿတိဘာဝနာပွားများပုံ

နှင့်

# အသုဘဘာဝနာပွားများနည်းများ

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့်မဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့ရ

## ဓမ္မာစရိယ ဦးအေးနိုင် (ဘီ-အေ)

ပြုစုသည်

# နိဒါန်း

ကျွန်ုပ်တို့၏ ထေရဝါဒ ဗုဒ္ဓဘာသာတွင် ဗုဒ္ဓဘာသာဝင်တို့ ဘဝသံသရာမှ လွတ်မြောက်ရန် (ဝါ) နိဗ္ဗာန်ရောက်နိုင်ရန် အတွက် မြတ်စွာဘုရား ဟောကြားထားသည့် ကျင့်စဉ်ကြီး လေးရပ် ရှိပါသည်။ ထိုကျင့်စဉ်ကြီးလေးရပ်မှာ "ဒါန၊ သီလ၊ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာ"တို့ဖြစ်၏။

ထိုလေးရပ်တွင် ဒါနကျင့်စဉ်၊ သီလကျင့်စဉ်တို့ဖြင့် အပါယ်လေးဘုံမှ လွတ်မြောက်ပြီး လူ နတ်တို့ဖြစ်နိုင်၏။ သမထ ဘာဝနာကျင့်စဉ်ဖြင့် လူ့ဘဝ နတ်ဘဝကို ရနိုင်သည့်အပြင် ဈာန်ရပါက သက်ဆိုင်ရာ ဈာန်အတိုင်း ဗြဟ္မာဘဝကို ရရှိနိုင်၏။ ဝိပဿနာဘာဝနာအကျင့်ဖြင့် လူ့ဘဝ၊ နတ်ဘဝတို့ကို ရရှိနိုင် သည့်အပြင် မဂ်ဖိုလ်တရားအထိ ရရှိနိုင်ပါက နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေသည်။ ထိုဝိပဿနာ အကျင့်ဖြင့်ပင် ကိလေသာ ကုန်ခန်း၍ ရဟန္တာဖြစ်သွားပါက ဘဝသံသရာမှ လွတ်မြောက်ပြီး နိဗ္ဗာန်သို့ ရောက်နိုင်ပေသည်။

ဤကျမ်းစာအုပ်တွင် ဖော်ပြထားသော "မရဏာနုဿတိ ဘာဝနာနှင့် အသုဘဘာဝနာ" နှစ်ပါးတို့သည် ဤကျင့်စဉ်ကြီး လေးရပ်တွင် သမထဘာဝနာကျင့်စဉ်တွင် ပါဝင်သည်။ သမထ

ဘာဝနာကျင့်စဉ်ဆိုသည်မှာ ကာမစ္ဆန္ဒနီဝရဏစသော ကိလေသာတရားတို့ ငြိမ်းအေးသွားအောင် ပွားများအားထုတ်ရသော ကျင့်စဉ်ဖြစ်သည်။ ထို သမထဘာဝနာကျင့်စဉ်၌ ဧကဂ္ဂတာ ခေါ် သမာဓိတရားဦးစီးသည်။ ထို့ကြောင့် သမာဓိကျင့်စဉ် (သမာဓိ သိက္ခာ)ဟုခေါ်ရသည်၊ သမာဓိကျင့်စဉ်ခေါ် သမထဘာဝနာသည် ဒါနကျင့်စဉ်၊ သီလကျင့်စဉ်တို့ထက် မြတ်သည်၊ အကျိုးကြီးသည်။

ယခုတင်ပြထားသော သမထဘာဝနာကျင့်စဉ် နှစ်ပါးတို့သည် စတုရာရက္ခတရား (ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘ၊ မရဏာနုဿတိ)လေးပါး၌လည်း ပါဝင်သည်။ စတုရာရက္ခဆိုသည်မှာ ကောက်ပင်ကို စားတတ်သော နွားကိုစောင့်ရှောက်သော နွားကျောင်းသားကဲ့သို့ မိမိစိတ်ကို လောကီအာရုံကာမဂုဏ်သို့ မသွားအောင် စောင့်ရှောက်ထားတတ်သော ဘာဝနာလေးပါးဟု ဆိုလိုပေသည်။ ဤဘာဝနာ နှစ်ပါးသည် လောကီအာရုံ ကာမဂုဏ်သို့ စိတ်မသွားအောင် မိမိတို့စိတ်ကို စောင့်ရှောက်နိုင်သောကြောင့် "အာရက္ခ"တရားတွင် ပါဝင်ခြင်းဖြစ်သည်။ မရဏာနုဿတိဘာဝနာကို ပွားများလျှင် ဥပစာရစျာန် (ဥပစာရ သမာဓိ) အထိ ရရှိနိုင်၍ အသုဘဘာဝနာကို ပွားများလျှင် ပထမစျာန် (အပ္ပနာသမာဓိ)

အထိရရှိနိုင်ပြီး စိတ်စင်ကြယ် သန့်ရှင်း ကိလေသာ အညစ်အကြေးကင်းစင်မှု "စိတ္တဝိသုဒ္ဓိ" စခန်းသို့ ရောက်ပြီဟု အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ၌ မိန့်ဆို ထားပေသည်။

ထို့ပြင် ထိုဘာဝနာကမ္မဋ္ဌာန်းများကို မည်သည့်စရိုက် ရှိသည့် ပုဂ္ဂိုလ်မျိုးမဆို (စရိုက်မရွေး)အားထုတ်နိုင်သောကြောင့် လည်းကောင်း၊ မည်သည့်ကမ္မဋ္ဌာန်း အားထုတ်အားထုတ် ရှေးဦးစွာအားထုတ်သင့်သောကြောင့်လည်းကောင်း၊ "သဗ္ဗတ္ထက" ကမ္မဋ္ဌာန်းဟူ၍ ကျမ်းဂန်များ၌ မိန့်ဆိုထားလေ၏။ (သဗ္ဗတ္ထက အလုံးစုံသောအရာတို့၌ အလိုရှိအပ်သော ကမ္မဋ္ဌာန်း)

အသုဘဘာဝနာကား သာသနာတော်နှင့် လွန်စွာ သင့်လျော်၏။ အိမ်ရာမထောင်၊ သာသနာ့ဘောင်၌ တစ်ကိုယ် တည်းနေသော ပုဂ္ဂိုလ်သည် အသုဘ ဘာဝနာကဲ့သို့ ဘာဝနာ တစ်မျိုးမျိုးသာ လက်ကိုင်မရှိပါမူ လောကီအာရုံ ကာမဂုဏ် ဘက်၌ သက်တော်ကြီးသော်ငြားလည်း စိတ်ရောက်လျက်ရှိတတ် သေး၏။ ထို့ကြောင့် အသုဘဘာဝနာကို ပွားများသူသာ စိတ် သန့်ရှင်းဖြူစင်နိုင်ပေလိမ့်မည်။

သေခြင်းတရားကို နှလုံးသွင်းမှု မရဏာနုဿတိဘာဝနာ ကို နေ့စဉ်ပြုသော ပုဂ္ဂိုလ်သည် "ငါသည် သေသွားသောအခါ

ကုသိုလ်သာလျှင် အားကိုးရာရှိပါတကား”ဟု အမြဲသတိရနေသောကြောင့် ဘုန်းကံကြီးမား၊ လာဘ်များမှု၌ ကြောင့်ကြမစိုက်တော့ဘဲ ကုသိုလ်ကောင်းမှုကိစ္စစုကိုသာ တစ်ခုပြီးတစ်ခု ဘာဝနာပွားမှုတိုင်အောင် အမြဲပြု၍ နေပေလိမ့်မည်။ ထို့ကြောင့် ဤဘာဝနာကမ္မဋ္ဌာန်းလေးပါးကို “စတုရာရက္ခကမ္မဋ္ဌာန်း”ဟု နာမည်ထူးတပ်လျက် ရှေးသူတော်သူမြတ်တို့ အမြဲအားထုတ်ခဲ့ကြပေသည်။

အမှန်စင်စစ် ဤဘာဝနာများကို ပွားများရသည်မှာ အလွန် လွယ်ကူကြ၏။ ဈာန်အထိ မရသည့်တိုင်အောင် ဘာဝနာကုသိုလ်တရား များစွာရ၍ အကျိုးများလှပေသည်။ မရဏာနုဿတိဘာဝနာကို ပွားများခြင်းဖြင့် သေရမှာကို မကြောက်သကဲ့သို့ အသုဘဘာဝနာ ပွားများခြင်းဖြင့် တပ်မက်မှု ရာဂတရားခေါင်းပါးသွားလေ့ရှိပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ဝိပဿနာတရား အားထုတ်နေစေကာမူ ဤဘာဝနာများကိုပါ အချိန်ထား၍ ပွားများစေလိုပါသည်။ ဤသည်မှာ ဤစာအုပ်ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်း နိဒါန်းဖြစ်သည်။

အထူးအားဖြင့် ပြောကြားလိုသည်မှာ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ယဉ်ကျေးမှုအရ “အသုဘ လိုက်ပို့ရာတွင်” ကားပေါ်၌သော်လည်းကောင်း သုသာန်တွင်

ရုပ်ကလာပ်ကိုကြည့်၍သော်လည်းကောင်း အသုဘ ဘာဝနာ၊ မရဏာနုဿတိဘာဝနာ တို့ကို အနည်းဆုံး ငါးမိနစ်ခန့်မျှ ပွားများ ကြပါဟု တိုက်တွန်းပါသည်။ မှာကြားလိုက်ပါသည်။

ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)
မဟာသဒ္ဓမ္မဇောတိကဓဇ၊
မဟာမင်္ဂလဓမ္မဇောတိကဓဇ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မရဏာနုဿတိဘာဝနာ | ၁ |
| ၁။ | အောက်မေ့ပွားများပုံ ပွားများနည်း | ၃ |
| ၂။ | သင့်တင့်အောင် နှလုံးသွင်းပုံ | ၄ |
| ၃။ | ဘုရားပေးသောနည်း | ၉ |
| ၄။ | အဘိဏှသုတ်လာ ပွားများနည်း | ၁၁ |
| ၅။ | ရှုပွားရန်လင်္ကာ | ၁၁ |
| ၆။ | ရှေးဆရာတော်ကြီးများ ပွားများနည်း | ၁၂ |
| ၇။(၁) | ရှေ့ရှုကပ်နေသော လူသတ်သမားကဲ့သို့ရှုပုံ | ၁၃ |
| ၈။ | ဆင်ခြင်ရန်လင်္ကာများ | ၁၄ |
| ၉။(၂) | ပြည့်စုံခြင်း၊ ပျက်စီးခြင်းအားဖြင့်ရှုပုံ | ၁၅ |
| ၁၀။ | နှလုံးသွင်းရန်လင်္ကာများ | ၁၆ |
| ၁၁။(၃) | အနီးသို့ဆောင်သောအားဖြင့်ရှုပုံ | ၁၇ |
| ၁၂။ | ပွားများရန်လင်္ကာများ | ၂၀ |
| ၁၃။(၄) | ခန္ဓာကိုယ်ကို သတ္တဝါအများနှင့် ဆက်ဆံသောအားဖြင့်ရှုပုံ | ၂၂ |

၁၄။ ဆောင်ပုဒ်လင်္ကာ ၂၄

၁၅။(၅)အားနည်းသောအသက်ဖြစ်ခြင်းအားဖြင့်
ရှုဆင်ခြင်ပုံ ၂၄

၁၆။ ဆောင်ပုဒ်လင်္ကာ ၂၅

၁၇။(၆)မသိနိုင်သောအမှတ်နိမိတ်အားဖြင့် ရှုဆင်ခြင်ပုံ ၂၆

၁၈။(၇)အသက်တမ်းအပိုင်းအခြားအားဖြင့် ရှုဆင်ခြင်ပုံ ၂၉

၁၉။ ရဟန်း ၆-ပါးတို့၏ မရဏာနုဿတိကမ္မဋ္ဌာန်း ၂၉

၂၀။ ဆောင်ပုဒ်လင်္ကာ ၃၂

၂၁။(၈)ရှင်ဆဲခဏ၏ တိုတောင်းသောကာလအားဖြင့်
ရှုဆင်ခြင်ပုံ ၃၂

၂၂။ အရကသုတ်လာ ဆင်ခြင်ရှုပွားနည်းများ ၃၄

၂၃။ ဆောင်ပုဒ်လင်္ကာ ၃၆

၂၄။ ဆင်ခြင်နည်းလင်္ကာ ၃၆

၂၅။ မရဏာနုဿတိ ပွားများရကျိုး ၃၈

၂၆။ ဆောင်ပုဒ်လင်္ကာ ၃၉

၂၇။ မရဏာနုဿတိပွားများရကျိုးဝတ္ထုများ ၃၉

၂၈။ သားသေသော်လည်း မငိုကြွေသော
ပုဏ္ဏားမိသားစုငါးဦး ၄၈

| | | |
|---|---|---|
| | အသုဘဘာဝနာ ပွားများနည်း | ၅၇ |
| ၂၉။ | ရာဂစရိုက်နှင့်အသုဘဆယ်မျိုး | ၆၀ |
| ၃၀။ | အသုဘ ကမ္မဋ္ဌာန်း၏ ရှေးဦးမှတ်ဖွယ်များ | ၆၂ |
| ၃၁။ | ဉဒ္ဓုမာတက အသုဘကမ္မဋ္ဌာန်းစီးဖြန်းပုံ | ၆၄ |
| ၃၂။ | ကျန်အသုဘများကို ဆင်ခြင်ပွားများနည်း | ၆၈ |
| ၃၃။ | အရှင်အသုဘ၌ ကမ္မဋ္ဌာန်းစီးဖြန်းပုံ | ၇၀ |
| ၃၄။ | ဆင်ခြင်ရန်လင်္ကာများ | ၇၄ |
| ၃၅။ | ၃၂-ကောဋ္ဌာသ၌ အသုဘဆင်ခြင်ပုံ | ၇၅ |
| ၃၆။ | မဟာဝိဇယသုတ်လာ အရှင်အသုဘရှုနည်း | ၇၈ |
| ၃၇။ | မဟာဝိဇယသုတ်လာဆင်ခြင်နည်း | ၈၆ |
| ၃၈။ | သီရိမာအသုဘကို နည်းယူဆင်ခြင်ရန် | ၈၇ |
| ၃၉။ | ဆင်ခြင်ရန်လင်္ကာများ | ၉၅ |
| ၄၀။ | ဇနပဒကလျာဏီရူပနန္ဒာထေရီ | ၉၆ |
| ၄၁။ | အသုဘ ဘာဝနာ၏ အာနိသင် | ၁၀၃ |
| ၄၂။ | မြောက်နန်းကျောင်းဆရာတော် | ၁၀၇ |


မာတိကာပြီး၏။

× × × × ×

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မရဏာနုဿတိဘာဝနာ ပွားများနည်း

မရဏာနုဿတိဘာဝနာဆိုသည်မှာ သေခြင်းတရားကို အကြိမ်ကြိမ် အဖန်ဖန် အောက်မေ့ပွားများရသော ဘာဝနာဖြစ်သည်။ (မရဏံ = သေခြင်းတရားကို + အနုဿတိ = အဖန်ဖန်အောက်မေ့၍ + ဘာဝနာ = ပွားများခြင်း)။ ဤမရဏာနုဿတိ၌ သေခြင်းသည် (၄)မျိုးရှိ၏။ ထိုလေးမျိုးမှာ -

(၁) ရဟန္တာပုဂ္ဂိုလ်တို့၏ ဝဋ်ဒုက္ခပြတ်ကင်း၍ ပရိနိဗ္ဗာန်စံဝင်ခြင်း = သမုစ္ဆေဒမရဏ။

(၂) ရုပ်နာမ်သင်္ခါရတရားတို့ ပေါ်လာပြီး ပျက်ခြင်းဘင်ခဏ = ခဏိကမရဏ။

(၃) သစ်ပင်သေသည်၊ ပြဒါးသေသည်၊ သံသေသည်ဟု သမုတ်ခေါ်ဆိုခြင်း = သမ္မုတိမရဏ။

(၄) တစ်ဘဝ၌အကျုံးဝင်သော အသက်ခေါ် ဇီဝိတိန္ဒြေ အကြွင်းမဲ့ပြတ်စဲခြင်း = ဇီဝိတိန္ဒြိယုပစ္ဆေဒမရဏ-

တို့ဖြစ်သည်။

ထိုလေးပါးတွင် သမုစ္ဆေဒ မရဏသည် အများနှင့်မဆိုင်၊ ရဟန္တာများနှင့်သာ ဆိုင်၏။ ခဏိကမရဏသည် ရုပ်နာမ်တရားတို့၏ ဘင်ခဏကို ဉာဏ်ဖြင့်ဆင်ခြင်၍ ထင်မြင်နိုင်ခဲ့၏။ သမ္မုတိမရဏမှာ သံဝေဂဖြစ်ဖွယ်ရာမဟုတ်။ ထို့ကြောင့် ထိုသေခြင်း (၃)မျိုးကို ဤမရဏာနုဿတိဘာဝနာအရာ၌ မလိုအပ်။ ဤဘာဝနာနှင့် မသက်ဆိုင်။ နောက်ဆုံး သေခြင်းဖြစ်သော ဇီဝိတိန္ဒြိယုပစ္ဆေဒမရဏ တစ်မျိုးသာလျှင် သတ္တဝါအများနှင့်လည်းဆိုင်၊ ထင်လွယ်မြင်လွယ်လည်းရှိ၊ သံဝေဂဖြစ်ခြင်း၏ အကြောင်းလည်းဟုတ်သောကြောင့် ဤမရဏာနုဿတိ ဘာဝနာအရာ၌ အလိုရှိအပ်၏။ ဤဇီဝိတိန္ဒြိယုပစ္ဆေဒမရဏ (သတ္တဝါတို့သေဆုံးခြင်း)ကို အဖန်ဖန်ဆင်ခြင်အောက်မေ့မှု ပွားများမှုများသည်သာ မရဏာနုဿတိ ဘာဝနာ မည်၏။

သက်တမ်းကုန်၍ သေခြင်း၊ ကံကုန်၍သေခြင်းမျိုးတို့သည် "ကာလမရဏ" မည်ကြ၏။ သက်တမ်းကုန်၊ ကံကုန်ခြင်းမျိုးမဟုတ်ဘဲ ကဿပဘုရားရှင်၏နောက်ပါ ဝိဓုရမထေရ်ကို ကျောက်ခဲများဖြင့် ပေါက်သတ်သော ဒူသီမာရ်နတ်၊ ခန္တိဝါဒီရှင်ရသေ့ကို နှိပ်စက်သော ကလာဗုမင်း စသူတို့ကဲ့သို့ ပစ္စုပ္ပန်ကံကြောင့် အဝီစိငရဲသို့ ကျရောက်ရခြင်း၊ ရှေးအတိတ်ကံကြောင့် သူတစ်ပါးလုပ်ကြံ၍ဖြစ်စေ၊ မိမိကိုယ်ကိုမိမိ လုပ်ကြံ၍ဖြစ်စေ

သေခြင်းမျိုးတို့သည် "အကာလမရဏ"မည်၏။ ထိုကာလမရဏ၊ အကာလမရဏနှစ်မျိုးလုံးပင် ဇီဝိတိန္ဒြေယုပစ္ဆေဒမရဏာ၌ အကျုံးဝင်ပေသည်။ (ကာလမရဏ = သေချိန်ရောက်၍ သေခြင်း၊ အကာလ မရဏ = သေချိန်မရောက်သေးဘဲ သေခြင်း)။

## အောက်မေ့ပွားများပုံ ပွားများနည်း

မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော ယောဂီ ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်တွင်၊ သို့မဟုတ် အချိန်တွင် အခြားပြင်ပ အာရုံတို့ကို စိတ်ထဲ အဝင်မခံဘဲ မရဏာနုဿတိ ကမ္မဋ္ဌာန်းသို့ စိတ်ညွှတ်လျက် ထိုထိုသုသာန်စသည်တို့၌ တွေ့မြင်ခဲ့ဘူးသော လူသေကောင်ကိုဖြစ်စေ၊ စည်းစိမ်ရှင်ကြီး တို့၏ သေရပုံကိုကြည့်ရှုဆင်ခြင်၍ဖြစ်စေ 'မရဏံဘဝိဿတိ' တစ်နေ့ ဤသို့သေရဦးမည်၊ 'မရဏံ ဘဝိဿတိ' တစ်နေ့ ဤသို့ သေရဦးမည်ဟုလည်းကောင်း၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ၊ ဇီဝိတိန္ဒြေခေါ် အသက်သည် ပြတ်ရဦးမည်ဟုလည်းကောင်း၊ မရဏံ, မရဏံ-သေြဘ်သေရခြင်း၊ သေြဘ်သေရခြင်းဟုလည်း ကောင်း ဤနည်း(၃)မျိုးတွင် တစ်မျိုးမျိုးဖြင့် မရဏာနုဿတိကို ပွားများရသည်။ ဤသို့ ပွားများရာ၌ သေခြင်းတရားကို အောက်မေ့ အမှတ်ရမှုသတိ၊ ထိတ်လန့်မှုသံဝေဂနှင့် ဆင်ခြင်မှု သမ္ပဇဉ်ဉာဏ် တို့ကို ဖြစ်စေရမည်။

## သင့်တင့်အောင် နှလုံးသွင်းပုံ

ထိုသို့သေခြင်းသဘောတရားကို အောက်မေ့ အမှတ်ရရာ၌ သင့်တင့်အောင် နှလုံးသွင်းတတ်ရသည်။ ချဲ့ဦးအံ့ - မိခင်သည် သား၏ သို့မဟုတ် သမီး၏ သေမည့်အရေးကို သတိရတွေးမိသောအခါ ဝမ်းနည်း ပူဆွေးမှု သောကဖြစ်သကဲ့သို့ မိမိချစ်သူ၏ သေမည့်အရေးကို တွေးမိ သတိရနေလျှင်လည်း ဝမ်းနည်းမှုဖြစ်တတ်၏။ သို့သော် မိမိမုန်းသူ၏-ဝါ-ရန်သူ၏ သေမည့်အရေးကို တွေးမိ သတိပြုမိသောအခါ ဝမ်းသာအားရဖြစ်တတ်၏။ မမုန်းမချစ်၊ အလယ်အလတ်ဖြစ်သူ၏ သေမည့်အရေးကို တွေးမိ သတိရမိသောအခါ ကိုယ်နှင့်မဆက်စပ်သဖြင့် ထိတ်လန့်မှု သံဝေဂမရဘဲ အမှတ်တမဲ့ဖြစ်၏။ ဥပမာအားဖြင့် သချိုင်းစောင့်၊ လူသေကောင်မီးသဂြိုဟ်သူတို့၏ လူသေကောင်ကို မြင်ရာ၌ ရိုးနေပြီဖြစ်၍ သံဝေဂမဖြစ်သည်နှင့်တူပေသည်။

ထို့ပြင် မိမိသေရမည့်အရေးကို အမှတ်သတိရနေရာ၌လည်း ကြောက်ရွံ့ထိတ်လန့်မှု၊ စိတ်မချမ်းသာမှု ဒေါမနဿဖြစ်တတ်ပေသည်။ ထို့ကြောင့် ဤသို့ ပုဂ္ဂိုလ်နှင့်တွဲ၍ သေခြင်းတရားကို သတိထားဆင်ခြင်မှုမျိုးကို သင့်တော်သော နှလုံးသွင်းမှုမျိုး (ယောနိသော မနသိကာရ)ဟု မဆိုနိုင်၊ ထိုသို့ နှလုံးသွင်းခြင်းမျိုး

၌ ဉာဏ်နှင့်ယှဉ်သော သတိလည်းမဖြစ်၊ သံဝေဂလည်း မဖြစ်ချေ။ ထို့ကြောင့် ခုဒ္ဒသိက္ခာ၌၊ ဂါထာဖြစ်၍ အက္ခရာ ပြည့်အောင်။ မရဏံ မေ ဘဝိဿတိ ဟု 'မေ'ကို ထည့်၍ ဆိုထားခြင်းဖြစ်သည်။ ဝိသုဒ္ဓိမဂ်၌ကား "မရဏံ ဘဝိဿတိ"ဟု သာ လာသည်ဟု **အမရပူရ** မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး မိန့်ဆိုထားခြင်း ဖြစ်သည်။

သင့်တင့်အောင် နှလုံးသွင်း၊ ဆင်ခြင်နည်းကား ထိုထို သောအရပ်၊ သုသာန် စသည်တို့၌ သတ်ထားသူ အလိုလိုသေသူ တို့ကို ကြည့်ရှုပြီးဖြစ်စေ၊ တွေ့မြင်ခဲ့ဘူးသော စည်းစိမ်ရှင်တို့၏ သေကြပုံကို ဆင်ခြင်၍ဖြစ်စေ၊ အမှတ်ရမှု သတိကိုလည်းကောင်း၊ ထိတ်လန့်မှု သံဝေဂကိုလည်းကောင်း၊ ဆင်ခြင်သိမှု သမ္ပဇဉ်ဉာဏ် ကိုလည်းကောင်း ဖြစ်စေ၍ "သေခြင်းတရားဖြစ်ပွားရဦးမည်"ဟု သေခြင်း သဘောတရားကို နှလုံးသွင်းဆင်ခြင်မှု သင့်တင့်သော နှလုံးသွင်း ဆင်ခြင်နည်းဖြစ်သည်။

ဋီကာ၌ကား စိုးရိမ်မှု၊ ဝမ်းမြောက်မှု၊ ထိတ်လန့်မှု မထိတ် လန့်မှု စသော ဖြစ်ခြင်းတို့သည် သတိကင်းခြင်း၊ သံဝေဂကင်းခြင်း ဉာဏ်ကင်းခြင်းတို့ကြောင့် ဖြစ်သည်၊ မှန်၏ "သေခြင်း သဘောတရားသည် ပဋိသန္ဓေအားဖြင့် ဖြစ်ပြီးသောသူအား ဧကန်မလွဲဖြစ်ရ၊ တွေ့ရစမြဲပင်"ဟူသော ပညာရှိတို့၏ စကားကို

အမှတ်ရငြားအံ့။ ထိုသေခြင်း၌ ထိတ်လန့်မှု သံဝေဂလည်းရှိ၏၊ ကောင်းစွာ ဆင်ခြင်ဉာဏ်လည်းရှိ၏။ ထိုသူအား စိုးရိမ်ခြင်း စသည်တို့ဖြစ်ပေါ်ရန် အခွင့်မရကြကုန်သည်သာတည်းဟု ဖွင့်ဆိုထား၏။

သို့ဖြစ်၍ ဤမရဏာနုဿတိ ဘာဝနာကို ပွားများရာ၌ သတိထားရန်အချက်မှာ မရဏာနုဿတိ ဘာဝနာသည် သတိ သံဝေဂဉာဏ်ဦးစီးသောဉာဏ်ပါသည့် ကုသိုလ်တရားဖြစ်သည် ဆိုသော အချက်ဖြစ်၏။ ပွားများလိုက်သည့်အခါ ပူဆွေးမှု သောက၊ ဝမ်းနည်းမှု စိတ်မချမ်းသာမှု ဒေါမနဿ၊ ကြောက်ရွံ့ ထိတ်လန့်မှု ဒေါသစသောတရားများ ဖြစ်ပွားလာလျှင် အကုသိုလ်တရားများဖြစ်၍ မရဏာနုဿတိ ဘာဝနာ မဖြစ်ပါချေ။

ထိတ်လန့်မှု သံဝေဂသည် ဒေါသမဟုတ်ပါလောဟု မေးစရာရှိ၏။ ဒေါသမဟုတ်ပါ။ သံဝေဂဟူသည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ စသည်တို့ကို အထူးသဖြင့် သေရခြင်း မရဏကို ကြောက်စရာ။ ထိတ်စရာ၊ လန့်စရာ အနေအားဖြင့် တွေ့တတ် သိတတ်၊ မြင်တတ်သော ဉာဏ်ပင်တည်း၊ ရန်သူစသော ကြောက်စရာကို ကြောက်ရွံ့ထိတ်လန့်မှုတို့မှာ သံဝေဂမဟုတ်၊ ဒေါသ၊ ဒေါမနဿတို့သာဖြစ်သည်။

ဝိပဿနာ ဘာဝနာအရာတွင် "ဘယဉာဏ်" နှင့် ဆင်ခြင်နည်း သဘောချင်းတူ၏။ အမှန်စင်စစ် ဘယဉာဏ် ဆိုသည်မှာ ကြောက်သောဉာဏ်မဟုတ်။ တေဘူမက သင်္ခါရ တရားတို့ကို ကြောက်စရာ ကြောက်မက်ဖွယ်ရာကောင်းသည့် တရားတို့တည်းဟု သိမြင်သော ဉာဏ်ဖြစ်သည်။ ထို့အတူ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ တရားတို့ကို ကြောက်စရာ ထိတ်လန့်စရာ ကောင်းသော ဘေးတို့ပါတည်းဟု ဆင်ခြင်သိမြင်သော ဉာဏ်သည် သံဝေဂဉာဏ်ဖြစ်ပေသည်။ ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၊ သံဝေဂဒုကနိဒ္ဒေသ၌ ဇာတိဘယန္တိ၊ ဇာတိဘယံ ဟူသည်ကား၊ ဇာတိံ-ဇာတိကို၊ ဘယတော-သေဘေးအားဖြင့် ဝါ-ကြောက်လန့်ဖွယ်ရာအားဖြင့်။ ဒိသွာ-မြင်၍ ဌိတဉာဏံ၊ တည်သောဉာဏ်တည်း။ ဇရာမရဏ ဘယာဒီသုပိ၊ ဇရာဘေး၊ မရဏဘေးစသည်တို့၌လည်း။ ဧသေဝနယော = ဤနည်းနှင့် တူသည်သာတည်း ဟု ဖွင့်ဆိုထားခြင်းဖြစ်ပေသည်။

အချုပ်ဆိုရလျှင် အသုဘပို့ရာ သုသာန်၌ လူသေကောင်ကို တွေ့သည့်အခါ၌ဖြစ်စေ၊ ရှေးက မြင်တွေ့ခဲ့ဘူးသော လူသေကောင်ကို ပြန်လည်အာရုံပြု၍ ဖြစ်စေ "သေတယ် (မရဏံ)၊ သေတယ် (မရဏံ)ဟု လူသေကောင်ကိုကြည့်ပြီး ဝါ-အာရုံပြုပြီး အကြိမ်ကြိမ် ရှုမှတ်ရမည်၊ သေရဦးမယ် သေရဦးမယ် ဟုလည်း

ဆက်ပြီး အကြိမ်ကြိမ် အောက်မေ့ ဆင်ခြင်ရမည်။ သေဘေးဟာ ကြောက်စရာ ထိတ်လန့်စရာကောင်းတဲ့ ဘေးကြီးဖြစ်တယ်ဟု သံဝေဂဉာဏ် ယူရမည်။ ဤကဲ့သို့ ရှုမှတ်အောက်မေ့ခြင်း သတိနှင့် ကြောက်စရာဘေး ထိတ်လန့်စရာဘေးဟု သိမြင်သော သံဝေဂဉာဏ်မျိုး ဖြစ်ပါမှ မရဏာနုဿတိ ဘာဝနာဖြစ်သည်ကို ကောင်းစွာသတိထားကြရမည်၊ သို့မဟုတ်လျှင် အကုသိုလ် ဘက်သို့ ရောက်သွားတတ်သည်။

ဤဆိုခဲ့သည့်အတိုင်း ဆင်ခြင် နှလုံးသွင်းနိုင်လျှင် သင့်သော အကြောင်းအားဖြင့် (ယောနိသော) မရဏာနုဿတိ ကို ပွားများသည်မည်၏။ အကြောင်းမှန် နည်းလမ်းမှန်ဖြစ်သည် ဟု ဆိုလိုပေသည်။ မှန်၏၊ ဤဆိုခဲ့သည့်အတိုင်း ကြိမ်ဖန်များစွာ နှလုံးသွင်းခြင်းကိုဖြစ်စေခိုက်၌ပင် အချို့ယောဂီ ပုဂ္ဂိုလ်အား ကာမစ္ဆန္ဒစသော ကိလေသာ နီဝရဏတရားတို့သည် ကင်းကွာ ကြ၏။ သေခြင်းလျှင် အာရုံရှိသော အမှတ်ရမှု သတိသည် သံဝေဂဉာဏ် ရှေ့သွားရှိလျက် ကောင်းစွာတည်လာ၏။ သူ၏ မရဏာနုဿတိကမ္မဋ္ဌာန်းသည် ဥပစာရဈာန်သို့ ရောက်သော ကမ္မဋ္ဌာန်း ဖြစ်ပေသည်-ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်ဆိုထား၏။

## ဘုရားပေးသောနည်း

ရှေ့တွင် ဖော်ပြခဲ့သော မရဏာနုဿတိဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများနည်းများကား-ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်ဆိုထားသော နည်းများအတိုင်း ရေးသားခဲ့ခြင်းဖြစ်သည်။ ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာနည်းများကား-ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများခါစ ပုဂ္ဂိုလ်များအတွက် သမာဓိအားမကောင်း သေးမီ အကုသိုလ်တရားများ မဖြစ်ပွားရအောင် ပုဂ္ဂိုလ်နှင့် မတွဲဖက်ဘဲ ပွားများနည်းများကို ပေးထားခြင်းဖြစ်သည်ဟု ယူဆ ရသည်။ ပွားများဖန်များ၍ သမာဓိ အားကောင်းလာသည့် အခါ၌မူ ပုဂ္ဂိုလ်နှင့်တွဲဖက်၍လည်း ပွားများကောင်းပါသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရားသည် အာဠဝီပြည်သူပြည်သားတို့ အား မရဏာနုဿတိ ဘာဝနာပွားများနည်းကို အောက်ပါ အတိုင်း ဟောကြားတော်မူပါသည်။

(၁) ငါ၏အသက်သည် မမြဲ (အဒ္ဓုဝံ မေ ဇီဝိတံ)
(၂) ငါ့အားသေခြင်းသည် မြဲ၏ (ဓုဝံ မေ မရဏံ)
(၃) ငါသည် မလွဲဧကန်အမှန် သေရမည်သာတည်း
(အဝဿံ မယာ မရိတဗ္ဗမေဝ)
(၄) ငါ့၏အသက်သည် သေခြင်းလျှင် အဆုံးရှိ၏။
(မရဏ ပရိယောသာနံ မေ ဇီဝိတံ)

## (၅) အသက်သည်သာ မမြဲ၊ သေခြင်းကားမြဲ၏ (ဇီဝိတမေဝ အနိယတံ၊ မရဏံ နိယတံ)

ဤသို့ မရဏာနုဿတိကို ပွားများကြကုန်လော့၊ မရဏာနုဿတိကို မပွားများကြသူတို့သည် နောင် သေခြင်းတရားနှင့် ရင်ဆိုင်ကြရသည့်အခါ အဆိပ်ပြင်းသည့် မြွေကို ရင်ဆိုင်တွေ့ရသော လက်နက်ဗလာကြောက်လန့်ရှာသော ယောကျ်ားပမာ ကြောက်မက်ဖွယ်ရာ ဟစ်အော်မြည်တမ်းကြကာ သေကြရရှာ ကုန်၏။

မရဏာနုဿတိ ဘာဝနာကို ပွားများထားကြသော သူတို့မှာမူ အဝေးမှသာလျှင် အဆိပ်ပြင်းသည့်မြွေကို မြင်ရသည့်အတွက် တုတ် လှံတံဖြင့် ဖမ်းယူစွန့်ပစ်နိုင်သည့် ယောကျ်ားပမာ နောင် သေခြင်းတရားနှင့် ရင်ဆိုင်ကြရသည့်အခါ ထိတ်လန့် တုန်လှုပ်ခြင်း ကင်းကြကုန်၏။ ထို့ကြောင့် မရဏာနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများ သင့်ကြကုန်၏ဟု ဟောကြားတော်မူသည်။

ဤဘုရားရှင်ပေးထားသော ဖော်ပြပါ ပွားများနည်း (၅)နည်းအနက် မိမိနှစ်သက်ရာ တစ်နည်းနည်းဖြင့်လည်း ပွားများနိုင်သည်။ ငါးနည်းလုံးဖြင့်လည်း ပွားများနိုင်ပေသည်။

## အဘိဏှသုတ်လာပွားများနည်း

ဤကဲ့သို့ မရဏာနုဿတိဘာဝနာကို အဖန်ဖန် ဆင်ခြင်အောက်မေ့သော ယောဂီပုဂ္ဂိုလ်အား မိမိသေရမှာကိုမြင်၍ မိမိချည်းသေရမှာလို့ထင်ပြီး စိတ်ငယ်၍ စိတ်ဓာတ်ကျလာတတ်သည်။ ဤကဲ့သို့ မဖြစ်ရအောင် ဤအဘိဏှသုတ်လာ အတိုင်းလည်း ဆင်ခြင်အောက်မေ့ရမည်။

"အဟမ္ဘော ခေါ-ငါတစ်ယောက်တည်းသာ၊ မရဏဓမ္မော-သေခြင်းသဘောရှိသည်၊ န-မဟုတ်၊ မရဏံ-သေခြင်းကို၊ အနတီတော-မလွန်နိုင်သည်၊ န-မဟုတ်၊ အထခေါ-စင်စစ်သော်ကား၊ သဗ္ဗေသတ္တာ-ဇာတိရှိကြသော အလုံးစုံသော သတ္တဝါတို့သည်၊ မရဏဓမ္မာ-သေခြင်းသဘောရှိကြကုန်၏။ မရဏံ-သေခြင်းသဘောကို၊ အနတီတာ-မလွန်နိုင်ကြကုန်၊ သေကြရကုန်အံ့" ဟူ၍လည်း ဆင်ခြင်အောက်မေ့ရာ၏။

<u>ရှုပွားရန်လင်္ကာ</u>

၁။ ငါတစ်ယောက်သာ၊ ဝ, ကွက်ကာ၊ သေတာမဟုတ်ပါ။
၂။ သတ္တဝါအားလုံး၊ သေကြဆုံး၊ မှတ်ထုံးမမေ့တာ။

## ရှေးဆရာတော်ကြီးများ ပွားများနည်း

**အနိစ္စံ မေ ဇီဝိတိန္ဒြိယံ၊ အနိစ္စာယ မရိဿန္တိ၊**
**မရဏန္တံ ဂမိဿာန၊ ဤမံ ကာယံ ခိပိဿန္တိ၊**

မေ-ငါ၏။ ဇီဝိတိန္ဒြိယံ၊ အသက်ခေါ်ကြား ဇီဝိတ တရားသည်။ အနိစ္စံ-ဖြစ်လာ ပျက်စဲ၊ အမြဲမရှိချေ၊ အနိစ္စာယ-အမြဲမရှိသောကြောင့်၊ မရိဿန္တိ၊ တစ်နေ့သေကြရဦးမည်၊ မရဏန္တံ-သေခြင်းအဆုံးသို့၊ ဂမိဿာန၊ ရောက်ကြကုန်၍ ဤမံကာယံ-ဤခန္ဓာကိုယ်ရုပ်၊ အကောင်ပုပ်ကြီးကို၊ ခိပိဿန္တိ-သုသာန်တစ၊ သင်္ချိုင်းဝ၌ တစ်နေ့ ပစ်ချရကြပေလိမ့်မည်၊ (အနိစ္စာ မေ ပဥ္စက္ခန္ဓာကို အနိစ္စံ မေ ဇီဝိတိန္ဒြိယံ-ဟု ပြင်ထား၏)

ဤဆိုခဲ့ပြီးသည့်အတိုင်း နှလုံးသွင်းဆင်ခြင်ရုံမျှဖြင့် ဥပစာရ ဈာန်သို့ မရောက်သေးလျှင် ယောဂီသည် (၁)ရှေ့ရှု ကပ်လျက်တည်နေသော လူသတ်သမားအားဖြင့် လည်းကောင်း။ (၂) ပြည့်စုံခြင်း ပျက်စီးခြင်းအားဖြင့်လည်းကောင်း။ (၃) သေခြင်းကို အနီးသို့ ဆောင်သောအားဖြင့်လည်းကောင်း။ (၄) ရုပ်ခန္ဓာ၏ သတ္တဝါအများတို့နှင့် ဆက်ဆံသောအားဖြင့်လည်းကောင်း။ (၅) အသက်၏အားနည်းသောအားဖြင့်လည်းကောင်း။ (၆) သေခြင်း၏ အမှတ်နိမိတ်မရှိသောအားဖြင့်လည်းကောင်း။ (၇) အသက်

တမ်း အပိုင်းအခြားအားဖြင့်လည်းကောင်း။ (၈) ရှင်ဆဲခဏ၏ တိုတောင်းသောအားဖြင့်လည်းကောင်း ဤအခြင်းအရာ (၈)ပါးတို့ဖြင့် သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်ရာ၏ဟု ဝိသုဒ္ဓိမဂ်၌ဆို၏။

## ၁။ ရှေ့ရှုကပ်နေသော လူသတ်သမားကဲ့သို့ရှုပုံ

သူသတ်သမားသည် "ဤသူ၏ ဦးခေါင်းကို ဖြတ်မည်ဟု သန်လျက်ကိုစွဲကိုင်ပြီးလျှင် သတ်မည့်သူ၏လည်ပင်းဆီသို့ သန်လျက်ဖြင့်ခုတ်သတ်မည့်အသွင်ဖြင့် သွားကာ အနီး၌ရှေ့ရှု ရပ်တည်နေဘိသကဲ့သို့၊ ဤအတူသေခြင်းသည်လည်း အနီး၌ ကပ်လျက်တည်နေသည်သာ" ဟု အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်ရမည်၊ အကြောင်းသော်ကား ဘဝတစ်ခု၌ ပဋိသန္ဓေ နေခြင်းဇာတိသည် အိုခြင်း သေခြင်းတို့ကို တပါတည်းယူဆောင် လာသောကြောင့် ဖြစ်ပေသည်။

ဥပမာအားဖြင့် ထွက်လာသောနေသည် နောက်ပြန် ဆုတ်ခြင်းမရှိဘဲ ဝင်ရာအရပ်သို့ ရှေ့ရှုသွားနေသကဲ့သို့ လည်းကောင်း၊ တောင်ကျချောင်းရေသည် အနည်းငယ်မျှ နောက်သို့ ပြန်မဆုတ်ဘဲ ရှေ့သို့သာ လိမ့်ကာစီးဆင်းသွား သကဲ့သို့လည်းကောင်း၊ ထို့အတူ သတ္တဝါဟူသမျှ ဖြစ်လာချိန်မှ

စ၍ ခဏာတာမျှသော်လည်း ပြန်မဆုတ်ဘဲ သေခြင်းဆီသို့ ရှေ့ရှု ချီတက်လျက်သာ သွားနေပေသည်။

မှည့်နေကြသော သစ်သီးတို့မှာ နံနက်ခင်းတွင် ကြွေကျ ဆင်းသက်ရတော့မည့် ကြောက်ဖွယ်ဘေးရှိသကဲ့သို့ ထို့အတူ ပဋိသန္ဓေအားဖြင့် ဖြစ်လာကြကုန်သော သတ္တဝါတို့အား သေခြင်းဟူသော ကြောက်မက်ဖွယ်ရာ ဘေးသည် အမြဲရှိနေ၏။

အိုးထိန်းသည် ပြုလုပ်ပြီးသော အငယ် အကြီး မီးဖုတ်ပြီး၊ မဖုတ်ရသေးသော မြေအိုးမြေခွက်ဟူသမျှသည် ကွဲပျက်ခြင်းလျှင် အဆုံးရှိသကဲ့သို့၊ ထို့အတူ သတ္တဝါတို့၏ အသက်သည်လည်း ပျက်စီးခြင်းလျှင် အဆုံးရှိချေ၏။

နေထွက်လာခြင်းကြောင့် မြက်ဖျား၌ နှင်းပေါက်သည် သွေ့ခြောက်ကွယ်ပျောက်သွားသကဲ့သို့ ထို့အတူ လူတို့၏ အသက်သည် သေလွယ်ပျောက်လွယ်လှ၏။

## ဆင်ခြင်ရန်လင်္ကာများ

(၁) ငါ၏အသက်၊ ပေါ်လာထွက်၊ ယွင်းပျက်မမြဲချေ။

(၂) သေခြင်းသည်သာ၊ ငါ့တွက်တာ၊ မြဲစွာရှိလျက်နေ။

(၃) ငါသည်ဧကန်၊ သေဖို့ရန်၊ အမှန်မုချပေ။

(၄) ဇီဝိတဟူ၊ အသက်မူ၊ ဘယ်သူမြဲမရှိ။
(၅) မမြဲတတ်ချေ၊ သေရလေ၊ မြဲပေမှတ်သားဘိ။
(၆) ငါတစ်ယောက်သာ၊ ဝ,ကွက်ကာ၊ သေတာမဟုတ်ပါ။
(၇) သတ္တဝါအားလုံး၊ သေကြဆုံး၊ မှတ်ထုံးဓမ္မတာ။
(၈) သူသတ်သမား၊ သတ်သူနား၊ ကပ်သွားရပ်တည်ချေ။
ထိုနည်းမခြား၊ သေခြင်းကား၊ ငါနားကပ်လျက်နေ။
(၉) နေ, ရေ ထွက်လာ၊ ရှေ့သို့သာ၊ နောက်မှာဆုတ်မရှိ။
ဇာတိဖြစ်လာ၊ ရှေ့သို့သာ၊ သေရွာရှေ့ရှုဘိ။
(၁၀) ထန်းသီးမှည့်ဝင်း၊ နံနက်ခင်း၊ ကြွေခြင်းဘေးရန်ရှိ။
ထိုနည်းတူစွာ၊ သတ္တဝါ၊ မြစွာသေဘေးရှိ။
(၁၁) အိုးထိန်းသည်လုပ်၊ အိုးခွက်မှုတ်၊ တစ်မုဟုတ်ကွဲပျက်မှာ။
ထိုနည်းတူစွာ၊ အသက်ဟာ၊ ပျက်ကာဆုံးရမှာ။
(၁၂) နေခြည်ကျရောက်၊ ဆီးနှင်းပေါက်၊ ကွယ်ပျောက်ချက်ခြင်းသာ၊
ထိုနည်းစွာ၊ လူ,သက်မှာ၊ ပျက်တာလွယ်လှပါ။

## ၂။ ပြည့်စုံခြင်း၊ ပျက်စီးခြင်း အားဖြင့်ရှုပုံ

လောက၌ ပြည့်စုံမှု၊ စည်းစိမ် ချမ်းသာဟူသမျှသည် ပျက်စီးခြင်း (ဝိပတ္တိ)သာ အဆုံးရှိ၏။ အနာရောဂါ ကင်းခြင်း

သည်လည်း တစ်ကင်းတည်းကင်း၍မနေ၊ အနာရောဂါ ဖြစ်ခြင်းသာ အဆုံးရှိ၏။ နောက်ဆုံး သေခါနီးမှာ မည်သူမဆို ရောဂါဖြစ်ရ၏။

အရွယ်ပျိုခြင်းသည် တစ်ပျိုထဲပျို၍မနေ၊ အိုခြင်းသာ နောက်ဆုံးရှိ၏၊ အသက်ရှင်ခြင်းသည်လည်း (တစ်ရှင်တည်း ရှင်၍မနေ) သေခြင်းသည်သာ နောက်ဆုံးရှိ၏။ ဤသို့လျှင် "ပြည့်စုံမှု သမ္ပတ္တိဟူသမျှသည် ပျက်စီးမှု ဝိပတ္တိသာ အဆုံးရှိ၏" ဟု နှလုံးသွင်းမှုသည် သေခြင်းသဘော (မရဏ) ကို အမှတ်ရ နေခြင်းပင်ဖြစ်၏။

နှလုံးသွင်းရန်လင်္ကာများ

၁။ စည်းစိမ် သင်းပင်း ပြည့်စုံခြင်းကား၊ ကွေကွင်း နောက်ဆုံး ရှိချေ၏။

၂။ ရောဂါကင်းရှင်း ကျန်းမာခြင်းကား၊ နာခြင်း နောက်ဆုံး ရှိချေ၏။

၃။ နုနယ်ရုပ်ဆင်း ပျိုမျစ်ခြင်းကား၊ အိုခြင်း နောက်ဆုံး ရှိချေ၏။

၄။ ဇီဝိန်တင်းလင်း သက်ရှင်ခြင်းကား၊ သေခြင်း နောက်ဆုံးရှိချေ၏။

## ၃။ အနီးသို့ဆောင်သောအားဖြင့်ရှုပုံ

အနီးသို့ဆောင်သောအားဖြင့် ဆိုသည်မှာ သေလေကုန်သော သူတစ်ပါးတို့ကို စံထား၍ မိမိ၏ သေခြင်း နီးကပ်နေသည့် သဘောကို အောက်မေ့ခြင်းဖြစ်သည်၊ ထိုသို့ အောက်မေ့ ရာ၌ (က) အခြံအရံများခြင်းအားဖြင့်လည်းကောင်း၊ (ခ) ဘုန်းကံကြီးမားခြင်းအားဖြင့်လည်းကောင်း၊ (ဂ) ခွန်အားကြီးမားခြင်းအားဖြင့်လည်းကောင်း၊ (ဃ) တန်ခိုးကြီးခြင်းအားဖြင့်လည်းကောင်း၊ (င) ပညာကြီးခြင်းအားဖြင့်လည်းကောင်း၊ (စ) ပစ္စေကဗုဒ္ဓါအားဖြင့်လည်းကောင်း၊ (ဆ) သမ္မာသမ္ဗုဒ္ဓ ဘုရားအားဖြင့်လည်းကောင်း၊ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရ၏။

(က) မဟာသမ္မတမင်း၊ မန္ဓာတ်မင်းစသော မင်းမြတ်တို့သည် များစွာသော အခြံအရံ အကျော်အစော စည်းစိမ်ဥစ္စာရှိကြကုန်၏၊ ထိုမင်းမြတ်တို့ပင်သော်မှလည်း သေမင်း၏ အလိုသို့ ရောက်ကြရတုံသေး၏။ ငါကဲ့သို့သော သာမန် ပုဂ္ဂိုလ်တို့၌ အဘယ်မှာ ဆိုဖွယ်ရာရှိချေအံ့နည်း၊ ဧကန်လိုက်ရမည်သာ။

(ခ) ဇောတိကသူဌေးကြီး၊ ဇဋိလသူဌေးကြီး၊ မေဏ္ဍကသူဌေးကြီး၊ ပုဏ္ဏသူဌေးကြီးဟူသော သေဌေးကြီးတို့သည်

လည်းကောင်း၊ လောက၌ ဘုန်းကံကြီးမားသည်ဟု ကျော်စော ကုန်သောအနာထပိဏ်၊ မနဥ္စယအစရှိကုန်သော အခြားသူဌေး သူကြွယ်တို့သည်လည်းကောင်း ထိုအလုံးစုံသော ပုဂ္ဂိုလ်ကြီးတို့ ပင်သော်လည်း သေခြင်းသို့ရောက်ကြရလေကုန်ပြီ၊ ငါကဲ့သို့သော သာမန်ပုဂ္ဂိုလ်တို့၌ အဘယ်မှာ ဆိုဖွယ်ရာရှိချေအံ့နည်း ဧကန် သေရမည်သာ။

(ဂ) ဝါသုဒေဝမင်း၊ ဗလဒေဝမင်း၊ ဘီမသေနမင်း၊ ယုဓိဋ္ဌိလမင်းစသော ခွန်အားဗလကြီးသူတို့သည် သေမင်း၏ အလိုနိုင်ငံသို့ ရောက်ကြရလေကုန်ပြီ၊ ငါကဲ့သို့သော သာမန် ပုဂ္ဂိုလ်တို့၌ အဘယ်မှာ ဆိုဖွယ်ရာရှိချေအံ့နည်း၊ ဧကန်မုချ သေရမည်သာ။

(ဃ) တန်ခိုးအလွန်ကြီး၍ တန်ခိုးအရာ ဧတဒဂ် ရတော်မူသော လက်ဝဲတော်ရံ၊ အရှင်မဟာမောဂ္ဂလာန် မထေရ်သော်မှလည်း ခြင်္သေ့၏ခံတွင်းသို့ ဝင်ရသော သမင်ကဲ့သို့ သေမင်း၏ခံတွင်းသို့ တန်ခိုးတော်များနှင့်တကွ ဝင်ရတုံသေး၏။ ငါကဲ့သို့သော သာမန် ပုဂ္ဂိုလ်တို့၌ အဘယ်မှာဆိုဖွယ်ရာ ရှိချေအံ့နည်း၊ သေမင်းခံတွင်းသို့ ဧကန်ဝင်ရမည်သာ။

(င) မြတ်စွာဘုရားမှတစ်ပါး ရှိရှိသမျှသတ္တဝါတို့၏ အသိဉာဏ်ပညာတို့သည် အရှင်သာရိပုတ္တရာ ဉာဏ်ပညာတော်၏ တစ်ဆယ့် ခြောက်စိတ် တစ်စိတ်ကိုမျှ မမှီနိုင်ကုန်၊ ဤကဲ့သို့ ဉာဏ်ပညာတော်ကြီး၍ ပညာအရာ၌ ဧတဒဂ် ရတော်မူသော လက်ယာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသော်မှလည်း သေမင်း၏အလို နိုင်ငံသို့ ရောက်ရတုံသေး၏၊ ငါကဲ့သို့သော သာမန်ပုဂ္ဂိုလ်တို့၌ အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း၊ သေမင်း၏ အလိုနိုင်ငံသို့ ဧကန် ရောက်ရမည်သာ။

(စ) အလုံးစုံသော ကိလေသာ ရန်သူတို့ကို ချေမှုန်း ပယ်ဖျက်တော်မူကြလျက် ပစ္စေကဗောဓိဉာဏ်သို့ ရောက်တော် မူကြကုန်သော ကိုယ်ပိုင်ဉာဏ်ဖြင့်သာ သစ္စာကို သိတော် မူကြသဖြင့် သယမ္ဘူ မည်တော်မူကြကုန်သော ပစ္စေက ဗုဒ္ဓါအရှင်မြတ်တို့သည် ရှိကြကုန်၏။ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ပင်သော်မှလည်း သေခြင်းမှ မလွတ်ကြလေကုန်၊ ငါကဲ့သို့သောသာမန်ပုဂ္ဂိုလ်တို့၌ အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း၊ သေခြင်းမှဧကန်မလွတ်နိုင်သည်သာ။

(ဆ) ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် တန်ဆာဆင်အပ်ကုန်သော

သုံးဆယ်နှစ်ပါးသော မဟာပုရိသ လက္ခဏာတော်ကြီးတို့ဖြင့် ဆန်းကြယ်သော ရူပကာယတော်နှင့်လည်း ပြည့်စုံတော်မူပေ၏၊ ထက်ဝန်းကျင် စင်ကြယ်ကုန်သော သီလတော်အစ စသောဂုဏ်ရတနာတို့ဖြင့်ပြီးသော ဓမ္မကာယတော်နှင့်လည်း ပြည့်စုံတော်မူပေ၏၊ အခြံအရံ များသူ၏အဖြစ်၊ ဘုန်းကံ ကြီးမားသူ၏အဖြစ်၊ ခွန်အားကြီးမားသူ၏အဖြစ်၊ တန်ခိုးကြီးသူ၏အဖြစ်၊ ပညာကြီးသူ၏အဖြစ်တို့၏ အခေါင်အထိပ် တစ်ဖက်ကမ်းသို့ ရောက်တော်မူ၏၊ တူသူမရှိသော ရှေးဘုရား၊ နောင်ပွင့်မည့် ဘုရားတို့နှင့်သာ တူတော်မူ၏၊ ပြိုင်ဘက်တူသူ မရှိချေ၊ ကိလေသာတို့မှ ဝေးကွာစွာ စင်ကြယ်တော်မူ၏၊ ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်စွာသိတော်မူပေ၏။

ထိုကဲ့သို့သော မြတ်စွာဘုရားရှင်သော်မှလည်း မိုးသည်းထန်စွာ ရွာချခြင်းကြောင့် ငြိမ်းလေပြီးသော မီးပုံကြီးကဲ့သို့ သေခြင်းဟူသော မိုးကျခြင်းကြောင့် တစ်ခဏခြင်းပင် ပရိနိဗ္ဗာန်ဝင်စံတော်မူရသေး၏။ ဤသေခြင်းသည် ငါကဲ့သို့သော သတ္တဝါကို အဘယ့်ကြောင့် မလွှမ်းမိုး မနှိပ်စက်ဘဲ ရှိကုန်အံ့နည်း။ ဤသို့ သမ္မာသမ္ဗုဒ္ဓ ဘုရား၏ ဖြစ်ပုံ အားဖြင့်လည်း သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင် ရပေသည်။

ဤပြဆိုခဲ့သည့်အတိုင်း အခြံအရံများခြင်း စသည်တို့နှင့် ပြည့်စုံကုန်သော အခြားပုဂ္ဂိုလ်တို့နှင့် သေခြင်းဟူသော တူညီခြင်း

အမှတ် .... ..... .....
ရက်စွဲ ....... .......



ရှိသည်၏အဖြစ်ဖြင့် မိမိကိုယ်ကို သေခြင်းသို့ ကပ်ဆောင်၍ ထိုပုဂ္ဂိုလ်ထူးကြီးများ၏ သေခြင်းကဲ့သို့ ငါ့အားလည်း သေရခြင်းသည် ဖြစ်လတ္တံ့ဟု အဖန်တလဲလဲ အောက်မေ့ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား ဥပစာရသို့ရောက်သော ကမ္မဋ္ဌာန်းသည် ဖြစ်၏။ သို့ဖြစ်၍ ဤဆိုခဲ့သည့်အတိုင်း အဖန်တလဲလဲအောက်မေ့ ဆင်ခြင်ရသည်။

ပွားများရန်လင်္ကာများ

၁။ ဥစ္စာပေါများ၊ သူဌေးကား၊ များစွာသေလေပြီ။
ဥစ္စာနည်းပါး၊ ငါ့မှာကား၊ ခုလားသေမည် မသိပြီ။
၂။ ခြွေရံပေါများ၊ စိုးရကား၊ များစွာသေလေပြီ။
ခြွေရံနည်းပါး၊ ငါ့မှာကား၊ ခုလားသေမည် မသိပြီ။
၃။ ဝါသုဒေဝ၊ အားကြီးလှ၊ သေရရှာလေပြီ။
အားခွန်နည်းပါး၊ ငါ့မှာကား၊ ခုလားသေမည် မသိပြီ။
၄။ ရောဂါကင်းရာ၊ ဗာကုလာ၊ ခေမာနိဗ္ဗာန်စံလေပြီ။
ရောဂါလွန်များ၊ ငါ့မှာကား၊ ခုလားသေမည် မသိပြီ။
၅။ တန်ခိုးပြင်းထန်၊ မောဂ္ဂလာန်၊ နိဗ္ဗာန်စံလေပြီ။
တန်ခိုးနည်းပါး၊ ငါ့မှာကား၊ ခုလားသေမည် မသိပြီ။
၆။ ပညာကြီးစွာ၊ သာရိပုတ္တရာ၊ ခေမာနိဗ္ဗာန်စံလေပြီ။
ပညာနည်းပါး၊ ငါ့မှာကား၊ ခုလားသေမည်မသိပြီ။

၇။ သီလဂုဏ်ကြီးရာ၊ ပစ္စေကာ၊ ခေမာနိဗ္ဗာန် စံလေပြီ။
သီလဂုဏ်နည်းပါး၊ ငါ့မှာကား၊ ခုလားသေမည်
မသိပြီ။

၈။ ခပ်သိမ်းဉာဏ်၊ ပြည့်စုံတော်မူ၊ သဗ္ဗညူ၊ နိဗ္ဗူစံလေပြီ၊
လုံးစုံနည်းပါး၊ ငါ့မှာကား၊ ခုလားသေမည် မသိပြီ။

၉။ ငါ့နှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေခြင်း
များလှပြီ။
ဖြစ်ပြီးပျက်ခြင်း၊ လျှင်မြန်ခြင်း၊ သေခြင်းငါလည်း
နီးလှပြီ။

၁၀။ မရဏဘေးကြီး၊ အလွန်နီး၊ ခုလည်းသေမည် မသိပြီ။
ခုမသေခင်၊ မဂ်ဖိုလ်ပင်၊ လျင်မြန်ရောက်အောင်
အားထုတ်မည်။
မဂ်ဖိုလ်ရမှ၊ နိဗ္ဗာန၊ နိစ္စချမ်းသာမည်။
(နိဗ္ဗာနမဂ္ဂဘေဒနီ ၂၁၂။)

## ၄။ ခန္ဓာကိုယ်၏ သတ္တဝါအများနှင့်ဆက်ဆံသောအားဖြင့်ရှုပုံ

ဤခန္ဓာကိုယ်၌ ပိုးမျိုးရှစ်ဆယ်ရှိ၏၊ အရေပါး၌ နေကုန်သော ပိုးတို့က အရေပါးကို စားကြသကဲ့သို့ အရေထူ၌နေသော ပိုး အသား၌နေသောပိုး၊ အကြော၌နေသောပိုး၊ အရိုး၌နေသော

ပိုး၊ ခြင်ဆီ၌နေသောပိုးတို့သည် မိမိတို့နေရာ အရေထူစသည်တို့ကို စားကြကုန်၏။ ဤကိုယ်သည်ပင် ထိုပိုးတို့၏ သားဖွားခန်းလည်းဖြစ်၏၊ သူ့အိုရုံ သူ့နာရုံလည်းဖြစ်၏၊ သုသာန်လည်းဖြစ်၏။ ကျင်ကြီးအိမ်လည်းဖြစ်၏။ ကျင်ငယ်အိမ် လည်းဖြစ်၏။ ထိုပိုးမျိုးတို့၏ ပျက်စီးခြင်းကြောင့်လည်း သေဆုံးရ၏။ ဤခန္ဓာကိုယ်၌ ဤမျှမကသေး သေစေနိုင်သော ရောဂါအမျိုးမျိုးလည်း မကြာခဏဖြစ်ပေါ်လေ့ရှိ၏၊ ပြင်ပရန်များ ဖြစ်သော မြွေ၊ ကင်းစသည်တို့ကြောင့်လည်းသေနိုင်၏။ ဥပမာအားဖြင့် လမ်းလေးခွဆုံ၌ စိုက်ထားသော ပစ်ကွင်း မှတ်တိုင်နှင့်တူ၏။ အရပ်မျက်နှာ အားလုံးတို့မှ ပစ်လွှင့်လိုက်ကြသည် မြား၊ လှံ၊ ခက်ရင်း၊ ကျောက်တုံး၊ ကျောက်ခဲစသည်တို့သည် ထိုပစ်ကွင်းမှတ်တိုင်၌ချည်း ကျရောက်ထိမှန်ကြသကဲ့သို့ ခန္ဓာကိုယ်၌လည်း အားလုံးသောဘေးရန်တို့ ကျရောက်သဖြင့် သေဆုံးရကြကုန်၏။

ငါ့မှာသေခြင်း အကြောင်းတို့သည် များလှကုန်၏၊ မြွေ၊ ကင်းမြီးကောက် ကင်းခြေများတို့ ကိုက်၍လည်း သေနိုင်၏။ ချော်လဲ၍ဖြစ်စေ စားထားသည့်အစာ ဖောက်ပြန်၍ဖြစ်စေ၊ သည်းခြေ၊ သလိပ်တို့ပျက်၍ဖြစ်စေ၊ လေသင်မုန်းဖြတ်၍ဖြစ်စေ သေနိုင်၏ဟု ရဟန်းသည် ညဉ့်အချိန်ရောက်သည့်အခါ သေခြင်းတရားကို ဆင်ခြင်ရ၏ဟု မြတ်စွာဘုရားဟောကြားထား၏။

ဤဆိုခဲ့ပြီးသည့်အတိုင်း ဤခန္ဓာကိုယ်ကြီးသည် သေစေတတ်သော အကြောင်းများနှင့်ဆက်ဆံသော နည်းဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရသည်။

ဆောင်ပုဒ်လင်္ကာ

(၁) ခန္ဓာကိုယ်ဝယ်၊ သေကြောင်းကျယ်၊ တကယ်များလှလေ

(၂) လမ်းလေးခွဆုံ၊ စိုက်ထားတုံ၊ တူပုံ ပစ်ကွင်းပေ။

(၃) အားလုံးရပ်ဘက်၊ ပစ်လွှင့်ချက်၊ လက်နက်မှန်မြဲမသွေ။

(၄) ပစ်ကွင်းအလား၊ ဤကိုယ်အား၊ မှတ်သားပုံသက်သေ။

(၅) ဘေးရန်တွင်းပ၊ နှိပ်စက်က၊ သေရချက်ချင်းပေ။

၅။ အားနည်းသောအသက်ဖြစ်ခြင်းအားဖြင့် ရှုဆင်ခြင်ပုံ

သတ္တဝါတို့၏ အသက်မှာ အားမရှိ အားနည်း၏၊ မှန်၏။ သတ္တဝါတို့၏ အသက်ရှင်မှုသည် ထွက်သက် ဝင်သက်တို့နှင့်လည်း သက်ဆိုင်၏။ ဣရိယာပုတ်တို့နှင့်လည်း သက်ဆိုင်၏။ အအေးအပူတို့နှင့်လည်း သက်ဆိုင်၏၊ မဟာဘုတ်တို့နှင့်လည်း သက်ဆိုင်၏၊ အာဟာရနှင့်လည်း သက်ဆိုင်၏၊ အသက်သည် ထွက်သက် ဝင်သက်တို့ အညီအမျှဖြစ်မှသာ ဆက်လက်ရှည်နိုင်

၏၊ ထွက်လေသည် အတွင်းသို့ မဝင်သည်ဖြစ်စေ၊ ဝင်လေသည် မထွက်သည်ဖြစ်စေ၊ သတ္တဝါသေသည်မည်၏၊ ဣရိယာပုတ်လေးပါး ညီညွတ်မှသာ အသက်ဆက်လက်ရှည်နိုင်၏။ တစ်ပါးပါး လွန်ကဲသွားခဲ့သော် ရုပ်နာမ်ပြတ်စဲ၍ သေပွဲဝင်ရ၏။ အပူအအေး ညီမျှမှသာ အသက်ဆက်လက်ရှည်နိုင်၏၊ အလွန်ပူခြင်း၊ သို့မဟုတ် အလွန်အေးခြင်း နှိပ်စက်ခံရလျှင် အသက်ပျက်စီးတတ်၏၊ မဟာဘုတ်ခေါ် ဓါတ်ကြီးလေးပါး ညီမျှမှသာ အသက်ဆက်လက် တည်နိုင်၏၊ ပထဝီဓာတ်စသော ဓာတ်တစ်ပါးပါး ပျက်ခဲ့လျှင် အသက်ကုန်ဆုံးတတ်၏။ အာဟာရကို အချိန်မှီစားရမှသာ အသက်ဆက်လက် တည်နိုင်၏၊ အာဟာရကို မရလျှင် အသက်သေဆုံးရတတ်၏။ ဤသို့အသက်၏ အားနည်းသောအားဖြင့် သေခြင်းသဘောကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရပေသည်။

## ဆောင်ပုဒ်လင်္ကာ

(၁) အားနည်းသည့်အတွက်၊ ဤအသက်၊ ငါးချက်၊ သေကြောင်းပေ။

(၂) ထွက်သက်ဝင်သက်၊ မဝင်ထွက်၊ အသက်သေရချေ။

(၃) ဣရိယာတစ်ပါး၊ လွန်ကဲသွား၊ ဆက်ကားသက်မရှည်။

(၄) ပူအေးနှစ်တန်၊ လွန်ကဲပြန်၊ ဧကန်သေရပေ။
(၅) ဓာတ်ကြီးတစ်ပါး၊ ပျက်တုံငြား၊ ကုန်သွားအသက်ပေ။
(၆) အာဟာရချိန်မီ၊ မစားပြီ၊ မရှည်အသက်သေ။

## ၆။ မသိနိုင်သော အမှတ်နိမိတ်အားဖြင့် ရှုဆင်ခြင်ပုံ

သတ္တဝါတို့အား အပိုင်းအခြားဟူသော အမှတ်နိမိတ် မရှိသောအရာ ငါးမျိုးရှိ၏၊ ထိုငါးမျိုးမှာ (၁) အသက်အပိုင်း အခြား၊ (၂) အနာရောဂါအမျိုးအစား၊ (၃) အချိန်ကာလ၊ (၄) ကိုယ်ကောင်ပစ်ချရာအရပ်၊ (၅) လားရောက်ရမည့် ဂတိတို့ ဖြစ်၏။ ဤငါးမျိုးတို့ကို သတ္တလောက၌ အမှတ်နိမိတ်ဟူသော အပိုင်း အခြားမရှိကြသောကြောင့် မသိအပ်၊ မသိနိုင်ကြကုန်။

အတန်ငယ် ချဲ့ပြဦးအံ့ အသက်သည် ဤမျှသာရှင်နိုင်၏၊ ဤထက်ပိုမရှင်နိုင်ဟု သိနိုင်သောအပိုင်းအခြား အမှတ်နိမိတ် မရှိချေ၊ သတ္တဝါတို့သည် ကလလရေကြည်ကာလ၌လည်း သေကြ၏။ အမြှုပ်ကာလ အခဲကာလ တစ်လအတွင်း၊ နှစ်လ၊ သုံးလ၊ လေးလ၊ ငါးလ၊ ဆယ်လ၊ ကာလတို့၌လည်း သေကြ၏။ မွေးဖွားပြီးစ ကာလ၌လည်း သေကုန်၏။ အနှစ်တစ်ရာအတွင်း ၌လည်း သေကြ၏။ ရာကျော်ကာလ၌လည်း သေကုန်၏၊ ဤသို့ ဘယ်အသက်မှာသေမည်ဟု အပိုင်းအခြားအမှတ် နိမိတ်မရှိပေ။

အနာရောဂါနှင့် ပတ်သက်ရာ၌လည်း ဤအနာဖြင့်သာလျှင် သတ္တဝါတို့သည် သေကြ၏၊ အခြားအနာဖြင့်မသေဟု သိနိုင်ကြောင်း အပိုင်းအခြားအမှတ် နိမိတ်မရှိချေ၊ မျက်စိရောဂါဖြင့်လည်းသေနိုင်ကြ၏၊ နားရောဂါ စသည်တို့တွင် တစ်မျိုးမျိုးဖြင့်လည်း သေကြ၏၊ ဤသို့ဘယ်အနာဖြင့် သေမည်ဟု အပိုင်းအခြား အမှတ်နိမိတ်မရှိချေ။

သေရမည့်အချိန်ကာလနှင့် ပတ်သက်၍လည်း နံနက်ပိုင်းစသောကာလ၌သာ သေနိုင်၏၊ အခြားကာလ၌ မသေနိုင်ဟု သိနိုင်သည့်အပိုင်းအခြား အမှတ်နိမိတ်မရှိချေ။ နံနက်ပိုင်း၌လည်း သေကြကုန်၏။ နေ့လယ်ပိုင်းစသည်တို့တွင် အမှတ်မထား တစ်ပါးပါးသော ကာလ၌လည်း သေကြကုန်၏။ ဤသို့ ဘယ်အချိန်တွင် သေမည်ဟု အပိုင်းအခြား အမှတ်နိမိတ် မရှိပါချေ။

ကိုယ်ကောင်ပစ်ချရာအရပ်နှင့် ပတ်သက်၍လည်း သေသူ၏ ကိုယ်ကောင်သည် ဤအရပ်၌သာ ကျရာ၏၊ အခြားအရပ်၌ မကျရာဟု သိနိုင်သည့် အပိုင်းအခြား အမှတ်နိမိတ် မရှိချေ။ ရွာထဲ၌ မွေးသူတို့၏ ကိုယ်ကောင်သည် ရွာပြင်၌လည်း ကျတတ်၏။ ရွာပြင်၌ မွေးသူတို့၏ ကိုယ်ကောင်သည် ရွာထဲ၌လည်း ကျတတ်၏။ ထို့အတူ ကုန်း၌မွေးသူတို့၏ ကိုယ်ကောင်သည်

ရေ၌ကျတတ်၏။ ရေ၌မွေးသူတို့၏ ကိုယ်ကောင်သည် ကုန်း၌ ကျတတ်၏ စသည်ဖြင့် ဘယ်အရပ်တွင် ကိုယ်ကောင်ပစ်ချရမည် (ဝါ) ကျမည်ဟု အပိုင်းအခြား အမှတ်နိမိတ် မရှိပါချေ။

လားရောက်ရမည့် ဂတိနှင့်ပတ်သက်၍လည်း ဤလူ့ပြည်၌ စုတေသူသည် ဤလူ့ပြည်၌ ဖြစ်ရာ၏ စသည်ဖြင့် သိနိုင်သည့် အပိုင်းအခြား အမှတ်နိမိတ်မရှိချေ။ နတ်ပြည်မှ စုတေကြသူတို့သည် လူဖြစ်လာကြ၏။ လူ့ပြည်မှစုတေသူတို့သည် နတ်ပြည် စသည်တို့တွင် တစ်ပါးပါး၌လည်း ဖြစ်ကြကုန်၏။ ဤသို့ စသည်ဖြင့် ဆုံလည်နွားပမာ လူ၊ နတ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ဟူသော ဂတိငါးဖြာ၌ အပြန်ပြန်လည်လျက် ဖြစ်ကြ၏။ ဤသို့ အဘယ်ဂတိသို့ လားရောက်ရမည်ဟု အပိုင်းအခြား အမှတ် နိမိတ် မရှိပါချေ။

ဤပြဆိုခဲ့သည့်နည်းအတိုင်း အပိုင်းအခြားဟူသော အမှတ် နိမိတ် မရှိသောအားဖြင့် သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်ရမည်။

## ၇။ အသက်တမ်း အပိုင်းအခြားအားဖြင့် ရှုဆင်ခြင်ပုံ

လူတို့၏ အသက်ရှင်သည့် အခွင့်ကာလကား နည်းပါးလှ၏။ တိုတောင်းလှ၏၊ အသက်အရှည်ဆုံးလူသည် အနှစ်တစ်ရာ၊ အနှစ်တစ်ရာ ကျော်ကျော်မျှသာရှည်၏။ ထို့ကြောင့် ဘုရားရှင်က

"ရဟန်းတို့ . . . လူတို့၏ အသက်သည် နည်းစွ၊ တိုတောင်းစွ၊ (မကြာမီမှာပင်)နောင်တမလွန် လောကသို့သွားရချေမည်၊ ကုသိုလ်ကို ပြုသင့်၏၊ မြတ်သောအကျင့်ကို ကျင့်သင့်၏၊ ဘဝအသစ်ဖြစ်ပြီးသောသူ၏ မသေခြင်း မည်သည်မရှိ။

ရဟန်းတို့ . . . လောက၌ အသက်အရှည်ဆုံး လူသည် အနှစ်တရာ၊ အနှစ်တစ်ရာထက် ပိုလွန်၍ အနည်းငယ်သော်လည်း အသက်ရှည်၏"ဟု သံယုတ်ပါဠိတော်၌ ဟောတော်မူ၏။

### ရဟန်း ၆ ပါးတို့၏ မရဏာနုဿတိ ကမ္မဋ္ဌာန်း

ဤနေရာ၌ ဆက္ကအင်္ဂုတ္တရပါဠိတော် ပထမ မရဏဿတိ သုတ်လာ ရဟန်း ၆ ပါးတို့ မရဏဿတိကမ္မဋ္ဌာန်း အောက်မေ့စီးဖြန်းပုံကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ထုတ်နုတ်ဖော်ပြထားသည့် အတိုင်း တင်ပြပါမည်။ ဗုဒ္ဓ ရှင်တော်ဘုရားက ရဟန်း ၆ ပါးတို့ကို သင့်တို့ မရဏာနုဿတိ ဘာဝနာကို မည်သို့ ပွားများကြသနည်းဟု မေးတော်မူသည့်အခါ-

ပထမရဟန်းက "ငါသည် တစ်ညဉ့်တနေ့မျှ အသက်ရှင်နေရမူ ကောင်းလေစွ။ (ထိုကာလအတွင်း) ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် ဘုရားအဆုံးအမကို များစွာကျင့်ရသည် ဧကန်စင်စစ် ဖြစ်ရာ၏" ဟု မရဏာနုဿတိကို ပွားပါသည်ဘုရားဟု လျှောက်၏။

ဒုတိယ ရဟန်းက "ငါသည် တစ်နေ့မျှ အသက်ရှင်နေရပါမူ ကောင်းလေစွ၊ ထိုတစ်နေ့တာအတွင်း၌ ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် ဘုရားအဆုံးအမကို များစွာ ပြုကျင့်ရသည်အမှန် စင်စစ်ဖြစ်ရာ၏"ဟု မရဏာနုဿတိကို ပွားပါသည် ဘုရားဟု လျှောက်၏။

တတိယရဟန်းကမူ "ငါသည် ဆွမ်းတစ်နပ်စားချိန်အတွင်း၌ အသက်ရှင်နေရပါမူ ကောင်းလေစွ (ထိုကာလအတွင်း၌) ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် ဘုရားအဆုံးအမကို များစွာကျင့်ရသည် အမှန်စင်စစ် ဖြစ်ရာ၏"ဟု မရဏာနုဿတိကို ပွားပါသည်ဘုရားဟု လျှောက်၏။

စတုတ္ထ ရဟန်းက "ငါသည် ဆွမ်းလေးငါးလုတ်ကို ဝါးမျိုခိုက်အတွင်း၌ အသက်ရှင်နေရပါမူ ကောင်းလေစွ၊ (ထိုကာလ ၏အတွင်း၌) ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ

ငါသည် ဘုရားအဆုံးအမကို များစွာကျင့်ရသည် အမှန်စင်စစ် ဖြစ်ရာ၏”ဟု မရဏာနုဿတိကို ပွားပါသည် ဘုရားဟု လျှောက်၏။

ပဥ္စမရဟန်းကမူ “ငါသည် ဆွမ်းတစ်လုတ်ကို ဝါးမျိုခိုက် အတွင်း၌ အသက်ရှင်နေရပါမူကောင်းလေစွ (ထိုအခိုက်၌) ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ဘုရားအဆုံးအမကို များစွာ ကျင့်ရသည်အမှန်စင်စစ် ဖြစ်ရာ၏”ဟု မရဏာနုဿတိကို ပွားပါသည်ဘုရားဟုလျှောက်၏။

ဆဋ္ဌရဟန်းကမူ “ငါသည် ရှူသွင်း၍ ရှိုက်ထုတ်နေစဉ် သော်လည်းကောင်း၊ ရှိုက်ထုတ်ပြီး၍ ရှူသွင်းနေစဉ်သော် လည်းကောင်း၊ ထိုအခိုက် အတွင်း၌ အသက်ရှင်နေရမူ ကောင်းလေစွ၊ ထိုအခိုက်၌ ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် ဘုရားအဆုံးအမကို များစွာကျင့်ရသည် အမှန်စင်စစ် ဖြစ်ရာ၏”ဟု မရဏာနုဿတိကို ပွားပါသည်ဘုရားဟု လျှောက်၏။

ထိုအခါ ဘုရားရှင်က ပထမ၊ ဒုတိယ၊ တတိယ နှင့် စတုတ္ထ ရဟန်းလေးပါးတို့သည် မေ့မေ့လျော့လျော့ နေထိုင်ကြသည့် ရဟန်းတို့တည်း။ အာသဝေါတရားတို့ ကုန်ရန်အတွက် မရဏာနုဿတိကို (ထက်ထက်သန်သန်မရှိ) နှံ့နှေးစွာ ပွားများ နေကြသူတို့တည်း ပဥ္စမ၊ ဆဋ္ဌရဟန်း နှစ်ပါးတို့ကမူ မေ့လျော့

ကင်းဘိ သတိရှိစွာ နေထိုင်ကြသည့် ရဟန်းတို့တည်း၊ အာသဝေါတရားတို့ကုန်ရန်အတွက်၊ ထက်ထက်မြက်မြက် မရဏာနုဿတိကို ပွားများကြသူတို့တည်းဟု မိန့်ကြားတော်မူကာ မေ့လျော့ကင်းဘိ သတိရှိစွာ နေထိုင်ကြကုန်လျက် အာသဝေါတရားတို့ကုန်ရန်အတွက် ထက်ထက်မြက်မြက် မရဏာနုဿတိကို ပွားများအားထုတ် ကြရန် ဆုံးမဟောကြားတော်မူ၏။

ဆောင်ပုဒ်လင်္ကာ

တစ်ရက်မျှသာ၊ သက်ရှင်ပါ၊ လွန်စွာမေ့လျော့သူ။
တစ်နေ့မျှသာ၊ သက်ရှင်ပါ၊ လွန်စွာမေ့လျော့သူ။
ဆွမ်းတစ်နပ်ကြာ၊ သက်ရှင်ပါ၊ လွန်စွာမေ့လျော့သူ။
လေးငါးလုတ်မျိုကြာ၊ သက်ရှင်ပါ၊ လွန်စွာမေ့လျော့သူ။
ဆွမ်းတစ်လုပ်မျိုကြာ၊ သက်ရှင်ပါ၊ မှန်စွာမမေ့သူ။
ဝင်ထွက်နှစ်ဖြာ၊ သက်ရှင်ပါ၊ မှန်စွာမမေ့သူ။
နောက်ဆုံး နှစ်ပါး၊ မြတ်ဘုရား၊ မိန့်ကြားချီးမွမ်းသူ။

၈။ ရှင်ဆဲခဏ၏တိုတောင်းသောကာလအားဖြင့်ရှုဆင်ခြင်ပုံ

သတ္တဝါတို့၏ အသက်ရှင်ဆဲ ခဏသည် ပရမတ္ထသဘောအားဖြင့် (ဝါ) ရုပ်နာမ်တို့၏ ဖြစ်ပုံခြင်းရာ ကာလအားဖြင့် အလွန်ပင် တိုတောင်း၏။ စိတ်တစ်ချက်၏ ဖြစ်ခိုက်တန့်သာလျှင် ရှိ၏။

ဥပမာအားဖြင့် ရထားဘီးသည် လိမ့်သွားနေစဉ်လည်း အကွပ်တကူတစ်စိတ်ဖြင့် လိမ့်သွား၏၊ ရပ်နေစဉ်လည်း အကွပ်တကူတစ်စိတ်ဖြင့်သာ ရပ်တည်၏၊ ထို့အတူ သတ္တဝါတို့၏ အသက်သည် တစ်ခုသောစိတ်၏ ဖြစ်ခိုက် ခဏကာလနှင့်တူ၏၊ ထိုစိတ်ချုပ်ပျက်ကာမျှပင် သတ္တဝါသည် ချုပ်သည်၊ သေသည်ဟုခေါ်ဆိုသည်။

ဤအကြောင်းကို မြတ်စွာဘုရားက ချုပ်ပျောက်ခဲ့ပြီးသောအတိတ်စိတ်ဖြစ်ချိန်ခဏ၌ ရှင်ခဲ့ပြီ။ ရှင်ဆဲမဟုတ် ရှင်လတ္တံ့မဟုတ် မဖြစ်ပေါ်လာသေးသော အနာဂတ်စိတ်၏ ခဏ၌ရှင်လတ္တံ့ဖြစ်၏။ ရှင်ပြီးမဟုတ် ရှင်ဆဲမဟုတ်၊ အကြောင်းကိုစွဲ၍ဖြစ်ဆဲ ပစ္စုပ္ပန်၏ ခဏ၌ရှင်ဆဲဖြစ်၏။ ရှင်ပြီးမဟုတ်၊ ရှင်လတ္တံ့မဟုတ်ဟု မဟာနိဒ္ဒေသ ပါဠိတော်၌ ဟောတော်မူထား၏။

တစ်နည်းဆိုရသော် ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတတို့ကို အသက်ဟုခေါ်သည်။ ထိုရုပ်သက်၊ နာမ်သက် နှစ်မျိုးသည် စိတ္တက္ခဏနှင့်စပ်၏။ ရုပ်ဇီဝိတသည် စိတ္တက္ခဏ ၁၇-ချက်ပြည့်လျှင် ချုပ်၏၊ နာမ်ဇီဝိတသည် စိတ္တက္ခဏတစ်ချက်မျှသာကြာ၏၊ ထိုခဏတွေ့အချိန် တိုသလောက် ဇီဝိတအသက်လည်း တို၏။ ဤနည်းအားဖြင့် သေခြင်းမရဏ၏ အလွန်လျင်မြန်ပုံကို

ရှုဆင်ခြင်ရသည်။ ဤဆိုအပ်ခဲ့ပြီးသော မရဏာဿတိဘာဝနာ ဆင်ခြင်ပွားများနည်း (၈)နည်းတို့ကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ပြဆိုထားသော နည်းတို့ဖြစ်သည်။

ဝိသုဒ္ဓိမဂ်၌ သေခြင်းတရား၏ လျင်မြန်ပုံကို ဆင်ခြင်ရာ၌ အင်္ဂုတ္တိုရ်ပါဠိတော် (သတ္တကနိပါတ်) အရကသုတ်၌ ဟောကြားထားသော နည်းဖြင့်လည်း သိအပ်၏ဟု ဖော်ညွှန်းထားသဖြင့် ထိုဆင်ခြင်နည်းကို ဆက်လက်ဖော်ပြပါမည်။

## အရကသုတ်လာ ဆင်ခြင်ရှုပွားနည်းများ

လူတို့၏ အသက်သည် တိုတောင်းလှ၏၊ လျင်လျင်မြန်မြန် ဖြစ်ခြင်း၊ ချုပ်ခြင်းရှိ၏၊ များသောဆင်းရဲခြင်းရှိ၏၊ များသော ပင်ပန်းခြင်းရှိ၏၊ ပညာဖြင့် သိသင့်သိထိုက်၏၊ ကုသိုလ်ကောင်းမှု ကို ပြုသင့်၏၊ မြတ်သောအကျင့်ကို ကျင့်ထိုက်၏။ မွေးဖွားလာသူ အား မသေရခြင်းမည်သည်မရှိပေ။

ဥပမာပြရလျှင် မြက်ဖျားရှိ ဆီးနှင်းပေါက်ကလေးသည် နေထွက်လာလျှင် လျင်မြန်စွာ ပျောက်ပျက်သွားသည်နှင့် တူ၏ ကြာရှည်စွာ မတည်နိုင်ချေ။

မိုးပေါက်ကြီးကြီး ရွာသွန်းသည့်အခါ ဖြစ်ပေါ်လာသော ရေပွက်သည် ခဏမကြာ လျင်မြန်စွာ ကွဲပျက်သွားခြင်းနှင့်လည်း တူ၏၊ ရေတွင် ဒုတ်ဖြင့် ရေးခြစ်လိုက်သော အရေးအကြောင်းသည် ခဏမကြာ လျင်မြန်စွာ ပျောက်ပျက်သွားသည်နှင့်လည်း တူ၏။ တောင်ပေါ်မှ လျင်စွာစီးဆင်းလာသော တောင်ကျရေသည် တစ်ခဏကလေးမျှ ပြန်ဆုတ်ခြင်းမရှိ ရှေ့သို့သာ တစိုက်မတ်မတ် စီးဆင်းသွားခြင်းနှင့်လည်းတူ၏၊ အားကောင်းသော ယောကျ်ားသည် လျှာဖျားရှိ တံတွေးပေါက်ကို ပေါင်းစု၍ အခက်အခဲမရှိဘဲ လွယ်လွယ်ကူကူ ထွေးထုတ်နိုင်ခြင်းနှင့်လည်း တူ၏၊ တစ်နေ့လုံး ပြင်းစွာ ပူလောင်နေသော သံအိုးကင်းထဲသို့ ပစ်ချလိုက်သဖြင့် လျင်စွာလောင်ကျွမ်း ပျောက်ပျက်သွားသည့် သားတစ်နှင့်လည်း တူ၏၊ နွားသတ်ရုံသို့ သတ်ဖို့ရန် ဆွဲငင်ခံရသော နွားမကြီး၏ ခြေလှမ်းသည် တစ်လှမ်းထက်တစ်လှမ်း အသတ်ခံရဖို့ရန် (ဝါ)သေဖို့ရန် နီးသည်ထက် နီးလာခြင်းနှင့်လည်း တူပေသည်။

ဤသို့ လူတို့၏ အသက် တိုတောင်းပုံ၊ သေခြင်းလျင်မြန်ပုံကို “ဆီးနှင်းပေါက် ဥပမာ၊ ရေပွက်ဥပမာ၊ ဒုတ်အရေးအကြောင်း ဥပမာ တောင်ကျရေဥပမာ၊ ထွေးဟတ်လိုက်သည့် တံတွေးပေါက်ဥပမာ၊ လျင်စွာလောင်ကျွမ်းသွားသော သားတစ်ဥပမာ၊

အသတ်ခံရတော့မည့် နွားမဥပမာတို့ဖြင့် ဆင်ခြင်ရှုမှတ် ပွားများနိုင်ပေသည်။

## ဆောင်ပုဒ်လင်္ကာ

ရေ၌ဒုတ်ရေး၊ တံတွေးရေပွက်၊ တောင်ထက်မြစ်တူး၊ အားရှိသူထွေး၊ တံထွေးသားတစ်၊ သံအိုးခြစ်၌၊ ချပစ်အလား၊ သတ်မည့်နွားနှင့်၊ မြက်ဖျားမှာနှင်း၊ ပုံမယွင်းခဲ့၊ နီးခြင်းအာယု၊ ကောင်းသည့်မှုကို၊ ပြုသင့်လင်္ကင်း၊ ခုချက်ခြင်း။

(မဟာဂန္ဓာရုံ ဆရာတော် အမရပူရ)

## ဆင်ခြင်နည်းလင်္ကာ

၁။ နေခြည်ထိရောက်၊ ဆီးနှင်းပေါက်၊ လျင်ပျောက်သက်ခန္ဓာ။

၂။ ရေပွက်ပမာ၊ သက်ခန္ဓာ၊ မကြာကွဲပျက်ရှာ။

၃။ ရေ၌ဒုတ်ရေး၊ ကြာမနေး၊ ပျက်ရေးသက်ခန္ဓာ။

၄။ တောင်ကျမြစ်ရေ၊ စီးမြန်ပေ၊ တူလေသက်ခန္ဓာ။

၅။ အားရှိသူထွေး၊ မြန်တံတွေး၊ ပျက်ရေးသက်ခန္ဓာ။

၆။ သံအိုးကင်းပစ်၊ အသားတစ်၊ ကျွမ်းလစ်လျင်စွာ၊ သက်ခန္ဓာ၊

၇။ နွားသတ်ရုံဆွဲ၊ နွားမ,နဲ၊ သေမြဲလျင်စွာ၊ သက်ခန္ဓာ၊

၈။ သေခြင်းမြန်ပုံ၊ ပုံထုံးစုံ၊ ဉာဏ်ဟုန်မြဲရှု၊ ကောင်းမှုပြု။

ဤပြဆိုခဲ့ပြီးသည့်အတိုင်း လူတို့၏ အသက်တမ်း တိုတောင်းပုံ၊ အသေမြန်ပုံ တို့အားဖြင့် သေခြင်းကို အဖန်တလဲလဲ ဆင်ခြင်ပွားများအပ်ပေသည်။

ဤဆိုခဲ့ပြီးသည့်အတိုင်း ရှစ်ပါးသော ဆင်ခြင်ရှုမှတ် ပွားများ နည်းတို့တွင် တစ်ပါးပါးသောနည်းဖြင့် အဖန်တလဲလဲ အောက် မေ့ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား အဖန်တလဲလဲ နှလုံးသွင်း ခြင်းကြောင့် စိတ်သည် အထုံရလာ၏၊ စွဲမြဲလာ၏၊ သေခြင်းလျှင် အာရုံရှိသော အမှတ်ရမှုသတိသည် ကောင်းစွာတည်၏၊ ထိုအခါ ကာမဂုဏ်ကို လိုလားမှု (ကာမစ္ဆန္ဒ)၊ ဒေါသထွက်မှု (ဗျာပါဒ) စသော နီဝရဏတရားတို့သည် တစ်စတစ်စ ကွာသွားကုန်၏၊ ဝိတက်၊ ဝိစာရစသော ဈာန်အင်္ဂါတို့သည် ထင်ရှားဖြစ်ပေါ် လာကုန်၏၊

သို့သော်လည်း အာရုံမှာ သေခြင်း (မရဏ) သဘောတရား ဖြစ်သောကြောင့်လည်းကောင်း၊ ထိတ်လန့်ဖွယ်ရာဖြစ်သော ကြောင့်လည်းကောင်း အပ္ပနာဈာန် (ဈာန်အစစ်)သို့ မရောက် နိုင်ဘဲ ဥပစာရဈာန် (ဈာန်အနီးပါး)သို့သာ ရောက်နိုင်၏၊ ဤ ဥပစာရဈာန်ကို မရဏာနုဿတိ၏ အားအစွမ်းဖြင့် ဖြစ်သော ကြောင့် မရဏသတိဟူ၍ပင် ခေါ်ရသည်။

## မရဏာနုဿတိပွားများရကျိုး

ဤမရဏာနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား အောက်ပါအကျိုးတရား ဖြစ်ပွားနိုင်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်ဆိုထား၏။

၁။ အမြဲတမ်း မေ့လျော့ခြင်းကင်း၏။
၂။ ဘဝဟူသမျှကို ငြီးငွေ့၍ ဘုံသုံးပါးမှ လွတ်မြောက်လိုသော အမှတ်သညာကို ရ၏။
၃။ အသက်ခန္ဓာ၌ နှစ်သက်တွယ်တာမှု ကင်း၏။
၄။ မကောင်းမှုကို ကဲ့ရဲ့တတ်လာ၏။
၅။ ပစ္စည်းဥစ္စာများကိုလည်း မသိုမှီး၊ မသိမ်းဆည်းလို၊ ပစ္စည်း ဥစ္စာတို့၌လည်း တပ်မက်မှုကင်း၍ ဝန်မတို။
၆။ မမြဲဟူသော အမှတ်သညာ (အနိစ္စသညာ)၌ အလေ့အကျင့်ရ၏။
၇။ ထိုမှတစ်ဆင့် ဒုက္ခသဘော ထင်လွယ်၍ အနတ္တသဘော မြင်လွယ်၏။
၈။ သေခါနီးကာလ၌ မကြောက်မရွံ့၊ မထိတ်မလန့်၊ မတွေ့မဝေဘဲ ကောင်းသောနိမိတ်ထင်၍ အသေလှ၏။
၉။ မျက်မှောက်ဘဝ၌ပင် သေခြင်းကင်းရာ နိဗ္ဗာန်ကို ရနိုင်၏။

## ၁၀။ အကယ်၍ နိဗ္ဗာန်မရလျှင် သေသည့်အခါ သုဂတိဘဝသို့ လားရောက်ရ၏။

### ဆောင်ပုဒ်လင်္ကာ

မေ့လျော့မှုကင်း၊ ငြီးငွေ့ခြင်းသညာ၊ သက်ခန္ဓာပင်၊ တွယ်တာမပြု၊ မကောင်းမှုဆို၊ ထိုထိုကဲ့ရဲ့၊ ကိုယ့်ရဲ့ပစ္စည်း၊ မသိုမှီးလို၊ ဝန်မတိုဘဲ၊ မမြဲသညာ၊ ကျင့်ရလာ၏၊ တစ်ဖြာဒုက္ခ၊ အနတ္တလျှင်၊ ထင်မြင်လွယ်ကာ၊ သေခါမတွေ၊ မကြောက်လေ၍၊ မသေရာမှန်၊ မြတ်နိဗ္ဗာန်ကို၊ အမှန်ရနိုင်၊ ရပိုင်မရှိ သုဂတိသို့၊ ရောက်မည်သေချာ၊ ဤဆယ်ဖြာသည်။ ။ မရဏာနုဿတိ ပွားကျိုးတည်း။

### မရဏာနုဿတိ ပွားများရကျိုးဝတ္ထု

တစ်နေ့တွင် ဘုရားရှင်သည် အာဠဝီပြည်သို့ ကြွတော်မူလာရာ အာဠဝီပြည်သူ ပြည်သား လူအများတို့သည် ဘုရားရှင်ကို ပင့်ဖိတ်၍ အလှူဒါနကြီးကို ပြုကြသည်။ ဘုရားရှင်သည် ဆွမ်းကိစ္စပြီးသောအခါ အနုမောဒနာတရားကို ဤသို့ဟောကြားတော်မူပါသည်။

ဒါယကာ ဒါယိကာမ အပေါင်းတို့ "ငါ၏ အသက်ကား မမြဲ။ ငါအား သေခြင်းသည်မြဲ၏။ ငါသည် မလွဲဧကန်အမှန် သေရမည်။ ငါ၏အသက်ကား သေခြင်းလျှင် အဆုံးရှိ၏။

အသက်ကသာမမြဲသည်၊ သေခြင်းကမြဲ၏" ဟု မရဏာနုဿတိကို ပွားများကြလော့။

မရဏာနုဿတိကို မပွားများထားကြသော သူတို့ကား နောင်သေခြင်းတရားနှင့် ရင်ဆိုင်ကြရသည့်အခါ အဆိပ်ပြင်းသည့်မြွေကို ရင်ဆိုင်တွေ့ရသော လက်နက်ဗလာ ကြောက်ရွံ့ရှာသော ယောကျ်ားပမာ ကြောက်မက်ဖွယ်ရာ ဟစ်အော်မြည်းတမ်းကြကာ သေကြရရှာကုန်၏။

မရဏာနုဿတိ ဘာဝနာကို ပွားများထားကြသော သူတို့မှာမူ အဝေးမှသာလျှင် အဆိပ်ပြင်းသည့်မြွေကို မြင်ရသည့်အတွက် တုတ်လှံတံဖြင့် ဖမ်းယူစွန့်ပစ်နိုင်သည့် ယောကျ်ားပမာ သေခြင်းတရားနှင့် ရင်ဆိုင်ကြရသည့်အခါ မထိတ်မလန့် မကြောက်မရွံ့ဘဲ ရဲရဲရင့်ရင့် သေဆုံးကြရ၏။ ထို့ကြောင့် မရဏာနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသင့်ကုန်၏ဟု ဟောကြားတော်မူသည်။

ထိုတရားနာ ပရိသတ်ထဲတွင် အသက် (၁၆)နှစ်အရွယ် ရက်ကန်းသည်တစ်ဦး၏ သမီးကလေးပါဝင်၏။ ထိုအမျိုးသမီးက"သြော်. . . မြတ်စွာဘုရားတို့၏ စကားတော်မည်သည် အံ့ဖွယ်ရှိပါပေစွ၊ ငါသည် မရဏာနုဿတိဘာဝနာကို ပွားများသင့်၏"

ဟု ကြံစည်ကာ နေ့ရောညပါ မရဏာနုဿတိဘာဝနာကို ပွားများခဲ့ရာ သုံးနှစ်တာအထိ ကြာသွားခဲ့လေသည်။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေတော်မူစဉ် တစ်ခုသောမိုးသောက်ထအချိန်တွင် သတ္တလောကကို ကြည့်တော်မူရာ ဉာဏ်တော်ကွန်ရက်တွင် ထိုအမျိုးသမီးကလေးကို တွေ့မြင်၍ ဆင်ခြင်တော်မူရာ- ဤသတို့သမီးသည် မရဏာနုဿတိဒေသနာကို ကြားနာရချိန်မှစပြီး သုံးနှစ်တာ ကာလပတ်လုံး မရဏာနုဿတိကို ပွားများခဲ့ပြီးပြီ။ အာဠဝီပြည်သို့ ကြွကာ သတို့သမီးကို မေးခွန်းလေးခုမေး၍ သတို့သမီးက ဖြေဆိုလျှင် သာဓုခေါ် ကောင်းချီးပေးပြီး တရားဟောကြားရလျှင် ထိုသတို့သမီးမှာ သောတာပန်တည်လိမ့်မည်။ လူများအတွက်လည်း အကျိုးရှိသော တရားဒေသနာဖြစ်မည်ဟု ပိုင်းခြားသိမြင် တော်မူ၍ နောက်ပါ ရဟန်းငါးရာနှင့်အတူ အာဠဝီပြည်၊ အဂ္ဂါဠဝမည်သော ကျောင်းတိုက်ကြီးသို့ ကြွရောက်တော်မူလေသည်။

အာဠဝီ ပြည်သူပြည်သားတို့သည် အဂ္ဂါဠဝကျောင်းတိုက်သို့ သွားရောက်ကြ၍ ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်၍ ဆွမ်းဆက်ကပ် လှူဒါန်းကြ၏။ ရက်ကန်းသည်၏ သမီးကလေးသည်လည်း ဘုရားရှင်ကြွလာတော်မူကြောင်းကို

ကြားသိရ၍ ငါ၏တရားဖခင် ဆရာရှင်ဖြစ်သည့် မြတ်စွာဘုရား ကြွလာပြီတဲ့၊ ငါဖဘုရားကို ဖူးမြင်၍ တရားတော်ကို နာကြားခွင့် ရပေဦးတော့မည်ဟု ဝမ်းပန်းတသာ ကြံစည်စဉ်းစားမိသည်။

သို့ရာတွင် ငါ့ဖခင်ကြီးသည် ရက်ကန်းရုံသို့ သွားခါနီးတွင် တစ်ထွာမျှ ကျန်နေသေးသောအဝတ်ကို ရက်ဖောက်လုံး၍ သူ့ထံ အမြန်ယူခဲ့ရန် မှာကြားသွားပေသည်။ ရက်ဖောက်ကို လုံးပြီး ဖခင်ကြီးအားပေးပြီးမှ တရားတော်ကို နာယူတော့မည်ဟုကြံပြီး ထိုင်ခုံငယ်၌ထိုင်ကာ ရက်ဖောက်ကိုလုံးနေလေသည်၊ အာဠဝီ ပြည်သားလူအများသည်လည်း ဘုရားရှင်ကို ဆွမ်းကပ်ကြပြီး နောက် ရေစက်ခွက်ကိုကိုင်ကြကာ အနုမောဒနာတရား နာကြားရန် အဆင်သင့်ဖြစ်နေကြပေပြီ။

ဗုဒ္ဓမြတ်စွာကား "ငါဘုရားသည် ရက်ကန်းသည်၏ သမီးကလေးကို အကြောင်းပြုပြီး ယူဇနာသုံးဆယ်ခရီးကို လာရောက်ခဲ့ရ၏။ ထိုအမျိုးသမီးကလေးကား ယခုအချိန်အထိ မရောက်လာသေး၊ ထိုအမျိုးသမီးကလေးရောက်လာမှ အနုမောဒနာ တရားဟောကြားမည်"ဟု ဆင်ခြင်တော်မူကာ ဆိတ်ဆိတ်သာ နေတော်မူ၏။ ရက်ကန်းသည်၏ သမီးကလေး သည် ရက်ဖောက်ကိုလုံးကာ ခြင်းတောင်း၌ထည့်ပြီး ဖခင်ကြီး ထံသို့သွားစဉ် ပရိသတ် အစွန်အဖျား၌ ရပ်လျက် ဘုရားရှင်ကို

ဖူးမြော်နေသည်။ ဘုရားရှင်သည် လည်တော်ကိုမော့၍ ထိုသတို့သမီးကလေးကို ကြည့်ရှုတော်မူလိုက်၏။

သတို့သမီးကလေးကလည်း ဘုရားရှင်ငါ့ကို ကြည့်ရှုတော်မူသည်မှာ ကိုယ်တော်မြတ်ထံတော်ပါးသို့ ငါခစားဆည်းကပ်ရန် တောင့်တတော်မူခြင်းဖြစ်မည်ဟု ရိပ်စားမိ၏။ ထို့ကြောင့် ခြင်းတောင်းကလေးကို ချထားခဲ့ကာ ဗုဒ္ဓမြတ်စွာ၏ ရောင်ခြည်တော်ဝန်းများအတွင်းထိ ဝင်ရောက်၍ ဘုရားရှင်ကို ဦးတင်ရှိခိုးပြီး ရိုသေစွာထိုင်နေလေသတဲ့။

ထိုအခါ ဘုရားရှင်ကမေး၍ သတို့သမီးက ဖြေဆိုကြသည်မှာ -

သတို့သမီး၊ သင်ဘယ်က လာသနည်း။
မသိပါ အရှင်ဘုရား။

သင်က အဘယ်သို့သွားမည်နည်း။
မသိပါ အရှင်ဘုရား။

သင်မသိဘူးလား
သိပါသည် အရှင်ဘုရား။

သင်သိသလား။
မသိပါ အရှင်ဘုရား။

ဤသို့မေးဖြေပြီးသည့်အခါ တရားနာပရိသတ်များမှာ လှုပ်လှုပ် ရွရွဖြစ်လာကြသည်။ ဤရက်ကန်းသည် သမီးသည် မြတ်စွာဘုရား မေးသည်ကို ရောက်တတ်ရာရာ သူပြောချင်သလို ပြောကြားတယ်။ တကယ်ဆိုလျှင် ဘုရားရှင်က ဘယ်ကလာ သလဲ'လို့ မေးလျှင် ရက်ကန်းသည် အိမ်မှလာပါသည် ဘုရား'ဟု ဖြေကြားသင့်တယ်။ ဘယ်သို့ သွားမည်နည်းဟု မေးသည့်အခါ ရက်ကန်းသည် အလုပ်ရုံသို့ သွားမည်ဘုရားဟု ဖြေကြား သင့်တယ်ဟု ကဲ့ရဲ့ရှုတ်ချ စကားပြောကြားနေကြ၏။

ထိုအခါ ဘုရားရှင်သည် လူများအသံတိတ်အောင် ပြုပြီးလျှင် သတို့သမီးငယ်အား "မသိပါအရှင်ဘုရား"ဟု သင် ဘာကြောင့် ဖြေကြားပြောဆိုသနည်းဟု မေးတော်မူလိုက်၏။

သတို့သမီးငယ်က "မြတ်စွာဘုရား အရှင်ဘုရားတို့သည် တပည့်တော်မရက်ကန်းသည်အိမ်မှ လာခဲ့သည်ကို သိပြီးဖြစ်ကြ ပါ၏။ သိပါလျက်ဘယ်ကလာသနည်းဟု မေးတော်မူသည်မှာ ဘယ်ဘဝက လာ၍ ဒီရက်ကန်းသည်ဘဝမှာဖြစ်သနည်းဟု မေးလိုသော ဆန္ဒရှိသည်ဟု ထင်ပါသည်။ တပည့်တော်မမှာ ဘယ်ဘဝက လာ၍ ဒီရက်ကန်းသည်ဘဝမှာ လာဖြစ်သည်ကို မသိသောကြောင့် မသိပါအရှင်ဘုရားဟု ဖြေကြားခြင်းဖြစ်ပါ သည်"ဟု လျှောက်ထားပါသည်။ ထိုအခါ ဘုရားရှင်က "သာဓု"

"သာဝ" ခေါ်၍ ငါဘုရားမေးမြန်းလိုရင်းကိုပင် သင်ဖြေကြားပေသည်ဟု ပထမအကြိမ် သာဓုခေါ်ကာ ကောင်းချီးပေးတော်မူ၏။

"သင်အဘယ်သို့ သွားမည်နည်း"ဟူသော ဒုတိယမေးခွန်းမှာလည်း "ဒီဘဝမှ စုတေလျှင် ဘယ်ဘဝမှာ သွားဖြစ်မည်လဲ"ဟု မေးတော်မူလိုရင်းဖြစ်၍ တပည့်တော်မ မသိသည့်အတွက် "မသိပါအရှင်ဘုရားဟု ဖြေကြားလိုက်ခြင်းဖြစ်ပါသည်ဟု လျှောက်ထားသောအခါ၌လည်း ငါဘုရား မေးမြန်းလိုရင်းကိုပင် သင်ဖြေကြားပေသည်ဟု ဒုတိယအကြိမ် သာဓုခေါ်ကာ ကောင်းချီးပေးတော်မူပြန်၏။

"သင်မသိဘူးလော" ဟူသော တတိယမေးခွန်း၌လည်း သေရမည်၏အဖြစ်ကို မသိဘူးလားဟု မေးတော်မူလိုရင်းဖြစ်၍ တပည့်တော်မ သိသည့်အတွက် "သိပါသည် အရှင်ဘုရား"ဟု ဖြေကြားလိုက်ခြင်းဖြစ်ပါသည်ဟု လျှောက်ထားသောအခါ၌လည်း ငါဘုရားမေးမြန်းလိုရင်းကိုပင် သင်ဖြေကြားပေသည်ဟု တတိယအကြိမ် သာဓုခေါ်ကာ ကောင်းချီးပေးတော်မူပြန်၏။

"သင်သိသလား"ဟူသော စတုတ္ထ မေးခွန်း၌လည်း "နေ့အခါသေမည် ညအခါသေမည်၊ နံနက်အခါသေမည်ကို သင်သိသလားဟု မေးတော်မူလိုရင်းဖြစ်၍ တပည့်တော်မ

မသိသည့်အတွက် 'မသိပါဘုရား'ဟု ဖြေကြားလိုက်ခြင်း ဖြစ်သည်ဟု လျှောက်ထားသောအခါ၌လည်း ငါဘုရား မေးတော်မူလိုရင်းကိုပင် သင်ဖြေကြားပေးသည်ဟု စတုတ္ထအကြိမ် သာဓုခေါ်ကာ ကောင်းချီးပေးတော်မူပြန်သည်။

ထို့နောက် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ပရိသတ်များအား "သင်တို့သည် ဤသတို့သမီးငယ် ဖြေကြားလျှောက်ထားသော အနက်အဓိပ္ပါယ် သဘောတရားမျှကိုပင် မသိကြချေ။ ကဲ့ရဲ့ရှုံ့သက်သက်မျှကိုသာ သိတတ်ကြ၏။ ပညာမျက်စိ မရှိသူ တို့သည် သူကန်းတို့သာတည်း။ ပညာမျက်စိရှိသူတို့မှသာ မျက်စိ အမြင်ရှိသူတို့ ဖြစ်ကြပေသည်"ဟု မိန့်တော်မူကာ အန္ဓဘူတော အယံလောကော စသောတရားဂါထာကို ဟောကြားတော်မူ၏။

ဂါထာ၏ အဓိပ္ပါယ်အချုပ်ကား-ဤသတ္တလောကကြီးသည် ပညာဉာဏ်ကင်း အလင်းမထင် မမြင်စမ်းတမ်း သူကန်းသဖွယ် ဖြစ်နေ၏။ သင်္ချာများမြောင် ဤလောကီ လူ့ဘောင်တွင် ပညာစူးရှ အနည်းငယ်သော သူသည်သာ ရုပ်နာမ်ဓမ္မ သင်္ခါရကို လက္ခဏာယဉ် သုံးချက်တင်၍ ဆင်ခြင်ကြည့်ရှုနိုင်၏။ မုဆိုး ကွန်ယက်မှလွတ်၍ ထွက်သောငုံးငှက်ငယ်သည် အနည်းငယ်မျှ မပြောပလောက်သကဲ့သို့ ထို့အတူ ပညာဉာဏ်ကျယ် အနည်း

ငယ်သောသူသာ လူ့ရပ်နတ်ဌာန် နိဗ္ဗာန်ချမ်းသာသို့ ကုသိုလ်ပံ့ထောက် ဆိုက်ရောက်ရလေသည်ဟု ဆိုလိုပေသည်။

ဤတရားဂါထာဆုံးသွားသည့်အခါ ရက်ကန်းသည်၏ သမီး သတို့သမီးငယ်သည် သောတာပန်တည်သွား၏။ လူအများအတွက်လည်း အကျိုးရှိသော တရားဒေသနာ ဖြစ်လေ၏။ သတို့သမီးငယ်ရက်ကန်းရုံသို့ ရောက်သောအခါ ဖခင်ကြီးမှာ ရက်ကန်းစင်တွင် ထိုင်ရင်းအိပ်ငိုက်နေ၏။ ရက်ဖောက်ခြင်း ကျသံကြောင့် ဖခင်ကြီးမှာ အိပ်ငိုက်ရာမှ နိုးလာ၍ လွန်းအစွန်းကို ယောင်ပြီးဆွဲလိုက်မိရာ လွန်းအစွန်းသည် အရှိန်လွန်ပြီး သမီးငယ်၏ ရင်ဝတည့်တည့်ကို ထိုးစိုက်မိ၍ ထိုနေရာမှာပင် သေလွန်၍ တုသိတာနတ်ပြည်၌ ဖြစ်သည်ဟု ဓမ္မပဒ၊ ပေသကာရဓီတု ဝတ္ထု၌ လာရှိပေသည်။ ဤသည်မှာ မရဏာနုဿတိဘာဝနာ ပွားရကျိုးဝတ္ထုဖြစ်သည်။

ဤဝတ္ထုလာ ဘုရားဟောဆင်ခြင်နည်းလင်္ကာ -

၁။ ငါ၏အသက်၊ မမြဲချက်၊ အသက်သဘာဝပါတကား။

၂။ သေခြင်းတရား၊ ငါတို့အား၊ ဖြစ်ပွားမြဲလှပါတကား။

၃။ မလွဲအမှန်၊ ငါဧကန်၊ အမှန်သေရမှာပါတကား။

၄။ ဇီဝိန်တင်းလင်း၊ သက်ရှည်ခြင်း၊ သေခြင်းအဆုံးပါတကား။

၅။ အသက်သာမမြဲ၊ သေခြင်းမြဲ၊ မလွဲအမှန်ပါတကား။

ဤငါးမျိုးတွင် တစ်မျိုးမျိုးနှင့် ဆင်ခြင်နိုင်သည်၊ ငါမျိုးလုံး ဖြင့်လည်း အောက်မေ့ဆင်ခြင်ပွားများနိုင်ပေသည်၊

သင်သေသော်လည်း မငိုကြသော ပုဏ္ဏား မိသားစုငါးဦး

တစ်ချိန်သောအခါက ဗုဒ္ဓမြတ်စွာသည် သားသေ၍ ပူဆွေး နေသော သူကြွယ်တစ်ဦးအိမ်သို့ ကြွသွားတော်မူကာ "သူကြွယ် ကွဲပြိုတတ်သော သဘောရှိသည့် ဝတ္ထုမည်သည် ကွဲပြိုရမည် ဖြစ်၏။ ပျက်စီးတတ်သော သဘောရှိသောဝတ္ထုသည် ပျက်စီးရမည်ဖြစ်၏။ ထိုကွဲပြို ပျက်စီးခြင်းသည်လည်း တစ်အိမ် တည်းသာဖြစ်သည်မဟုတ်။ စကြဝဠာအနှံ့အပြား ဘုံသုံးပါးတို့၌ မသေသောသူ မည်သည်မရှိ။ သတ္တဝါအားလုံး သေကြထုံး ရှိ၏၊ ရှေးပညာရှိတို့သည်လည်း သားသေသည်ရှိသော် သေတတ် သည့် သဘောရှိသူသည် သေရမြဖြစ်၏၊ ပျက်စီးတတ်သော သဘောရှိသော အရာသည် ပျက်စီးရမြဖြစ်၏ဟု နှလုံးသွင်းကာ စိုးရိမ်မှု ပူဆွေးမှု မရှိကြကုန်လင့်" ဟု မိန့်တော်မူရာ ထိုသူကြွယ် လျှောက်ထားသဖြင့် အောက်ပါအတိတ် ဇာတ်ဝတ္ထုကို ဟောကြားတော်မူပါသည်။

ရှေးတစ်ချိန်သောအခါက ဗာရာဏသီပြည်အနီး တံခါးရွာ၌ (ပေတဝတ္ထု အဋ္ဌကထာ၌ "ကာသိတိုင်း၊ ဓမ္မပါလရွာ" ဟုဆို၏) သူကြွယ်ပုဏ္ဏား၊ ဇနီး ပုဏ္ဏေးမ၊ သား၊ သမီး၊ ချွေးမ၊ ကျွန်မ

ဟူသော မိသားစု (၆)ယောက်တို့ နေထိုင်ကြ၍ လယ်လုပ်ကာ အသက်မွေးကြ၏။ ဘုရားလောင်းသူကြွယ်ကြီးက ကျန်မိသားစု ငါးဦးတို့အား "သင်တို့သည် တတ်နိုင်သမျှ ပေးလှူကြပါ။ သီလ စောင့်ထိန်းကြပါ။ ဥပုသ်သီတင်း စောင့်သုံးကြပါ။ သေခြင်း တရားကို အောက်မေ့ခြင်းဖြင့် မရဏာနုဿတိကို ပွားများကြပါ။ ဤသတ္တဝါတွေအားလုံး သေဆုံးရမြဲ ဓမ္မတာဖြစ်၏။ သေခြင်းသည် မြဲ၏။ အသက်ရှည်ခြင်းသည် မမြဲ၊ ခပ်သိမ်းသော သတ္တဝါတို့သည် အနိစ္စဖြစ်ကုန်၏။ ပျက်ခြင်းသဘောရှိကြ၏-ဟု နေ့ရောညပါ အောက်မေ့ကြကုန်"ဟု ဆုံးမစကားပြော ကြားထား၏။ ထိုငါးဦးသော မိသားစုတို့သည် ဘုရားလောင်း အဆုံးအမအတိုင်း မရဏာနုဿတိဘာဝနာကို ပွားများလျက် နေထိုင်ကြကုန်၏။

တစ်နေ့တွင် ဘုရားလောင်းသူကြွယ် ပုဏ္ဏားနှင့် သားတို့ လယ်ထွန်သွားကြ၏။ လယ်တောတွင် ဘုရားလောင်း၏ သားသည် အမှိုက်များကို စုပုံ၍ မီးရှို့၏။ ထိုအခါ မီးပုံအနီးရှိ တောင်ပို့၌နေသော အဆိပ်ပြင်းသည့် မြွေဆိုးသည် တောင်ပို့မှ ထွက်ကာ ထိုသူကြွယ်သားကို ပေါက်သတ်လိုက်၏။ ဘုရား လောင်းသည် သားသေသည်ကိုသိ၍ သား၏အလောင်းကို ချီမ, ကာ သစ်ပင်ရင်း၌ လဲလျောင်းထား၏။ ဘခင် ဘုရားလောင်း

အား မျက်ရည်တစ်စက်မျှမထွက်၊ ပျက်စီးတတ်သော အရာသည် ပျက်စီး၏။ သေတတ်သော သဘောရှိသောအရာသည် သေ၏။ သတ္တဝါသင်္ခါရအားလုံး အနိစ္စဖြစ်ထုံးတည်း။ သေခြင်းသည်သာ အဆုံးရှိ၏-ဟု ဆင်ခြင်ကာ လယ်ထွန်လျက်နေ၏။

ထိုသားသေကြောင်းကို အိမ်၌ ကျန်ရှိသည့် မိသားစုလေးဦးတို့ ကြားသိကြ၍ လေးဦးလုံး လယ်တောသို့ လိုက်လာကြ၏၊ လယ်တောသို့ ရောက်သောအခါ မိသားစု (၅)ဦးလုံး သစ်တုံးသစ်ချောင်းများကို စုပုံ၍ သား၏အလောင်းကို ထင်းပုံထက်တင်ကာ နံ့သာပန်းတို့ဖြင့် ပူဇော်လျက် မီးသင်္ဂြိုလ်လိုက်ကြ၏၊ တစ်ယောက်မျှ မျက်ရည်တစ်စက်ပင် မကျဘဲ မရဏာနုဿတိဘာဝနာကိုသာ ဆင်ခြင်ပွားများ၍ နေကြသည်။

ထိုမိသားစုတို့၏ သီလတန်ခိုး အနုဿတိဘာဝနာတန်ခိုးတို့ကြောင့် သူတို့လူပြည်၌ ဖြစ်ပျက်နေပုံကို သိကြားမင်းကြီး သိရှိသွားပြီး ကြည်ညိုစိတ်ဖြစ်သွား၏။ သားတစ်ယောက်လုံး သေဆုံးသွားသော်လည်း တစ်ယောက်မျှ မငိုကြသည့်အကြောင်းကိုလည်း သိလို၏၊ သူတို့ကိုလည်း ကြည်ညိုသော စိတ်ဖြင့် မ,စ ကူညီလို၏။ ထို့ကြောင့် သိကြားမင်းသည် ထိုသူတို့ ရှိရာသို့ သွားပြီး အနီး၌ရပ်ကာ "အမောင်တို့ သင်တို့ဘာလုပ်နေကြသလဲ"ဟု မေးလိုက်၏၊ ဘုရားလောင်း ဖခင်ပုဏ္ဏားကြီးက

"အကျွန်ုပ်တို့ အလွန်ချစ်လှစွာသော သားသေရဲ့ အလောင်းကို မီးသင်္ဂြိုလ်နေကြပါတယ်ဟု' ပြန်ပြော၏။

အလွန်ချစ်တဲ့သား သေပါလျက် သင်တို့ "ဘာ့ကြောင့် မငိုကြသလဲ" ဟု သိကြားမင်းက မေးသည့်အခါ ရှေးဦးစွာ ဖခင် ပုဏ္ဏားကြီးက "အရှင် . . . မြွေသည် အရေဟောင်းကိုစွန့်၍ သွားသကဲ့သို့ ထို့အတူ ကျွန်ုပ်၏သားသည် မိမိကိုယ်ကိုစွန့်၍ သွားခြင်း ဖြစ်၏။ သားသည် မိမိသွားရမည့် ဂတိသို့ သွားပြီဖြစ်လို့ မီးလောင်ကျွမ်းနေသော ကိုယ်သည် ဆွေမျိုးတို့၏ ငိုကြွေးခြင်း ကိုမသိ၊ ထို့ကြောင့် အကျွန်ုပ်မငိုခြင်းဖြစ်သည်"ဟု ပြန်ဖြေ၏။

ထို့နောက် သိကြားမင်းကြီးသည် မိခင်ပုဏ္ဏေးမကြီးဘက် သို့ လှည့်ပြီး "မိခင် + ဖခင်ကား ယောကျ်ားဖြစ်သည့်အတွက် မငိုခြင်းကား ဖြစ်တန်ရာ၏။ မိခင်၏ နှလုံးသားကား နူးညံ့၏။ (စိတ်အားငယ်တတ်၏) မိခင်ကြီးက ဘာ့ကြောင့် မငိုရပါသလဲ- ဟု မေးသည့်အခါ မိခင်ပုဏ္ဏေးမကြီးက "အရှင်အကျွန်ုပ်၏ သားသည် အကျွန်ုပ်က မခေါ်ဘဲ ဘဝဟောင်းတစ်ခုမှ ကျွန်ုပ် ထံ လာခဲ့၏။ အခု ကျွန်ုပ်တို့က မလွှတ်ဘဲ ဤလူ့ဘဝမှ ဘဝ တစ်ပါးသို့ သွားတာဖြစ်ပါတယ်။ သူ့အလိုအလျောက် လာပြီး သူ့အလိုအလျောက်သွားတာဖြစ်ပါတယ်။ ဒါ့ကြောင့် ငိုကြွေး နေလို့ ဘာအကျိုးရှိမှာလဲ"ဟု ပြန်ပြော၏။

သိကြားမင်းကြီးသည် သေသူ၏ နှမဘက်သို့လှည့်၍ “နှမ. . . နှမတို့ မည်သည် မောင်တို့ကို အလွန်ချစ်တတ်ကြပါတယ်၊ သင်ကားထိုသို့ ချစ်ပါလျက်ဘာ့ကြောင့်မငိုပါသလဲ . . ” ဟု မေးပြန်၏၊ နှမဖြစ်သူက “အရှင်. . . ကျွန်ုပ်ငိုကြွေးပူဆွေးပါလျှင် ကျွန်မသာ ပိန်ချုံးရုံသာရှိတော့မပေါ့။ ကျွန်မမှာ ဘာအကျိုးမှမရှိ၊ ကျွန်မရဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေလည်း စိတ်မချမ်းမသာ ဖြစ်ကုန်မှာပေါ့။ ကျွန်မရဲ့ မောင်သည် သူ့လမ်းသူသွားခြင်းဖြစ်ပါတယ်။ ဆွေမျိုးတွေရဲ့ ငိုကြွေးတာကိုလည်း သူမသိပါ။ ဒါ့ကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ်”ဟု ပြန်ဖြေ၏။

သေသူ၏ ဇနီးဘက်သို့ လှည့်ပြီး “မိခင် . . ဇနီးသည်တို့ မည်သည် လင်ယောကျ်ား သေလျှင် မုဆိုးမဖြစ်ပြီး ခိုကိုးရာမဲ့ ဖြစ်တတ်ပါတယ်။ သို့ပါလျက် သင်ဘာကြောင့် မငိုပါသလဲ”ဟု သိကြားမင်းကြီးက မေးပြန်၏။ “အရှင် သေသူအတွက် စိုးရိမ်ပူဆွေး၊ ငိုကြွေးနေခြင်းဟာ “ဖိုးလမင်းကြီးကို ကျွန်တော့်ထံ ယူပေးပါ”ဟု ငိုပြီး တောင်းနေတဲ့ ကလေးငယ်နဲ့ တူနေမှာပေါ့။ ကျွန်မယောကျ်ားဟာ သူ့လမ်းသူသွားတာဖြစ်ပါတယ်။ ဆွေမျိုးတွေရဲ့ ငိုကြွေးနေတာကိုလည်း သူမသိပါ။ ဒါ့ကြောင့် ကျွန်မ မငိုကြွေးတာဖြစ်ပါတယ်”ဟု ပြန်ပြော၏။

သိကြားမင်းကြီးသည် "ကျွန်မ"ဘက်သို့ တစ်ဖန်လှည့်၍ "ရှင်မသေသွားသူ သင့်ရဲ့သခင်သည် မသေမီက သင့်ကို ရိုက်ပုတ် ညှဉ်းဆဲခဲ့ပေလိမ့်မည်။ ယခုသူ့လက်မှ ကောင်းစွာ လွတ်သွားပြီဟု စဉ်းစားပြီး သင် မငိုသည်မဟုတ်လော"ဟု မေးသတဲ့၊ ကျွန်မ-က "အရှင်. . ဒီလို မပြောပါနဲ့၊ အရှင့်စကားဟာ သေသူကို စော်ကား ရာရောက်ပါတယ်။ အရှင့်သားဟာ ခန္တီ၊ မေတ္တာ၊ ကရုဏာ တရားနဲ့ ပြည့်ဝပါတယ်။ ရင်မှမွေးဖွား သားအလား ဖြစ်ပါတယ်"

ဒီလိုဆိုရင် သင်ဘာကြောင့် မငိုပါသလဲ-ဟု သိကြားမင်းကြီး က ထပ်၍မေးသည့်အခါ "အရှင် . . . ကွဲသွားတဲ့ ရေအိုးဟာ တစ်ဖန်ပြန်မဆက်သလို သေသွားသူဟာလည်း တစ်ဖန်ပြန်ပြီး မရှင်နိုင်တဲ့အတွက် သေသောသူကိုအကြောင်းပြုပြီး စိုးရိမ်ပူဆွေး ငိုကြွေးနေလို့ အကျိုးမရှိပါ။ အရှင့်သားဟာ သူ့လမ်းသူသွားပေ ပြီ။ ဆွေမျိုးတို့ရဲ့ ငိုကြွေးသံကိုလည်း သူမကြား မသိတော့ပါ။ ဒါ့ကြောင့် ကျွန်မ မငိုခြင်းဖြစ်ပါတယ်"ဟု ပြန်ပြောသတဲ့။

ထိုအခါ သိကြားမင်းကြီးသည် ထိုမိသားစုအား အလွန်ကြည်ညိုသွားကာ "သင်တို့သည် မမေ့မလျော့ဘဲ အမြဲ တမ်း မရဏာနုဿတိဘာဝနာကို ပွားများကြပါ။ ယနေ့မှစ၍

သင်တို့အသက်မွေးမှုအတွက် အလုပ်မလုပ်ကြနှင့်တော့၊ သိကြား နတ်မင်းဖြစ်သော ငါသည် သင်တို့အိမ်၌ ရတနာခုနစ်ပါးတို့ကို အတိုင်းအရှည်မရှိ အများကြီးထားခဲ့မည်။ အလှူကိုပေးလှူကြ ပါ။ သီလကို စောင့်ထိန်းပါ။ ဥပုသ်သီလကို ကျင့်သုံးပါ။ မမေ့ မလျော့နေကြကုန်လော့”ဟု ဆုံးမစကားပြောကြားကာ ထိုသူ တို့အိမ်၌ အတိုင်းအရှည်မရှိသော ဥစ္စာဖြင့် အပြည့် ဖန်တီး၍ နတ်ပြည်သို့ ပြန်သွားလေတော့သတည်း။

ဤပဥ္စကနိပါတ်၊ ဥရဂဇာတ်တော်လာ ဝတ္ထုဖြင့် မရဏာ နုဿတိဘာဝနာ ပွားများခြင်းကြောင့် သေရမည်ကို မကြောက် ခြင်း၊ မိဘဆွေမျိုးများသေလျှင် မငိုကြွေးတော့ခြင်း၊ အိမ်၌ ရတနာခုနစ်ပါးတို့ အပြည့်ရရှိခြင်း အကျိုးတရားများ ခံစားရ ကြောင်း သတိပြုသင့်ကြပေသည်။

ဤတွင်
မရဏာနုဿတိဘာဝနာ ပွားများနည်း ပြီး၏။

■ ■ ■ ■ ■

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အသုဘဘာဝနာပွားများနည်း

"အသုဘ"ဟူသော ပါဠိသည် မြန်မာလို "မတင့်မတယ်၊ စက်ဆုပ်ရွံရှာဖွယ်"ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် သူသေကောင် (ဝါ) အလောင်းကောင်ကို ပါဠိလို "အသုဘ" မြန်မာလို "မသာ"၊ မြန်မာနှင့်ပါဠိရော၍ "မသာအသုဘ"ဟု ခေါ်စမှတ်ပြုကြသည်။ သူသေကောင်မှာ "မတင့်မတယ်၊ စက်ဆုပ်ရွံရှာဖွယ်" သဘော ထင်ရှားသောကြောင့် "အသုဘ"ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်၊ အမှန်စင်စစ် အသက်ထင်ရှားရှိသော ခန္ဓာကိုယ်သည်လည်း ပညာမျက်စိဖြင့် ကြည့်ရှုလျှင် မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ် အတိဖြစ်၏၊ ထို့ကြောင့် -

၁။ အသုဘသဘော၊ ရွံဖွယ်ပေါသည့်၊ ကိုယ်ရောသူပါ၊ ကိုယ် ခန္ဓာသည်၊ နံစော်ညှီဟောင်း၊ မကောင်းသောအနံ့ရှိ၏၊ အဖန်ဖန်ဆေးကြော သုတ်သင်ပြုပြင်သော်လည်း မစင်ကြွယ်ချေ၊ ခွေးကောင်ပုပ်၊ မြွေကောင်ပုပ်နှင့်တူ၏၊ ကျင်ကြီးတွင်းနှင့်လည်း တူ၏၊ ဤသို့ ပညာမျက်စိ၊ အမြင်ရှိသည့် ပုဂ္ဂိုလ်တို့က စက်ဆုပ်ရွံရှာဖွယ်ဟု

ကဲ့ရဲ့ရှုတ်ချကြ သော ကိုယ်ခန္ဓာကို ပညာမျက်စိ မြင်မရှိကြ၊ ရာဂစရိုက်ပွား ငမိုက်သားတို့က အမဲရိုး၌၊ ခွေးတော်ကြိုက်သို့ နှစ်ခြိုက် မြတ်နိုးကြ၏။

၂။ ရာဂစရိုက်များ၊ ငမိုက်သားတို့ အမဲရိုး၌၊ ခွေးတော်ကြိုက်သို့၊ နှစ်ခြိုက်မြတ်နိုးကြသည့်၊ ထိုခန္ဓာကိုယ်သည်၊ စိုသော အရေဖြင့် ဖုံးလွှမ်းလျက်ရှိ၏၊ ဒွါရခေါ်ပြား ထင်ရှားသော အပေါက်ကြီးကိုးခုရှိ၏၊ အပေါက်ရှိသည့် အိုင်းအမာကြီးနှင့် တူ၏၊ မစင်မကြယ်၊ ရွံဖွယ် ပုပ်လှောင်း၊ မကောင်းသောအနံ့ရှိသည့် ကျင်ကြီးကျင်ငယ် အသွယ်သွယ်တို့သည် ထက်ဝန်းကျင်မှ တဖျင်ဖျင် ယိုထွက်လျက်ရှိ၏၊

၃။ အကယ်၍ ဤကိုယ်ခန္ဓာ၏ အတွင်းသားသည် ပြင်ပဖြစ်ငြားအံ့၊ ဒုတ်ကိုကိုင်ကာ ကျီးခွေးတို့ကို ခြောက်လှန့်မောင်းနှင်၍ တားမြစ်နေရရာ၏-

ဟု မြတ်စွာဘုရား ဟောကြားထား၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ -

ဥဒ္ဓုမာတက၊ စသည့်များမြောင်၊ သူသေကောင်သည်၊ စက်ဆုပ်ရွံရှာဖွယ်၊ မတင့်တယ်သကဲ့သို့၊ ပုံစံထားယူ၊ မခြား အတူ

သာလျှင် ဝတ်စားဆင်ယင်၊ အသက်ရှင်ဆဲ၊ ကိုယ်ခန္ဓာသည် လည်း စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်သည်သာတည်း၊ ညစ်ကြေး သုတ်သင် အငှားဆင်၍ ပြုပြင်ဖန်ထား၊ တန်ဆာ များဖြင့် မဖွယ်ရာကို ကွယ်ကာဖုံးထားအပ်သည့် အတွက်ကြောင့် ထိုရွံဖွယ်ညစ်ပေ၊ အသုဘ သဘောတွေသည်၊ အမြင်အားဖြင့် မထင်ရှားဘဲ၊ ရှိရလေသတည်း။

အသုဘသဘော၊ ရွံ့ဖွယ်ပေါ်သည့်၊ ကိုယ်ရော်သူပါ၊ ဤကိုယ်ခန္ဓာကိုပင်၊ စွဲမက်စဖွယ် တင့်တယ်၏ဟူ၍ ရှိရင်း ပြောင်းပြန်၊ မမှန်ကန်အောင်၊ ကြံဖန်စွဲလမ်းကြပြီး၍ ထိုအယုတ် တမာ၊ များစွာပြည့်လျှောင်၊ အပုပ်ကောင်၌ စရိုက်ခလေ့၊ အမိုက် ငွေ့ဖြင့်၊ အတွေ့ကြီးတွေ့၊ အမေ့ကြီးမေ့ကြကုန်သော၊ ရာဂစရိုက် ပွား၊ ငမိုက်သားတို့သည်၊ မိစ္ဆာစာရ၊ စသည့်ညစ်ကျူ၊ ယုတ်မာ မှုတို့ကို အမဲရိုး၌ ခွေးငတ်ကြိုက်သို့၊ နှစ်ခြိုက်ရွှင်မြူး၊ လွန်ကြူး ကြကုန်လျက်၊ အပါယ်လေးဖြာ အိုနာသေရေး၊ ဆင်းရဲဘေးမှ ကရွတ်ကင်းလျှောက်၊ ထပ်ပြန်ရောက်သဖြင့်၊ လွတ်မြောက်ခွင့် မရကြလေကုန်။

ထိုသို့အသုဘပင်၊ သုဘထင်သမျှ၊ ဒုက္ခဝင်္ဋတွင်းမှ မလွတ် ကင်းနိုင်ကြလေသောကြောင့် သတိတမ့်၊ ပညာဉာဏ်ဖြင့် လမ်းမှန်မြော်မြင် သူတော်စင်သည်၊ ဝတ်စားဆင်ပြင်၊

အသက်ရှင်သူမှုလည်းဖြစ်သော၊ ဥဒ္ဓုမာတက၊ စသည်များမြောင် အသေကောင်မှုလည်းဖြစ်သော၊ အပုပ်တွေလှောင်၊ ဤကိုယ် ကောင်၏ အမှန်စင်စစ်၊ တင့်တယ်သောအဖြစ်မှ လုံးဝအစဉ် ရှောင်ကြဉ်အပ်ပြီးသော မတင့်မတယ်၊ ရွံဖွယ်စင်စစ်၊ မူလ အဖြစ်ကို အမိုက်ကင်းပျောက်၊ အလင်းရောက်အောင် ထွင်းဖောက် ရှုမြင်သင့်ပေတော့သတည်း - ဟု မိန့်ဆိုတော် မူထားခြင်းဖြစ်ပေသည်။

သို့ဖြစ်၍ အသုဘသည်
(၁) အသေအသုဘ
(၂) အရှင်အသုဘ
ဟူ၍ နှစ်မျိုးရှိ၏။

ဘာဝနာဆိုသည်မှာ ကြိမ်ဖန်များစွာ နှလုံးသွင်းဆင်ခြင်ခြင်း၊ (ဝါ) ပွားများခြင်းဖြစ်သည်၊ ထို့ကြောင့် "အသုဘ ဘာဝနာ" ဆိုသည်မှာ အသေအသုဘ (အဝိညာဏက အသုဘ)ကိုဖြစ်စေ၊ အရှင်အသုဘ (သဝိညာဏကအသုဘ)ကိုဖြစ်စေ အာရုံပြု၍ ကြိမ်ဖန်များစွာ နှလုံးသွင်းဆင်ခြင်ခြင်း (ဝါ)ပွားများခြင်းဖြစ်သည်။ ထိုအသုဘနှစ်မျိုးတွင် အသေအသုဘကား (၁၀)မျိုးရှိ၏။ ထိုဆယ်မျိုးကား . . .

(၁) ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ်သူသေကောင် (ဥဒ္ဓုမာတက)
(၂) ညိုမဲသောအဆင်းရှိသည့် စက်ဆုပ်ဖွယ်သူသေကောင် (ဝိနီလက)
(၃) ပြည်တစိုစိုယိုထွက်နေသော စက်ဆုပ်ဖွယ် သူသေကောင် (ဝိပုဗ္ဗက)
(၄) နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ဖွယ် သူသေကောင် (ဝိစ္ဆိဒ္ဒက)
(၅) ခွေးမြေခွေးတို့ခဲစားထားသော စက်ဆုပ်ဖွယ် သူသေကောင် (ဝိက္ခာယိတက)
(၆) တခြားစီ ဟိုဟိုဒီဒီစွန့်ပစ်ထားသော စက်ဆုပ်ဖွယ်သူသေကောင် (ဝိက္ခိတ္တက)
(၇) ဓားဖြင့် သတ်ဖြတ်၍ ဟိုဟိုဒီဒီ စွန့်ပစ်ထားသော စက်ဆုပ်ဖွယ် သူသေကောင် (ဟတဝိက္ခိတ္တက)
(၈) သွေးတစက်စက် ယိုထွက်နေသော စက်ဆုပ်ဖွယ် သူသေကောင် (လောဟိတက)
(၉) ပိုးလောက်တို့ဖြင့် ပြည့်နှက်နေသော စက်ဆုပ်ဖွယ် သူသေကောင် (ပုဠုဝက)
(၁၀) အရိုးစုသာဖြစ်သော စက်ဆုပ်ဖွယ်သူသေကောင် (အဋ္ဌိက) တို့ဖြစ်သည်။

## ရာဂစရိုက်နှင့်အသုဘဆယ်မျိုး

ရာဂစရိုက်များသော ပုဂ္ဂိုလ်သည် အသုဘကမ္မဋ္ဌာန်းနှင့် သင့်လျော်၏။ အသုဘကမ္မဋ္ဌာန်းကို ရှုမှတ်ပွားများသော သူ့အား ရာဂတရား တဖြည်းဖြည်း ခေါင်းပါးသွားနိုင်၏၊ အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းကြောင့် ပထမဈာန်မျှကိုသာ ရနိုင်၏။ အကြောင်းမှာ အသုဘအာရုံ၏ အားနည်းခြင်းကြောင့် ဖြစ်သည်။ ချဲ့ဦးအံ့ အသုဘအာရုံကား မနှစ်သက်စရာ၊ စက်ဆုပ်ရွံရှာဖွယ် အာရုံမျိုးဖြစ်၍ ထိုအာရုံ၌ စိတ်ကိုအာရုံသို့ ရှေ့ရှုတင်ပေးတတ်သည့် ဝိတက်မပါဘဲ စိတ်မတည်နိုင်၊ ဝိတက်၏ အစွမ်းကြောင့်သာ ထိုစက်ဆုပ်ဖွယ်အာရုံ၌ စိတ်တည်နိုင်၍ ဝိတက်ပါရှိသော ပထမဈာန်သာရနိုင်၍ ဝိတက်ကင်းသော ဒုတိယဈာန် စသည်တို့ကို မရနိုင်ခြင်းဖြစ်သည်။

ထိုစက်ဆုပ်ဖွယ် အသုဘအာရုံ၌ "ပီတိသောမနဿ" ဖြစ်ခြင်းမှာ အာရုံက စက်ဆုပ်ရွံရှာဖွယ် ကောင်းသော်ငြားလည်း "ဤအကျင့်ဖြင့် အိုခြင်း၊ သေခြင်းမှ ဧကန်မချွတ် လွတ်ရပေတော့မည်"ဟူသော အကျိုးကို မျှော်ကိုးလေ့ရှိခြင်းကြောင့်လည်းကောင်း။ နီဝရဏဟူသော ကိလေသာအပူကို ပယ်ခြင်းကြောင့်လည်းကောင်း၊ ဝမ်းမြောက်ရွှင်လန်းခြင်းပီတိသောမနဿ

တို့ဖြစ်ပေါ်ရခြင်းဖြစ်သည်။ ဥပမာဆိုရလျှင် ပန်းမှိုက်သွန်ခေါ် ဘင်ကျုံးသမားအား "ယခုပင် အခကြေးငွေများစွာကို ရပေတော့မည်"ဟု အကျိုးအာနိသင်ကို အားကိုးမြော်မြင်သောကြောင့် မစင်ပုံ၌ ပီတိသောမနဿဖြစ်သည်နှင့်တူ၏။ အနာကြောင့် ဆင်းရဲဒုက္ခများစွာရောက်နေသော ရောဂါသည်အား (ဆေးကြောင့်) "ပျို့အန်ခြင်း၊ ဝမ်းသက်ခြင်း"ဖြစ်ရာ၌ ပီတိသောမနဿဖြစ်သည်နှင့်လည်း တူ၏။

ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်ကား ရုပ်ပုံသဏ္ဌာန်၌ တပ်မက်မှု ရာဂအားကြီးသောပုဂ္ဂိုလ်စသည်ဖြင့် ပုဂ္ဂိုလ်အမျိုးမျိုးရှိ၏။ ထိုပုဂ္ဂိုလ်အမျိုးမျိုးအလိုက် အသုဘအပြားကိုလည်း ဆယ်ပါးခွဲခြား၍ ဟောကြားတော်မူထားခြင်းဖြစ်သည်။ မည်သို့သော ရာဂရှိသူအား မည်သည့်အသုဘကို အားထုတ်ရမည့်အကြောင်း ဖော်ပြပါဦးမည်။

(၁) ရုပ်ပုံသဏ္ဌာန်ကို တပ်မက်မှု စုံမက်မှု စရိုက်ရှိသူအား ဥဒ္ဓုမာတက အသုဘသင့်၏၊ ရာဂငြိမ်းဆေးဖြစ်၏။

(၂) အရေအဆင်း ဝါဝင်းဖွေးဖြူ၊ စုံမက်သော စရိုက်ရှိသူအား ဝိနီလက အသုဘသင့်၏။

(၃) ပန်းနံ့သာစသော အနံ့၌ စုံမက်မှုရာဂစရိုက်ရှိသူအား ဝိပုဗ္ဗက အသုဘသင့်၏။

(၄) တခဲနက်အဖြစ် လုံးလုံးကျစ်ကျစ်ကို နှစ်သက်သော စရိုက်ရှိသူအား ဝိစ္ဆိဒ္ဒက အသုဘသင့်၏။
(၅) အိအိစက်စက်ချောညက်သော အသားစိုင်၌ တပ်မက်မှု ရာဂစရိုက်ရှိသူအား ဝိက္ခာယိတက အသုဘသင့်၏။
(၆) အင်္ဂါကြီးငယ်တို့၏ တင့်တယ်မှု၌ တပ်မက်ခြင်း စရိုက်ရှိသူအား ဝိက္ခိတ္တက အသုဘသင့်၏။
(၇) ချောမောပြေပြစ်သောကိုယ်၌ တပ်မက်ခြင်း စရိုက်ရှိသူအား ဟတဝိက္ခိတ္တက အသုဘသင့်၏။
(၈) အဆင်တန်ဆာရောင်ကြောင့် ပြောင်ပြောင်လက်လက်၌ နှစ်သက်သောစရိုက်ရှိသူအား လောဟိတက အသုဘသင့်၏။
(၉) ငါ့ဥစ္စာ၊ ငါတစ်ဦးတည်းပိုင်ဟု ပိုင်ပိုင်စိုးစိုး မြတ်နိုးသော စရိုက်ရှိသူအား ပုဠုဝက အသုဘသင့်၏။
(၁၀) သွားကောင်းခြင်း၌ တပ်မက်မှု စရိုက်ရှိသူအား အဋ္ဌိက အသုဘသင့်၏။

## အသုဘကမ္မဋ္ဌာန်း၏ ရှေးဦးမှတ်ဖွယ်များ

အသုဘကမ္မဋ္ဌာန်းစီးဖြန်းပွားများမည့် ယောဂီပုဂ္ဂိုလ်သည် မပွားမီ ဤအချက်အလက်အချို့ကို သိထားရမည်၊ ယောဂီပုဂ္ဂိုလ်

သည် အသွင်သဏ္ဌာန်ကွဲသော(ဝါ)လိင်မတူသော ဝိသဘာဂ သူသေကောင်ကို အသုဘ မရှုရ၊ ဝိသဘာဂဆိုသည်မှာ ယောကျ်ားအား မိန်းမ၏ကိုယ်ကောင်သည်လည်းကောင်း၊ မိန်းမအား ယောကျ်ား၏ကိုယ်ကောင်သည်လည်းကောင်း အသွင်သဏ္ဌာန်ချင်းမတူ၊ လိင်မတူသော ဝိသဘာဂဖြစ်၏။

ထိုဝိသဘာဂ သူသေကောင်သည် သေပြီးခါစ လောလော လတ်လတ်ဖြစ်ပါမူ တင့်တယ်သည့် အနေအထားအားဖြင့် ထင်ရတတ်၏။ ထိုသို့ထင်ခြင်းကြောင့် ယောဂီအား ပြဟ္မစရိယ ခေါ်သော သီလအကျင့်မြတ်၏ အန္တရာယ်ဖြစ်နိုင်၏။ ကျိုက်ကျိုက်ဆူလျက် အဆင်းသဏ္ဌာန်ပျက်နေသော်ငြားလည်း မိန်းမ၏ ကိုယ်သည် ယောကျ်ား၏စိတ်ကို အကုန်လုံးဆွဲငင် ယူနိုင်၏ဟု မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ မိန့်ဆိုထားသောကြောင့် ဝိသဘာဂ သူသေကောင်ကို အသုဘ မရှုရ၊ ယောကျ်ား အချင်းချင်း မိန်းမအချင်းချင်း သဘောတူသော သူသေကောင်၌ သာ အသုဘ ရှုရမည်။

အသုဘရှုရာ၌ ယောဂီပုဂ္ဂိုလ်သည် မိမိထိုင်သင့်သော အရပ်ကို ပိုင်းခြားရွေးချယ်ရမည်။ အသုဘအာရုံထင်ရှားပေါ်ရာ စိတ်လည်း ငြိမ်သက်ခံ့ကျန်းရာ အရပ်၌ထိုင်ရ၏။ သူသေကောင် ၏ လေညာ လေကြေ (လေအောက်) အရပ်မျိုး၌ မထိုင်ရ

ထို့ကြောင့် လေညာတည့်တည့်မှ အနည်းငယ်တိမ်း၍ လေညာ တည့်တည့် မကျလွန်းသော အရပ်၌ တည်နေရာ၏။ ဤသို့ တည်နေရာ၌လည်း အသုဘကောင်နှင့် မဝေးလွန်း၊ မနီးလွန်း သောအရပ်၊ ခြေရင်းခေါင်းရင်း မဟုတ်သော အရပ်၌ ထိုင်ရာ၏။

အပြစ်ကား -ဝေးလွန်းသောအရပ်၌တည်လျှင် အာရုံမထင် ရှားဘဲ ရှိတတ်၏။ နီးလွန်းသော အရပ်၌တည်လျှင် ကြောက်စိတ် ဖြစ်ပေါ်လာတတ်၏။ ခြေရင်း ခေါင်းရင်းအရပ်၌ ရပ်တည်နေ လျှင် အသုဘကောင်တစ်ကိုယ်လုံး ညီတူညီမျှ မထင်ပေါ် တတ် ပေ။ ထို့ကြောင့် မနီးလွန်း မဝေးလွန်း၍ ကြည့်ရှု အာရုံပြုရန် လွယ်ကူချမ်းသာရန်ဖြစ်သော သူသေကောင်၏ အလယ်ပိုင်း အရပ်၌ တည်ရာ၏၊ ထိုင်ရာ၏။

## ဥဒ္ဓုမာတက အသုဘ ကမ္မဋ္ဌာန်းစီးဖြန်းပုံ

ဥဒ္ဓုမာတက အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ရှေ့တွင် ဆိုခဲ့ပြီးသည့်အတိုင်း သဘာဂဖြစ် သော သူသေကောင်မှ မဝေးလွန်း၊ မနီးလွန်းသော အရပ်၌ ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ မျက်စိကို ဖွင့်ကာကြည့်၍ နိမိတ်ကိုယူရ၏။ "ဖူးဖူးယောင်နေသော စက်ဆုပ်ဖွယ် သူသေ ကောင်၊ ဖူးဖူးယောင်နေသော စက်ဆုပ်ဖွယ် သူသေကောင်"ဟု

စိတ်က နှလုံးသွင်းလျက် အကြိမ်တစ်ရာ၊ အကြိမ်တစ်ထောင် ''က်စိဖွင့်လျက် ကြည့်နေရ၏။ ထိုအသုဘအာရုံ၌ ရခဲသော ရတနာမြတ်ဟု အမှတ်ပြုကာ ရိုသေလေးစားခြင်းကို ဖြစ် စေလျက် အမြတ်တနိုး စောင့်ရှောက်ရ၏။ ညဉ့်၌ဖြစ်စေ၊ နေ့၌ ဖြစ်စေ၊ "ဖူးဖူးယောင်နေသော စက်ဆုပ်ဖွယ် သူသေကောင် ဖူးဖူးယောင်နေသော စက်ဆုပ်ဖွယ် သူသေကောင်"ဟု စိတ်ကို အဖန်ဖန်ဆောင်ကပ် ဖွဲ့ချည်ထားရ၏၊ စိတ်တည်ငြိမ်အောင် ပြုရ၏၊ ထိုနိမိတ်ကို အကြိမ်ကြိမ် ဆင်ခြင်ရ၏၊ စိတ်နှလုံးသွင်းရ ၏၊ သမ္မာသက်ပ္ပဟူသော ကြံစည်မှုဖြင့် ထုနှက်သလို နှလုံးသွင်း ခြင်း၊ အထူးကြံစည်မှုဖြင့် အဖန်ဖန် နှလုံးသွင်းခြင်းကို ပြုရ၏။

ဤသို့ အဖန်ဖန် နှလုံးသွင်းခြင်းကိုပြုသော ယောဂီအား ဥဂ္ဂဟနိမိတ်ကို ကောင်းစွာရနိုင်၏၊ မျက်စိဖွင့်လျက် ကြည့်စဉ်၌ ကဲ့သို့ မျက်စိမှိတ်ထားပြီး ဆင်ခြင်စဉ် တစ်ထပ်တည်းတူစွာ အသုဘအာရုံ ပေါ်လွင်ထင်ရှားနေခြင်းကိုပင် ဥဂ္ဂဟနိမိတ်ရ သည်ဟု ဆိုသည်၊ ဥဂ္ဂဟနိမိတ်သည် ဖောက်ပြန်သော အဆင်း ရှိသည်။ အရုပ်ဆိုးသည်၊ ကြောက်မက်ဖွယ် ပုံပန်းရှိသည်ဖြစ်၍ ထင်ပေါ်၏။

ထို့နောက် အဖန်ဖန်နှလုံးသွင်းခြင်းကို ပြုသော ထိုယောဂီအား ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏။ ပဋိဘာဂနိမိတ်သည်ကား အလိုရှိတိုင်း စားသောက်ပြီး လဲလျောင်းနေသော ဆူဖြိုးသည့် ကိုယ်အင်္ဂါကြီးငယ်ရှိသော ယောကျ်ားကဲ့သို့ ထင်ပေါ်၏။

ထိုယောဂီမှာ ပဋိဘာဂနိမိတ်ကို ရသည်နှင့် တစ်ပြိုင်နက် ပင်လျှင် ပြင်ပ၌ ကာမအာရုံတို့ကို နှလုံးမသွင်းခြင်းကြောင့် အချိန်ကြာကြာ ကာမစ္ဆန္ဒနီဝရဏကင်းကွာ၏၊ သွေးကင်းသွားလျှင် ပြည်လည်းကင်းသကဲ့သို့ ထိုယောဂီမှာ ကာမစ္ဆန္ဒကင်းကွာခြင်းကြောင့် ဗျာပါဒ(ဒေါသ)နီဝရဏလည်း ကင်းကွာ၏၊ ထို့အတူ ပြင်းစွာအားထုတ်ခြင်း သမ္မပ္ပဓာန်လုံ့လဝီရိယကြောင့် ထိုင်းမှိုင်းပျင်းရိမှု ထိနမိဒ္ဓနီဝရဏ ကင်းပျောက်၏ စိတ်နှလုံးရွှင်ပြုံးခြင်းကို ပြုတတ်သော၊ ငြိမ်းအေးချမ်းမြေ့သော (သီလ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ အစရှိသော) တရားတို့ ဖြစ်ပေါ်ခြင်းကြောင့် စိတ်ပျံ့လွင့်မှုဥဒ္ဓစ္စ၊ နောင်တ တစ်ဖန် ပူပန်မှု ကုက္ကုစ္စနီဝရဏတို့ ကင်းပျောက်ကုန်၏၊ ရထားပြီးသော ဥပစာရသမာဓိအစွမ်းကြောင့် ပဋိပတ်ကို ဟောသော ဆရာ ဘုရား၌ လည်းကောင်း၊ ပဋိပတ်အကျင့်တရား၌လည်းကောင်း၊ အကျင့်တရား၏ အကျိုး၌ လည်းကောင်း ယုံမှားမှု ဝိစိကိစ္ဆာနီဝရဏ ကင်းပျောက်ပြီး ဤသို့လျှင် ငါးပါးသော နီဝရဏတရားတို့ကို ပယ်ပြီး ဖြစ်ကုန်၏၊

ထို့ပြင် ထိုပဋိဘာဂနိမိတ်အာရုံ၌ပင်လျှင် စိတ်ကို အာရုံသို့ ရှေ့ရှုတင်ပေးခြင်း လက္ခဏာရှိသော ကြံစည်မှု ဝိတက်တရား ထင်ရှားဖြစ်လာ၏၊ ပဋိဘာဂနိမိတ် အာရုံကို အဖန်တလဲလဲ ဆင်ခြင်သုံးသပ်မှု ဝိစာရလည်း ထင်ရှားဖြစ်လာ၏၊ သမာဓိတရားထူးကို ရပြီဟု သိခြင်းကြောင့် နှစ်သက်အားရမှု ပီတိလည်း ဖြစ်လာ၏။ ပီတိနှင့်ယှဉ်သော စိတ်ရှိသူအား ငြိမ်းအေးမှု ပဿဒ္ဓိဖြစ်ရိုးရှိသောကြောင့် ပဿဒ္ဓိတရား ဖြစ်ပွားလာပြီးနောက် ထိုပဿဒ္ဓိကြောင့် စိတ်ချမ်းသာမှု သုခလည်း ဖြစ်ပေါ်လာ၏၊ ချမ်းသာနှင့် ပြည့်စုံသော သူအား စိတ်၏တည်ကြည်မှု သမာဓိ ဖြစ်ရိုးရှိသောကြောင့် သုခလျှင် အကြောင်းရင်းရှိသော အာရုံတစ်ခုတည်း ရှိသည်၏အဖြစ် ဧကဂ္ဂတာလည်း ထင်ရှားဖြစ်ပေါ်လာ၏၊ ဤသို့အားဖြင့် ငါးပါးသော ဈာန်အင်္ဂါတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏။

ဤဆိုခဲ့ပြီးသောအတိုင်း ထိုယောဂီမှာ ပထမဈာန်နှင့် ပုံတူဖြစ်သော ဥပစာရဈာန်သည်လည်း ထိုပဋိဘာဂနိမိတ်ထင်သော ခဏ၌ပင် ဖြစ်ပေါ်၏၊ ဤသို့ ပဋိဘာဂနိမိတ်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ်ကို စကြာမင်းလောင်း ကိုယ်ဝန်သားကို တလေးတစား စောင့်ရှောက်သော မိခင်ကဲ့သို့

လေးလေးစားစား စောင့်ရှောက်ကာ မမေ့မလျော့ အထပ်ထပ် အားထုတ်ကြည့်ရှု ပွားများရ၏၊ ထိုအခါ စိတ်သည် တဖြည်းဖြည်း ရင့်သန်ကြီးထွားလျက်၊ အားကောင်းငြိမ်သက်လျက် အာရုံကို ခိုင်မြဲစွာတွယ်၍ အာရုံထဲသို့ ဝင်ဘိသကဲ့သို့ ဖြစ်ကာ အာရုံကို စူးစိုက်၍၊ ငြိမ်၍၊ မှိန်း၍၊ ခံစား၍ ဖြစ်ပေါ်၏၊ ထိုစိတ်ကို ဈာန် အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပထမဈာန်စိတ်ဟု ခေါ်၏။

ထိုပထမဈာန်စိတ် ဖြစ်ပေါ်လာပုံ (အပ္ပနာဝီထိ)မှာ စိတ်သည် ရှေ့ဇောဝါရအဆုံး ဘဝင်ကျ၍၊ ဘဝင်မှ ထပြီးလျှင် ဤပဋိဘာဂနိမိတ်ကို အာရုံပြု၍ အာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ ဂေါတြဘူ၊ ဈာန်စိတ်ဟု ဈာန်ဇောတစ်ကြိမ်၊ ထို့နောင် ဘဝင်ကျသွား၏၊ ဤကား ဥဒ္ဓုမာတက အသုဘကို ပွားများ စီးဖြန်း၍ ပထမဈာန်ရပုံအထိ ဖြစ်သည်။

## ကျန်အသုဘများကို ဆင်ခြင်ပွားများနည်း

ထိုဥဒ္ဓုမာတက အသုဘကို ပွားများနှလုံးသွင်းဆင်ခြင် သည့် နည်းတူ -

(၁) ဝိနီလကအသုဘကောင်ကို ကြည့်၍ "ညိုမဲနေသော စက်ဆုပ်ဖွယ်သူသေကောင်"ဟု အကြိမ်ကြိမ် အဖန်ဖန် နှလုံးသွင်းဆင်ခြင်ရ၏။

(၂) ဝိပုဗ္ဗက အသုဘ၌လည်း "ပြည်တစိုစို၊ ယိုထွက်နေသော စက်ဆုပ်ဖွယ် သူသေကောင်"ဟု အဖန်ဖန် နှလုံးသွင်း ဆင်ခြင်ရ၏။

(၃) ဝိစ္ဆိဒ္ဒက အသုဘ၌လည်း "နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ဖွယ် သူသေကောင်"ဟု အဖန်ဖန် နှလုံးသွင်း ဆင်ခြင်ရ၏။

(၄) ဝိက္ခာယိတက အသုဘ၌ "အမျိုးမျိုးခဲစားထားသော စက်ဆုပ်ဖွယ် သူသေကောင်ဟု အဖန်ဖန် နှလုံးသွင်း ဆင်ခြင်ရ၏။

(၅) ဝိက္ခိတ္တက အသုဘ၌ "ထိုမှဤမှ ဖရိုဖရဲ ပစ်ချထားသော စက်ဆုပ်ဖွယ် သူသေကောင်"ဟု အဖန်ဖန် နှလုံးသွင်း ဆင်ခြင်ရ၏။

(၆) ဟတဝိက္ခိတ္တက အသုဘ၌ "သတ်ပြီး ထိုထိုအရပ်၌ ပစ်ချထားသော စက်ဆုပ်ဖွယ် သူသေကောင်"ဟု အဖန်ဖန် နှလုံးသွင်း ဆင်ခြင်ရ၏။

(၇) လောဟိတက အသုဘ၌ "သွေးယိုထွက်နေသော စက်ဆုပ်ဖွယ် သူသေကောင်"ဟု အဖန်ဖန် နှလုံးသွင်း ဆင်ခြင်ရ၏။

(၈) ပုဋ္ဌဝကအသုဘ၌ "ပိုးလောက်ပြည့်နေသော စက်ဆုပ်ဖွယ် သူသေကောင်"ဟု အဖန်ဖန် နှလုံးသွင်း ဆင်ခြင် ရ၏။

(၉) အဋ္ဌိက အသုဘ၌ "အရိုး အရိုးစုသာဖြစ်သော စက်ဆုပ်ဖွယ် သူသေကောင်"ဟု အဖန်ဖန် နှလုံးသွင်း ဆင်ခြင် ရ၏။

ဤသို့ ဥဒ္ဓုမာတက အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းပုံနည်း အတိုင်း ပထမစျာန်ရသည်အထိ စီးဖြန်းကြရသည်။

## အရှင်အသုဘ၌ ကမ္မဋ္ဌာန်းစီးဖြန်းပုံ

ရှေ့တွင် တင်ပြခဲ့သည့်အတိုင်း အသုဘကမ္မဋ္ဌာန်းမှာ ဆယ်ပါးရှိသော်ငြားလည်း လက္ခဏာအားဖြင့် "မစင်မကြယ်၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းခြင်း" ဆိုသည့် လက္ခဏာ တစ်ပါး တည်းသာရှိ၏။ အမှန်စင်စစ် ထိုလက္ခဏာသည် သူသေကောင် ၌သာ ရှိသည်မဟုတ်၊ အသက်ရှင်နေသူများ၌လည်းရှိ၏။ ထို့ကြောင့် အသက်ရှင်နေသူများသည်လည်း "အသုဘ"ပင် ဖြစ်သည်။ မှန်၏ စေတိယတောင်၌ သီးတင်းသုံးတော်မူသော မဟာတိဿ မထေရ်အား သတ်ရှိမိန်းမ၏ သွားရိုးကိုမြင်လျှင်

စက်ဆုပ်ရွံရှာဖွယ် အသုဘနိမိတ်ထင်၏။ ဆင်တော်၏ ကျောက်ကုန်းထက်၌ တည်နေသော မင်းကို ကြည့်ရှုစဉ် သံယရက္ခိတမထေရ်၏ အလုပ်အကျွေး သာမဏေအား အသုဘနိမိတ်ထင်၏။

အတန်ငယ်ဆက်၍ ဆိုဦးအံ့၊ သေသူ၏ ကိုယ်ကဲ့သို့ပင် ရှင်ဆဲလူ၏ ကိုယ်သည်လည်း မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ် အသုဘပင် ဖြစ်၏၊ ဤရှင်ဆဲ ခန္ဓာကိုယ်ကြီးကို ညစ်ကြေးသုတ် သင် အငှားဆင်၍ ပြုပြင်ဖန်ထား၊ တန်ဆာများဖြင့်၊ မဖွယ်ရာကို၊ ကွယ်ကာ ဖုံးထားအပ်သည့်အတွက် စက်ဆုပ်ရွံဖွယ် မတင့်တယ်ဟု မှတ်စရာ အသုဘ လက္ခဏာမှာ လူအများစုအား မထင်ရှားဘဲ ရှိနေခြင်း ဖြစ်ပေသည်။

ဤခန္ဓာကိုယ်ကြီးကား အတွင်းက အရိုးပေါင်း သုံးရာကျော်တို့ကို တိုင်ထူလျက် တစ်ရာ့ရှစ်ဆယ်သော အဆက်အစပ်တို့ဖြင့် ဆက်စပ်ထား၏၊ ကိုးရာသော အကြောတည်းဟူသော ကြိမ်နွယ်တို့ဖြင့် ဖွဲ့ကြက်တုပ်နှောင်ကာ အသားတစ်ကိုးရာတို့ဖြင့် လိမ်းကျံမွမ်းမံထားသည့်အပြင် စိုသောအရေထူဖြင့် မြှေးယှက်ထားပြီး အပေါ်ယံ အရေပါးကို ဖုံးလွှမ်းထားသည့်အတွက် ခန္ဓာအိမ်ကြီး ဖြစ်နေခြင်း ဖြစ်သည်။

ထိုခန္ဓာအိမ်ကြီးကွင် အခိုးအငွေ့ပေါက် ခေါ်သော မွေးညင်းပေါက် အသေးအမွှား အပေါက်များ အနံ့အပြားရှိ၏၊ အဆီထည့်ထားသော မြေအိုး မြေခွက်ကဲ့သို့ အထက်အောက် ဆူပွက်ယိုထွက်လျက်ရှိ၏။ ပိုးအပေါင်းတို့ မှီဝဲရာ၊ အနာရောဂါတို့ စွဲကပ်ရာ၊ ဆင်းရဲဒုက္ခတို့ ဖြစ်ပွားရာနေရာ ဖြစ်၏။ အနံ့အပြား ပေါက်ကွဲနေသော အိုင်းအမာ အိုးကြီးကဲ့သို့ အမာဝ ကိုးပေါက် တို့မှ အမြဲမပြတ် အညစ်အကြေးများ ယိုထွက်လျက် ရှိ၏။

ယိုထွက်ပုံကား မျက်စိပေါက်နှစ်ခုတို့မှ မျက်ရည်မျက်ချေး များ ယိုထွက်၏၊ နားပေါက် နှစ်ခုတို့မှ နဖာချေး ယိုထွက်၏၊ နှာခေါင်းပေါက် နှစ်ခုတို့မှ နှာရည်နှင့် နှပ်ချေးတို့ ယိုထွက်၏၊ ခံတွင်းမှ အစာသစ်၊ သည်းခြေ၊ သလိပ်၊ တံတွေး၊ သွေးတို့ အန်ထွက်ကြ၏၊ အောက်ဒွါရတို့မှ ကျင်ကြီးကျင်ငယ်နှင့် သွေးတို့ ယိုထွက်ကြ၏၊ ကိုးသောင်း ကိုးထောင်သော မွေးညင်းပေါက်တို့မှ စက်ဆုပ်ဖွယ် ချွေးစေး၊ ချွေးရည် ယိုထွက်၏၊ အညစ်အကြေး အမျိုးမျိုးတို့ ယိုထွက်နေသည့် ခန္ဓာအိမ်ကြီးကို ယင်မမဲရိုင်းစသော အကောင်တို့ ဝန်းရံလျက် နားကြ၊ စုပ်ကြ၏။

ထိုခန္ဓာကိုယ်ကြီးကို သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်း၊ ဦးခေါင်းကို ဆီလိမ်းခြင်း၊ ရေချိုးခြင်း၊ ခါးဝတ်ကိုယ်ရုံဝတ်ခြင်း

စသည်တို့ဖြင့် မသုတ်သင်မပြုပြင်ဘဲ၊ ဖရိုဖရဲကြသော ဆံပင်တို့ဖြင့် မိမွေးတိုင်းသာ ထားပါလျှင် မစင်မကြယ် ရွံဖွယ်ညီသို့၊ အနံ့ဆိုးရှိလျက် စက်ဆုပ်ဖွယ် ကိုယ်ရှိပုံချင်း တူညီနေသောကြောင့် ပြည့်ရှင်မင်းနှင့် ဒွန်းစဏ္ဍားတို့ကိုပင် ခွဲခြား၍ မရဘဲ ရှိရာ၏။

အမျိုးမျိုးသော အဝတ်အထည်တို့ဖြင့် ဖုံးသင့်ရာ ရှက်ဖွယ်ကိုယ်အင်္ဂါတို့ကို ဖုံးလွှမ်း၍ အသွေးအရောင် အမျိုးမျိုးရှိသော အမွှေးအကြိုင် နံ့သာတို့ဖြင့် လိမ်းကျံ၍ ပန်းစသော အဆင်တန်ဆာ တို့ဖြင့် တန်ဆာဆင်၍ ကိုယ့်ကိုယ်ကို အထင်ကြီးအောင် ပြုလုပ်နေကြသည်။ ထို့ကြောင့် ဤခန္ဓာကိုယ်ကြီး၏ စက်ဆုပ်ရွံရှာဖွယ် ပင်ကိုယ်လက္ခဏာသဘောမှန်ကို မသိမမြင်နိုင်ကြတော့ဘဲ တစ်ဦးနှင့်တစ်ဦး ကြည်နူး နှစ်သက် တပ်မက်နေကြခြင်း ဖြစ်သည်၊ အမှန်စင်စစ် ပရမတ် သဘောအားဖြင့်မူ ဤခန္ဓာကိုယ်ထဲ၌ တပ်မက် နှစ်သက်စရာ အနုမြူမျှပင်သော်လည်း မရှိပါချေ၊ စက်ဆုပ်ရွံရှာဖွယ် အသွယ်သွယ်တို့နှင့် ပြည့်နှက်လျက်ရှိ၏၊ ဤသက်ရှိ ခန္ဓာကိုယ်ကြီး၏ စက်ဆုပ်ရွံရှာဖွယ် ပကတိ သဘောလက္ခဏာကို ယောဂီပုဂ္ဂိုလ်သည် ဉာဏ်ဖြင့်ဆင်ခြင် အသုဘထင်အောင် ရှုမြင်သုံးသပ်ရပေသည်။

## ဆင်ခြင်ရန်လက်ာများ

(၁) ငါ၏ကိုယ်လဲ၊ သေကောင်နဲ့၊ မလွဲဖြစ်မည်သာ။
(၂) သေကောင်အလား၊ ဤကိုယ်ကား၊ ပြည့်ငြား ရွံဖွယ်သာ။
(၃) အမြတမ်းသိုး၊ အပုပ်အိုး၊ နံ့ဆိုးရွံဖွယ်သာ။
(၄) ယိုကျသမျှ၊ အဝဝ၊ မုချရွံဖွယ်သာ။
(၅) ကိုးပေါက်ဒွါရ၊ အမာဝ၊ ယိုကျရွံဖွယ်သာ။
(၆) မျက်ဝတ်၊ နဖာချေး၊ **နှပ်၊ တံတွေး**၊ ယိုစေး ချွဲခန်းသာ။
(၇) အစာသစ်သည်းခြေ၊ **သလိပ်ပေ**၊ သွေးတွေအန် ထွက်လာ။
(၈) ကျင်ငယ်၊ ကျင်ကြီး၊ ယိုကျစီး၊ အပြီးရွံဖွယ်သာ။
(၉) မွေးညင်းပေါက်များ၊ အနံ့ပြား၊ ထွက်ငြား ချွေးတွေသာ။
(၁၀) လေပုပ် လေသိုး အမျိုးမျိုး နံ့ဆိုးထွက်ခါခါ။
(၁၁) ပိုးတို့ပျော်ရာ စွဲရောဂါ၊ ကိုယ်မှာဒုက္ခဖြာ။
(၁၂) အရိုးတိုင်သဘော၊ ရစ်ပတ်ကြော၊ ရှုလောဤခန္ဓာ။
(၁၃) အသားကပ်မြှုပ်၊ အရေအုပ်၊ စက်ဆုပ်ရွံဖွယ်သာ။

(၁၄) ဤကိုယ်တွင်းသား၊ ပြန်လှန်ထား၊ သွေးသား ရွံဖွယ်သာ။
(၁၅) ကျီး၊ ခွေး၊ လင်းတ၊ ဝိုင်းအုံကြ၊ ထိုးကြ ကိုက်ကြမှာ။
(၁၆) လေး၊ မြား၊ တုတ်ချောင်း၊ စုကာပေါင်း၊ ခြောက်မောင်း ရမည်သာ။
(၁၇) ဤကိုယ်ကြီးဟာ၊ နှစ်မပါ၊ ရွံရှာဖွယ်ပါတကား။

## ၃၂-ကောဋ္ဌာသ၌ အသုဘရှုဆင်ခြင်ပုံ

သတ္တဝါတို့၏ ခန္ဓာကိုယ်၌ရှိသော ပထဝီဓာတ်(၂၀)၊ အာပေါဓာတ်(၁၂)ပါး၊ ပေါင်း သုံးဆယ်နှစ်ပါးကို "၃၂-ကောဋ္ဌာသ" (သုံးဆယ့်နှစ်ပါးသော အဖို့ အစု)ဟု ခေါ်၏။ အရှင် (သဝိညာဏက) အသုဘအရာ၌ ဤ ၃၂-ကောဋ္ဌာသ၌လည်း စက်ဆုပ်ရွံရှာဖွယ် အသုဘသဘောကိုလည်း ရှုဆင်ခြင်နိုင်၏။ ၃၂-ကောဋ္ဌာသကား စာရှုသူတို့ သိရှိထားသည့်အတိုင်း "ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ (ပထဝီဓာတ်များ)၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ **မျက်ရည်၊ ဆီကြည်၊** တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် (အာပေါဓာတ်များ)တို့ ဖြစ်ကြသည်။

ယောဂီပုဂ္ဂိုလ်သည် ဆံပင်တို့၌ ရှေးဦးစွာ အသုဘထင်ကြောင်း နိမိတ်ကိုယူရ၏။ ဤဆံပင်တို့မည်သည် အဆင်းအားဖြင့်လည်း စက်ဆုပ်ဖွယ် ရှိကြ၏။ ပုံသဏ္ဍာန်အားဖြင့်လည်း စက်ဆုပ်ဖွယ် ရှိကြ၏။ အနံ့အားဖြင့်လည်း စက်ဆုပ်ဖွယ် ရှိကြ၏။ တည်ရာအားဖြင့်လည်း စက်ဆုပ်ဖွယ် ရှိကြ၏။ ဥပမာ အားဖြင့် စားသောက်နေသော ထမင်းပန်းကန်ထဲ၌ ဆံပင် တစ်မျှင်ကိုပင် တွေ့မြင်ရလျှင် ရွံရှာစက်ဆုပ်သွား၏။ ဆံပင်ကဲ့သို့ အမဲမျှင်ကလေးကို မြင်တွေ့ရလျှင်လည်း ရွံရှာစက်ဆုပ် သွားတတ်၏။ ဆီလိမ်းခြင်း၊ ပန်းအမွှေးအထုံတို့မှ ကင်းသော ဆံပင်၏ အနံ့သည် စက်ဆုပ်ရွံရှာဖွယ် ဖြစ်၏။ ဆံပင်သည် သွေး၊ ကျင်ကြီး၊ ကျင်ငယ်၊ သည်းခြေ၊ သလိပ် စသည်တို့ကြောင့် ဖြစ်ပေါ်လာရသောကြောင့် စက်ဆုပ်ရွံရှာဖွယ်ပင် ဖြစ်၏။ မသန့်သော ကိုယ်အရပ်၌ ဖြစ်ကြသောကြောင့် အလွန်ပင် စက်ဆုပ်ဖွယ် ကောင်းကြ၏။

ဤဆံပင်နည်းတူ ကျန်ကောဋ္ဌာသများကိုလည်း အဆင်း၊ သဏ္ဍာန်၊ အနံ့၊ မှီရာအကြောင်း၊ တည်ရာအရပ် ဟူသော ငါးမျိုးအားဖြင့် "စက်ဆုပ်ဖွယ်၊ စက်ဆုပ်ဖွယ်" ဟု အကြိမ်ကြိမ် အဖန်ဖန် ရှုမြင်နှလုံးသွင်းရ၏။ ဤသို့ နှလုံးသွင်းသော ယောဂီအား အမည်ပညတ်ကို လွန်မြောက်သွားသောအခါ

ဥပမာအားဖြင့် မျက်စိကောင်းသော ယောကျ်ားသည် အရောင်သုံးဆယ့် နှစ်မျိုးရှိသော ပန်းသုံးဆယ်နှစ်မျိုးဖြင့် သီကုံးထားသော ပန်းကုံးကို ကြည့်ရှုဖန်များလျှင် မျက်စိတွင် ပန်းအားလုံးတို့ တစ်ပြိုင်နက် ပေါ်နေသကဲ့သို့ ထို့အတူ ထိုယောဂီအား မိမိကိုယ်ကို ဉာဏ်ဖြင့် ကြည့်ရှုနေစဉ် ထို ၃၂-ကောဋ္ဌာသတရားတို့သည် တစ်ပြိုင်နက်လိုပင် ထင်ရှားပေါ်ကုန်၏။

ထို့ပြင် သူတစ်ပါးသန္တာန်၌လည်း "ငါ့သန္တာန်မှာလိုပင် အားလုံးစက်ဆုပ်ဖွယ်ချည်း"ဟု နှလုံးသွင်းရမည်။ ထိုအခါ ယောဂီပုဂ္ဂိုလ်အား ပြဆိုခဲ့သည့်အတိုင်း ကောဋ္ဌာသအားလုံးတို့ ထင်ကြလျှင် (မြင်မြင်သမျှ) လှည့်လည်သွားလာနေကြသော လူ၊ တိရစ္ဆာန် စသည်တို့မှာ သတ္တဝါအချင်းအရာ ကင်းကုန်လျက် စက်ဆုပ်ဖွယ် ကောဋ္ဌာသ အစုအပုံ အနေအားဖြင့်သာ ထင်ပေါ်ကုန်၏။ ထို လူ တိရစ္ဆာန်တို့ စားမျိုသော စားဖွယ် သောက်ဖွယ် စသည်တို့သည်လည်း စက်ဆုပ်ဖွယ်ကောဋ္ဌာသ အစုအပုံထဲ၌ပင် ထင်ပေါ်လေသည်။

ထိုအခါ "စက်ဆုပ်ဖွယ်"ဟူ၍ အဖန်တလဲလဲ နှလုံးသွင်းသော ထိုယောဂီအား အစဉ်အတိုင်း တိုးတက်သောအားဖြင့် ပဋိဘာဂနိမိတ်ဟူသော အပ္ပနာသည် ဖြစ်ပေါ်လာ၏။ ထိုသို့ဖြစ်ရာ၌

ဆံပင်စသည်တို့၏ အဆင်း, သဏ္ဌာန်၊ အရပ်၊ တည်ရာ၊ အပိုင်း အခြားအားဖြင့် ထင်ခြင်းသည် ဥဂ္ဂဟနိမိတ်ဖြစ်၏။ ခပ်သိမ်း သော အခြင်းအရာအားဖြင့် စက်ဆုပ်ဖွယ်ဟု ထင်ခြင်းသည် ပဋိဘာဂနိမိတ်ပေတည်း။ ထိုပဋိဘာဂနိမိတ်ကို (ဝါ-ထိုပဋိဘာဂ နိမိတ်လျှင် အာရုံရှိသော နှလုံးသွင်းမှုကို) အထပ်ထပ် ပွားများ သော ယောဂီပုဂ္ဂိုလ်အား ပထမဈာန်ဟူသော အပ္ပနာဖြစ်၏။ ဤကား ဝိသုဒ္ဓိမဂ်လာ အသုဘကမ္မဋ္ဌာန်း စီးဖြန်းပွားများနည်း ဖြစ်သည်။

## မဟာဝိဇယသုတ်လာ အရှင် အသုဘ ရှုနည်း

သုတ္တနိပါတ်ပါဠိတော် ဝိဇယသုတ္တန်လာ အသုဘရှုနည်း ကို ဆက်လက်ပြဆိုပါမည်။ ဘုရားရှင်သည် အသက်ရှင်နေသော ခန္ဓာကိုယ်၌ အသုဘ သဘောတရား မထင်ရှားအောင် ဖြစ်နေ သည့် ခန္ဓာကိုယ်၏ သဘောအနေအထားကို ယောဂီတို့ **ခန့်မှန်း** နိုင်အောင် ရှေးဦးစွာ "အဋ္ဌိ နဟာရု သံယုတ္တော" **စသော** ဂါထာကို ဟောကြားတော်မူပါသည်။

ထိုဂါထာ၏ အဓိပ္ပါယ်မှာ - အိမ်တွင် ထုပ်လျှောက်, ဒိုင်း, မြှား, အမာခံများကို မရွေ့ရှားသွားအောင် ကြိမ်နွယ်ဖြင့် တုပ်နှောင်ဖွဲ့ချည်ထားသကဲ့သို့၊ အမာခံဖြစ်သော အရိုးပေါင်း

(၃၆၀)တို့ကို မရွေ့မရှား တည်နေအောင် ကြိမ်နွယ်နှင့်တူသော အကြောပေါင်း (၉၀၀)တို့ဖြင့် ဖွဲ့ယှက်တုပ်နှောင်၍ ထားပေသည်။ ထို၏အပေါ်မှ ဘိတ္တိခေါ်သော မျက်ကွက်နံရံကို နွားချေး မြေညက်စိုင်တို့ဖြင့် မွမ်းမံလိမ်းကျံရသကဲ့သို့ အသားတစ် အသားစိုင်ပေါင်း ကိုးရာတို့ဖြင့် လိမ်းကျံမွမ်းမံထားပေသည်။ ထို၏အထက်တွင် တစ်ဖန် အင်္ဂတေ အချောကိုင်သကဲ့သို့ အရေထူ တို့ဖြင့် ရစ်ပတ်ဖွဲ့ယှက်၍ ထားသည်။ ဆိုခဲ့ပြီးသော အရိုး၊ အကြော၊ အသားတစ်၊ အရေထူတို့ကား ပင်ကိုယ် သဘာဝအားဖြင့် ရန့်ပုပ်လှောင်း စက်ဆုပ်ရွံရှာဖွယ် ကောင်းလှ၏။

သို့သော် အိမ်နံရံကိုကြည့်ရှု၍ တင့်တယ်အောင် အညို၊ အဝါ၊ အစိမ်း၊ အနီစသော ဆေးအမျိုးမျိုးတို့ဖြင့် အသွေးအမျိုးမျိုးဖြစ်ရန် ခြယ်လှယ်ဖုံးအုပ်ထားသကဲ့သို့ ထိုအရိုး အကြော အသားတစ်၊ အရေထူတို့ကို ဆိုးဆေးနှင့်တူသည့် အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အဆင်းအမျိုးမျိုးရှိသော ယင်ကောင်၏ တောင်ပံ အလား သိမ်မွေ့လှစွာသော အပေါ်ယံ အရေပါးက ကွယ်ကာ ဖုံးအုပ်ထားလျက် ရှိသည်။ ထို့ကြောင့် ပညာမျက်စိမရှိသူ လူအန္ဓတို့သည် အသုဘခြင်းရာ သဘောလက္ခဏာကို ဟုတ်တိုင်းမှန်စွာ မမြင်ကြရချေဟု ခန္ဓာကိုယ်အနေအထားကို သဘောပေါက်သွားအောင် ဟောကြားတော်မူ၏။

ထို့နောက် အရေပါးဖြင့် ဖုံးအုပ်ထားသဖြင့် မထင်မရှား ဖြစ်နေသော မစင်မကြယ်၊ ရန့်မကောင်း၊ စက်ဆုပ်ရွံရှာဖွယ် ကောင်းသည့် အတွင်း အသုဘကောဋ္ဌာသတို့ကို ပညာမျက်စိဖြင့် ထိုးဖောက်၍ ဤသို့ ရှုမြင်ဆင်ခြင်ရမည်ဟု ဟောထား၏။ ဆင်ခြင်ရပုံကား - ဤခန္ဓာကိုယ်ကြီးသည် စန္ဒကူးနံ့သာ စသည် တို့ဖြင့် ပြည့်နေသည်မဟုတ်။ အဟုတ်အမှန်သော်ကား အူမကြီး ဖြင့် ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။ (ဝါ)ယောက်ျား ဒွတ္တိံ (၃၂)၊ မိန်းမ ဌာဝီ (၂၈)၊ အတောင်ရှည်သား၊ ဖြူသည်အဆင်း၊ ကတေ အင်းသို့၊ သွေးကျင်းမှာခွေ၊ ခေါင်းပြတ်မြွေလို၊ လည်မျိုဝစ္စ၊ ပဒေသဝယ်၊ နှစ်ဆယ်တစ်တွန့်၊ လိမ်တွန့်ရစ်နေ၊ အူမခွေဖြင့်၊ ရွံဖွယ်လိလိ၊ ပြည့်၍နေ၏။

အစာသစ်ဖြင့်၊ ရွံဖွယ်လိလိ၊ ပြည့်လျက်ရှိ၏။ (ဝါ)စား သည့် အစာ၊ သွင်လျာရူပ၊ အူမထက်ဖျား၊ ဆန်ထုပ်လားသို့၊ ပ,ကား သန့်ရှင်း၊ တွင်း ပိန္နဲခွံ၊ ရွံဖွယ်ဘိခြင်း၊ တစိတွင်းနှယ်၊ သုံးဆယ့် နှစ်မျိုး၊ ပိုးတို့နေရာ၊ အူထုံးမှာဝယ်၊ လျှာရည်တံတွေး၊ သွားမြေး အာစေး၊ ထိုထိုကြေးကို၊ သိမ်းထွေးပေါင်းစု၊ ထောင်းထုဝါးချေ၊ မျိုလေဆင်းသက်၊ ဓာတ်မီးချက်၍၊ ပရွက်အူ၊ ကျိုက်ကျိုက်ဆူပွ၊ အမြှုပ်ထကာ၊ ပိုးစာလောင်မီး၊ ကျင်ကြီး

ကျင်ငယ်၊ တစ်သွယ်သွေးသား၊ ငါးပါးကွဲလျက်၊ ခွေးစာခွက်ဝယ် ထွေးဟက်စွန့်လတ်၊ ခွေးအံ့ဖတ်တရှိ အစာသစ်ဖြင့်၊ ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။

အသည်းစိုင်ဖြင့်လည်း ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။ (ဝါ) ကုမုဒြာ၊ ကြောချပ်ကြောက်နှယ်၊ စဉ်းငယ်နီလျက်၊ ကသစ်ရွက်သဏ္ဍာန်၊ ညဏ်မဲ့ကြီးကြီး တစ်ခုတည်းသာ၊ ပညာရှိဝယ် နှစ်သုံးငယ်လတ်၊ ထနဗ္ဗန္တ၊ ရေညာမှာနေသော အသည်းစိုင်ဖြင့် ရွံဖွယ်လိလိ၊ ပြည့်လျက်ရှိ၏။

ကျင်ငယ်ဖြင့်လည်း ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။ (ဝါ) ပဲပြာရည်ဆင်း၊ ဆီးစတွင်းဝယ်၊ သက်ဆင်းကိုယ်မှ၊ မရဝင်ပေါက် ထွက်ပေါက်သာထင်၊ စိမ့်ရဲဝင်သော၊ ကျင်ငယ်စုဖြင့်၊ ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။

နှလုံးသားဖြင့်လည်း ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။ (ဝါ) ဆင်းရွက်ပဒုံ၊ ကြောပြင်ပုံတည်း၊ ကြာငုံအောင်ရှု ညဏ်ရှိသူဝယ် စဉ်းငယ်ပွင့်ထုံ၊ စုငုံမနှ အပသန့်ရှင်း တွင်းသပွတ်အူ နှစ်ဆူ ခတ်မှီ၊ နီသည်ရာဂ၊ ဒေါသမည်ငြား သားဆေးရည်မောဟ တက္ကပဲရည်၊ ဝါသည်သဒ္ဓါ၊ ပညာပြိုးပြက်၊ ဇောတမြက်သွင် ဖြူစင်လွန်ကဲ၊ လက်ဆွဲ့ခွဲမျှ၊ လောဟိတသည် ပုန္နာဂဋ္ဌ တွင်းမှာရှိလတ်

သားမြတ်လယ်ပွေ၊ ရင်မှာနေသော နှလုံးသားဖြင့် ရွှဖွယ်လိလိ ပြည့်လျက်ရှိ၏၊

အဆုတ်ဖြင့်လည်း ရွှံဖွယ်လိလိ ပြည့်လျက်ရှိ၏။ (ဝါ) ရှမ်းမှည့်သဖန်း၊ နီမြန်းဆင်းဟန်၊ သဏ္ဍာန်စုတ်ပဲ့၊ မုန့်ယှက်ကဲ့နှန်း၊ အသည်းနှလုံးကို၊ အုပ်ဖုံးတွဲရရွဲ၊ အစာနဲက၊ ထန်ကဲတေဇာ၊ ပူလောင်လာ၍၊ ဩဇာမကပ်၊ နွားဝါးဖတ်နှယ်၊ သုံးဆယ်နှင့်နှစ်၊ အသားတစ်ဟူသော အဆုတ်အစုဖြင့် ရွှံဖွယ်လိလိ၊ ပြည့်လျက်ရှိ၏။

အညှို့နှစ်ခုဖြင့်လည်း ရွှံဖွယ်လိလိ၊ ပြည့်လျက်ရှိ၏။ (ဝါ) ကသစ်စေ့ငယ်၊ စဉ်းငယ်နီမူ၊ တန္တုတညှာ၊ နှစ်မွှာသရက်၊ လည်မှသက်သည့်၊ တစ်ချက်နှစ်ခု၊ ကြောဖွဲ့ပြုလျက်၊ ဝတ္ထုပတ်လည်၊ ရံ၍တည်သော၊ အညို့နှစ်ခုဖြင့်၊ ရွှံဖွယ်လိလိ ပြည့်လျက်ရှိ၏။

အဖျဉ်းဖြင့်လည်း ရွှံဖွယ်လိလိ ပြည့်လျက်ရှိ၏။ (ဝါ) ကြောင်ပန်းပွင့်သွင်၊ ညိုရောင်ထင်သော၊ သတ္တဂုံလာ၊ နွားလျှာပုံတူ၊ ဝတ္ထုပဲဖတ်၊ သရက်ရွက်၊ ဝမ်းလျှာ၊ ဘေသညာတွင်သော အဖျဉ်းအစုဖြင့်လည်း ရွှံဖွယ်လိလိ၊ ပြည့်လျက်ရှိ၏။

ဤခန္ဓာကိုယ်ကြီးသည် နှပ်အစုဖြင့်လည်း ရွှံဖွယ်လိလိ၊ ပြည့်လျက်ရှိ၏။ (ဝါ) ငိုယိုသောက်စား ဓာတ်ချောက်ချား၍၊

ဖောက်ထားသိမ်းအုပ်၊ ကြာရွက်ထုပ်မှ၊ နို့ခမ်းကျသို့၊ နုလှထန်းဆန်၊ ဆင်းဟန်မယုတ်၊ သလိပ်ပုပ်အဖြစ်၊ စင်စစ်ဖြစ်မြောက်၊ ဦးနှောက်ရည်လျှင်း၊ ဦးခေါင်းတွင်းမှ၊ သက်ဆင်းအာစောက်၊ အထက်ပေါက်ဖြင့်၊ လျှောလျှောက်နှာဖူ၊ တည်ယိုစုသော၊ နှပ်အစုဖြင့် ရွံဖွယ်လိလိ၊ ပြည့်လျက်ရှိ၏။

တံတွေးဖြင့်လည်း ရွံဘွယ်လိလိ၊ ပြည့်လျက်ရှိ၏။ ဝါ၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ မြင်၊ စား၊ ကြံမိ၊ စိုစိစက်ဆုပ်၊ နှလုံးလှုပ်၍၊ ရေမြုပ်မယွင်း၊ ပါးမှဆင်းလျက်၊ လျှာရင်းပြစ်ခွဲ၊ လျှာဖျားကဲ့သည်။ လျှာ၌တည်သော တံတွေးဖြင့်လည်း ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။

ချွေးဖြင့်လည်း ရွံဘွယ်လိလိ၊ ပြည့်လျက်ရှိ၏။ (ဝါ) ဓာတ်ဝိပရိ၊ ပူမညီ၍၊ နှမ်းဆီအဆင်း၊ ဆံမွေးတွင်းမှ၊ သက်ဆင်းယိုကျသော ချွေးဖြင့်လည်း ရွံဖွယ်လိလိ၊ ပြည့်လျက်ရှိ၏။

အဆီခဲ အစုံဖြင့်လည်း ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။ (ဝါ) ထက်ခြမ်းခွဲသည့်၊ နနွင်းခဲတူ၊ ဆူသောသူအား၊ ရေသားကြား၌ ကြံ့သူအားမှာ၊ ဆူရာရာမှီသော အဆီခဲဖြင့်လည်း ရွံဖွယ်လိလိ၊ ပြည့်လျက်ရှိ၏။

သွေးဖြင့်လည်း ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။ (ဝါ)ချိပ်ရည်အဆင်း၊ တခွက်ခင်းမျှ၊ ရင်တွင်းဆုပ်ညှိ၊ နှလုံးတို့ထက် တစက်စက်ကျ၊ ယကန (အသည်း)အောက်နေ ဤလေးထွေကို ခိုစေလျက်၊ စုဝေးသောသွေး၊ ကျဲသောချိပ်ရည် မမည်ပိုက်ကျုံး ကိုယ်လုံးနှံ့ရောက်၊ အကြောလျှောက်သော သွေးအားဖြင့် နှစ်ပါးသော သန္နိစိတ, သံဟရဏသွေးအစုဖြင့် ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။

အစေးပုပ်ဖြင့်လည်း ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။ (ဝါ) မဟာလှေကား၊ စေးလားသဖွယ်၊ ရာ့ရှစ်ဆယ်ဆက် အရိုးဆက်၌ ဆွတ်လျက်တည်နဲ၊ ပြစ်၍ချွဲသော အစေးပုပ်ဖြင့်လည်း ရွံဖွယ် လိလိ ပြည့်လျက်ရှိ၏။

သည်းခြေဖြင့်လည်း ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။ (ဝါ) ဆုတ်နှလုံးကြား၊ အသည်းနား၌၊ ထွားထွားကြီးကြီး သပိတ်သီးနှယ်၊ အအိမ်ဝယ်တည်၊ မည်စည်ဆီကဲ့၊ **အိမ်ဖွဲ့**သည်းခြေ (ဗဒ္ဓသည်းခြေ)၊ စိုလေရာရာ၊ ရေမှာဆီဆမ်း၊ **ပမာလှမ်းသား**၊ ညှိုးနွမ်းပျဉ်းပွင့်၊ ကစောပွင့်တောင်ကြာ၊ ပန်း**ဆင်းဝါသို့**၊ **အိမ်**မှာမနေ (အဗဒ္ဓသည်းခြေ) နှစ်ပါးသော ဗဒ္ဓသည်းခြေ၊ အဗဒ္ဓသည်းခြေ ဖြင့်လည်း ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏။

ဆံကြည်ဖြင့်လည်း ရွံဖွယ်လိလိ ပြည့်လျက်ရှိ၏၊ (၀၁) သဘောမတူ၊ ရှိန်ပူသာလျင်း၊ နှိပ်စက်ခြင်းကြောင့်၊ အဆင်းအုန်းဆီ၊ ရေပေါ်ဆီသဏ္ဍာန်၊ ပြည့်ဟန်မသွေ၊ လက်, ခြေ, နှာစွန်း၊ ပခုံးစွန်းမှို၊ ဆံကြည်ဖြင့်လည်း၊ ရွံဖွယ်လိလိ၊ ပြည့်လျက်ရှိ၏။

ဤသို့ ဤကိုယ်ထဲ၌ ပုလဲပတ္တမြား၊ စသည့်အတူ၊ အမြတ်တန်းယူလောက်သည့် ကောဋ္ဌာသ(အစုအပုံ) ဟူ၍ မြူမျှမရှိ၊ အမှန်စင်စစ်၊ ဤကိုယ်၏ အဖြစ်သည် မစင်မကြယ်၊ ရွံရှာဖွယ်တို့ဖြင့်သာ ပြည့်လျက်နေပေသည်။ ထို့ကြောင့် ဤခန္ဓာကိုယ်၏ ကိုးပေါက်ဒွါရ၊ အမာဝတို့မှ၊ နေ့နေ့ညည၊ ခပ်သိမ်းသောကာလ၌ မစင်မကြယ် ရွံရှာဖွယ်အစုသည် တားမရ ဆီးမရ ယိုစီး၍ကျ၏။ မျက်စိနှစ်ဘက်မှ မျက်ဝတ်မျက်ချေး၊ အညစ်အကြေးသည် တားဆီးမရ၊ ယိုစီး၍ကျ၏။ နားတွင်း နှစ်ဘက်မှ နားဖာချေး အညစ်အကြေးသည် တားဆီးမရ ယိုစီး၍ကျ၏။

နှာရည် နှပ်ချေး၊ အညစ်အကြေးသည်လည်း၊ တစ်ခါတစ်ရံ နှာခေါင်းနှစ်ပေါက်မှ၊ တားဆီးမရ၊ ယိုစီး၍ကျ၏။ တစ်ခါတစ်ရံ ခံတွင်းမှလည်း၊ တစ်စိစိ တပွက်ပွက်၊ ပျို့အန်၍ ထွက်၏။ ပဒ္ဓ, အဗဒ္ဓ နှစ်ဝသော သည်းခြေနှင့် သလိပ်တို့သည်လည်း တစ်ခါတစ်ရံ၊ ခံတွင်းမှ တစိစိ တပွက်ပွက်၊ ပျို့အန်၍ ထွက်၏။

တစ်ကိုယ်လုံးမှလည်း ချွေး, ဆား, အရေလွှာ မြူအညစ်အကြေး သည် နေ့နေ့ညည တားဆီးမရ၊ ယိုစီး၍ ကျ၏။

ဤသို့ စသည်ဖြင့် ဝိဇယသုတ္တန်၌ ဟောကြားတော်မူ ထားသည့်အတိုင်းလည်း အသက်ရှိ (သဝိညာဏက) ခန္ဓာကိုယ် ၌လည်း အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းပွားများနိုင်ကြလေသည်။

မဟာဝိဇယသုတ်လာ ဆင်ခြင်နည်း

၁။ သုံးရာခြောက်ဆယ်၊ ရိုးပေါင်းဆွယ်၊ သွယ်သွယ်တည် ဆောက်ထား။

၂။ ကိုးရာကြောများ၊ မရွေ့ရှား၊ ကြိမ်လားတုပ်ချည်ထား။

၃။ ကိုးရာသားတစ်၊ လိမ်းကျံလစ်၊ ပတ်ရစ်ရေထူများ။

၄။ ရန့်ပုပ်လှောင်း၊ ရွံဖွယ်ကောင်း၊ စုပေါင်းရိုးကြောသား။

၅။ နှပ်, တံတွေး, သွေး၊ ကျင်ငယ်ချွေး၊ အစေးရွံဖွယ်များ။

၆။ မျက်ချေး, နားဖာချေး၊ နှပ်, တံတွေး၊ ချေး, သေး ပြည့်နှက်ငြား။

၇။ ဒွါရကိုးသွယ်၊ ရွံရှာဖွယ်၊ သွယ်သွယ် စီးဆင်းသွား။

## သီရိမာအသုဘကို နည်းယူဆင်ခြင်ရန်

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ ဆယ့်ခုနစ်ဝါမြောက် သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်၌ ရုပ်ဆင်းအင်္ဂါ အလွန်လှပတင့်တယ်၊ ရှုချင်ဖွယ်ကောင်းသော သီရိမာခေါ် ပြည့်တန်ဆာမတစ်ဦး ရှိ၏။ ထိုပြည့်တန်ဆာမနှင့် တစ်နေ့တာပျော်ပါးခသည် အသပြာ တစ်ထောင်ဖြစ်၏၊ သီရိမာသည် တစ်ခုသော ဝါတွင်း၌ သုဏ္ဏသူဌေးကြီး၏ သမီးဖြစ်သော သောတာပန် ဥတ္တရာအမျိုးသမီးအပေါ်၌ ပြစ်မှားမိ၍ ဥတ္တရာ ကျေနပ်အောင် ရဟန်းသံဃာကို ဆွမ်းပင့်ကပ်ကာ ဘုရားရှင်ရှေ့၌ ဥတ္တရာအား သည်းခံခွင့်လွှတ်ရန် တောင်းပန်သည်၊ ထို့နောက် မြတ်စွာဘုရားသည် တပည့်မ ဥတ္တရာအား စစ်မေးတော်မူပြီး ဆွမ်း အနုမောဒနာတရားကို ဟောကြားတော်မူရာ တရားတော်အဆုံး၌ သီရိမာသည် သောတာပန်တည်သွားခဲ့သည်။

သီရိမာသည် နောက်တစ်နေ့တွင် ဘုရားအမှူးရှိသော သံဃာတော်အား ပင့်ဖိတ်၍ ကြီးစွာသော အလှူဒါနပြုလေသည်။ ထိုနေ့မှစပြီး သံဃာတော် ရှစ်ပါးအား နိဗဒ္ဓဆွမ်းအလှူကို ပေးလှူ၏။ အလှည့်ကျ ရဟန်းတော်ရှစ်ပါးအား နို့ ထောပတ်

စသည်တို့ကို သပိတ်အပြည့် လောင်းလှူသည်။ ရဟန်းတစ်ပါး ရရှိသောဆွမ်းသည် သုံးပါး လေးပါး စားသောက်လောက်၏။ နေ့စဉ် ငွေအသပြာ တစ်ဆယ့်ခြောက်ကျပ် အကုန်ခံကာ ဆွမ်း လှူဒါန်းသည်၊

တစ်နေ့တွင် သိရိမာအိမ်၌ အလှည့်ကျရဟန်းရှစ်ပါးတွင် ပါဝင်သော ရဟန်းတစ်ပါးသည် ဆွမ်းဘုဉ်းပေးပြီးနောက် ရာဇဂြိုဟ်မှ သုံးယူဇနာကျော် ကွာဝေးသော ကျောင်းတစ်ကျောင်းသို့ သွားလည်၏။ ထိုအခါ မဟာထေရ်ကြီးအနီး၌ ထိုင်နေသည့် ထိုငယ်သည်ရဟန်းကို သိတင်းသုံးဖော် ရဟန်းတို့က သိရိမာ၏ ဆွမ်းအလှူအကြောင်းကို ဝိုင်းမေးကြ၏။ ငယ်သည်ရဟန်းက "အရှင်ဘုရားတို့ သိရိမာ၏ ဆွမ်းဟာ ချီးမွမ်း၍ မကုန်နိုင်ပါ၊ အလွန်ကောင်းမွန်အောင် လှူဒါန်းပါတယ်၊ တစ်ပါးရရှိတဲ့ ဆွမ်းဟာ သုံးလေးပါးပင် စားလောက်ပါတယ်၊ အထူးလျှောက်ထား လိုတာကတော့ သိရိမာရဲ့ လှူဖွယ်ဝတ္ထုထက် သူမကို မြင်ရခြင်းက ပိုလွန်ထူးမြတ်ပါတယ်၊ သိရိမာရဲ့ အဆင်းအင်္ဂါ လက္ခဏာကြီး ငယ်တွေဟာ ပြောလို့မကုန်ပါ၊ ထူးထူးခြားခြား တင့်တယ်လှပ တာတွေ များလှပါတယ် ဘုရားဟု ချီးကျူးပြောကြားလိုက်သတဲ့။

ထိုအခါ အနားမှာရှိနေသော ရဟန်းတစ်ပါးသည် သီရိမာကို မမြင်ရဘဲ မေတ္တာသက်ဝင် ချစ်ခင်သွား၏။ "ငါ သီရိမာကို သွားကြည့်မည်"ဟု ဆုံးဖြတ်ကာ ဧည့်သည်ရဟန်းအား မိမိဝါကို ပြောကြားကာ သီရိမာအိမ်၌ ရောက်နေသည့် သံဃာစဉ်ကို မေး၏။ ငါ့ရှင် ယခုသွားရင် နက်ဖြန် သီရိမာအိမ်မှ လှူဒါန်းသည့် ဆွမ်းကိုရမည်ဟု ပြောကြား၏။ ထိုရဟန်းသည် ခဏချင်းပင် သပိတ်သင်္ကန်းကိုယူကာ ရာဇဂြိုဟ်သို့ ထွက်ခွာခဲ့ရာ အရုဏ်တက်ချိန်တွင် စာရေးတံမဲရုံသို့ရောက်၍ သီရိမာအိမ်၌ စာရေးတံမဲကျလေသည်။

သို့သော် ယမန်နေ့ကပင် သီရိမာ၏ကိုယ်၌ သေမည့် အနာရောဂါ စွဲကပ်ခဲ့၍ ဆင်ယင်မြဲအဆင်တန်ဆာတို့ကို ချွတ်ကာ အိပ်ရာညောင်စောင်း၌ လဲလျောင်းနေရရှာ၏။ သီရိမာ၏ အိမ်ဖော်များက ရဟန်းတော်ရှစ်ပါး ဆွမ်းခံကြွလာကြောင်း ပြောကြားလာရာ ရှေ့ကကဲ့သို့ ဝေယျာဝစ္စမပြုနိုင်ရှာဘဲ "အမိ တို့ပဲ သပိတ်ယူ၊ နေရာပေး၊ ယာဂုကပ်၍ ဆွမ်းချိန်မှာ မုန့်ခဲဖွယ် နဲ့ ဆွမ်းတို့ကို သပိတ်အပြည့် လှူကြပါ"ဟု စေခိုင်းရရှာ၏။ အိမ်ဖော်တို့သည် အားလုံးဆောင်ရွက်ပြီးသည့်အခါ သီရိမာ ဆန္ဒအတိုင်း သီရိမာကိုပွေ့ချီပြီး အရှင်မြတ်များအနီးသို့ ပို့ဆောင် ကြ၏။ သီရိမာသည် တုန်တုန်ယင်ယင်နှင့်ပင် ရဟန်းတို့ကို ရိုသေစွာ ရှိခိုးရှာ၏။

ထိုအခါ သီရိမာကို မမြင်ခင်ကပင် မေတ္တာသက်ဝင်နေခဲ့သော ရဟန်းသည် သီရိမာကို စူးစူးစိုက်စိုက်ကြည့်ကာ "မကျန်းမာဘဲပင် ဒီလောက်လှပတင့်တယ်နေရင် ကျန်းကျန်းမာမာ အဆင်တန်ဆာ ဆင်ယင်ထားချိန်မှာ တကယ့်ကို လှပတင့်တယ်ကျက် သရေမယ်ကလေး ဖြစ်မှာပဲ"ဟု တွေးကာ ထိုရဟန်းသန္တာန်မှာ အနှစ်နှစ် အလလက စုဆောင်းထားသော ရာဂကိလေသာမီးကြီး ထကြွ လောင်ကျွမ်းလေတော့၏။

ထိုရဟန်းမှာ မည့်သည့်အရာကိုမျှ မသိနိုင်တော့ဘဲ ဆွမ်းကိုပင်မစား၊ ဆွမ်းထည့်ထားသည့် သပိတ်ကို ယူဆောင်ခဲ့ကာ ကျောင်းတစ်နေရာ၌ သပိတ်ကို ထိုးထားပြီး ဖြန့်ခင်းထားသည့် သင်္ကန်းပေါ်တွင် စင်းစင်းကြီး အိပ်နေရှာတော့၏။ မည်သူမျှ တောင်းပန်၍မရ၊ အစာဖြတ် အငတ်ခံ၍ နေလေ၏။ ထိုနေ့ ညနေချမ်းမှာပင် သူစွဲလမ်းခဲ့သော သီရိမာမှာ သေဆုံးသွားခဲ့သည်။ ဗိမ္ဗိသာရဘုရင်က သမားတော်ကြီး ဇီဝက၏ နှမငယ် သီရိမာ သေဆုံးသွားပြီဖြစ်ကြောင်း ဘုရားရှင်ထံ သတင်းပို့လျှောက်ထားစေ၏။ မြတ်စွာဘုရားက သီရိမာ၏ ဥတုဇ ရုပ်ကလာပ်ကို ကျီး၊ ခွေး၊ မြေခွေးတို့ မစားနိုင်အောင် သုသာန်၌ ပက်လက်ထားကာ စောင့်ရှောက်ထားကြရန် မင်းကြီးထံ

မှာကြားလိုက်၏။ မင်းကြီးလည်း ရှင်တော်ဘုရား မှာကြားသည့် အတိုင်းပင် စီမံပြုလုပ်ထား၏။

သုံးရက်လွန်မြောက် လေးရက်သို့ ရောက်သည့်အခါ သီရိမာ၏ ရုပ်အလောင်းသည် ဖူးဖူးရောင် ပွကြွ၍လာ၏။ ဒွါရ ကိုးပေါက်မှ ပိုးလောက်တို့သည် တဖွားဖွား ဝင်ထွက်နေကြ၏။ တစ်ကိုယ်လုံး ကွဲအက်ကာ တည်ထားသော ထမင်းအိုးကဲ့သို့ ပွက်ပွက်ထလာ၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် "အိမ်စောင့် ရန် ကလေးငယ်များကိုသာ ချန်ပြီး ကျန်လူများ သီရိမာရုပ် အလောင်းကို လာကြည့်ကြရမည်။ မလာသူတို့အား ငွေအသပြာ ရှစ်ကျပ် ဒဏ်တပ်မည်"ဟု ရာဇဂြိုဟ်မြို့တွင်း၌ စည်လည်စေ၏။ ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းသည် သီရိမာ၏ အသုဘကို ကြွရောက်ရှုမြင်စေချင်ပါသည်ဟု ဘုရားရှင်ထံသို့ လည်း စေလွှတ်ပင့်လျှောက် လိုက်လေသည်။

ဗုဒ္ဓမြတ်စွာသည် ရဟန်းအပေါင်းအား သီရိမာ၏ အသုဘကိုရှုရန် သွားကြရမည်ဟု မိန့်ကြားတော်မူ၏။ ထိုအခါ သီရိမာကို မေတ္တာသက်ဝင်ခဲ့၍ လေးရက်လုံးလုံး ဆွမ်းဖြတ်ကာ အစာငတ်ခံနေသည့် ရဟန်းကို သူငယ်ချင်း ရဟန်းတစ်ပါးက ဘုရားအမှူးရှိသည့် သံဃာတော်များ သီရိမာ၏ ရုပ်ကလာပ်ကို

သွားရောက်ကြည့်ရှုတော့မည်ဖြစ်ကြောင်း ပြောကြားလျှင် ထိုစိတ္တဇဖြစ်နေသော ရဟန်းသည် "သိရိမာ"ဆိုသည့် အသံကို ကြားသည်နှင့် အမြန်ထပြီး ငါလည်းလိုက်မည်ဟု ပြောဆိုကာ ရဟန်းသံဃာများနှင့်အတူ လိုက်ပါခဲ့လေသည်။

မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံကာ သုသာန် ဘေးတစ်ဖက်၌ ရပ်တော်မူ၏။ ရဟန်းမများ အပေါင်းတို့သည် လည်းကောင်း၊ မင်းပရိသတ်တို့သည်လည်းကောင်း၊ ဒါယကာ ပရိသတ်တို့သည်လည်းကောင်း၊ ဒါယိကာမ ပရိသတ်တို့သည် လည်းကောင်း နံဘေးတစ်ဖက်စီ၌ နေရာယူကာ ရပ်နေကြကုန် ၏။ ပရိသတ်စုံညီသောအခါ မြတ်စွာဘုရားက "မင်းကြီး ဤအမျိုး သမီးကား အဘယ်သူနည်း"ဟု မေးတော်မူရာ "မြတ်စွာဘုရား သမားတော်ကြီး ဇီဝက၏နှမ သိရိမာ ဖြစ်ပါသည်ဘုရား"ဟု မင်းကြီးက လျှောက်၏။ "မင်းကြီး ဤအမျိုးသမီးကား သိရိမာ လော"ဟု အခိုင်အမာ မေးသည့်အခါလည်း "မှန်ပါသည် မြတ်စွာဘုရား"ဟု အခိုင်အမာ ပြန်၍လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က "မင်းကြီး သိရိမာဖြစ်လျှင် အလို ရှိသောသူတို့သည် သိရိမာကို အသပြာတစ်ထောင်ပေး၍ ယူကြ ကုန်ဟု မြို့တော်အတွင်း၌ စည်လည်စေလော့"ဟု မိန့်ကြား၏။

မင်းကြီးလည်း ဘုရားရှင်မိန့်ကြားသည့်အတိုင်း ပြု၏။ သို့သော် တစ်ဦးတစ်ယောက်မျှ ယူမည့်သူမပေါ်လာသဖြင့် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားရာ အဖိုးကိုလျှော့ချ၍ စည်လည်လေဟု မိန့်တော်မူ၍ အသပြာငါးရာမှ တစ်ပဲ၊ တစ်ချင်ရွေး၊ အလကားအထိ လျှော့ချကာ စည်လည်စေသော်လည်း ယူမည့်သူ တစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်လာချေ။

မင်းကြီးသည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသည့်အခါ မြတ်စွာဘုရားက-

ရဟန်းတို့. . . လူပေါင်းများစွာတို့ ချစ်ခင်စုံမက်၊ နှစ်သက်နေကြသော သိရိမာကို သင်တို့ ကြည့်ကြကုန်။ ရှေးကဆိုလျှင် ဤရာဇဂြိုဟ်မြို့မှာပင် အသပြာတစ်ထောင်ပေးမှ တစ်နေ့တာ ပျော်ပါးသွားလာခွင့် ရနိုင်ကြ၏။ ယခုအခါ၌မူ အလကားသော်မှလည်း ယူမည့်သူ မရှိတော့ချေ။ သို့စင် ကလောက် တင့်တယ်လှဘိ၊ တန်ဖိုးရှိခဲ့သော ရုပ်အဆင်းသည် ကုန်ခြင်း ပျက်ခြင်းသို့ ရောက်ခဲ့လေပြီ။ "ရဟန်းတို့ မပြတ်မစဲ၊ အမြဲကျင်နာ၊ မခံသာသည့်၊ ဤခန္ဓာကိုယ် အတ္တဘောကို၊ ဉာဏ်စက္ခုဖြင့် ကြည့်ရှုကြကုန်လော့" ဟု မိန့်တော်မူကာ"ပဿ စိတ္တကတံ ဗိမ္ဗံ" အစရှိသော တရားဂါထာကို ဟောကြားတော်မူသည်၊ ဂါထာ၏ အဓိပ္ပါယ်မှာ-

"ရဟန်းတို့ . . . ခန္ဓာကိုယ် အတ္တဘောမှာ မယိုင်မလဲ၊ ခိုင်မြဲသော သဘောသည်လည်းကောင်း၊ ကြံ့ကြံ့ခိုင်ကျည် တည်တံ့ခြင်းသဘောသည်လည်းကောင်း တစ်စိုး တစ်စိမျှ မရှိပါပေ။ အဝတ်တန်ဆာ၊ ပန်းနံ့သာစသည်တို့ဖြင့် သာယာခံ့မင်ဖွယ်၊ အဆန်းတစ်ကြယ်၊ ခြယ်လှယ် ပြုပြင်၍ထားသော၊ ရှည်သင့်ရာရှည်၊ တိုသင့်ရာတို၊ ထို ထိုအင်္ဂါကြီးငယ်တို့ဖြင့်၊ တင့်တယ်သမှု၊ အမှတ်ပြုလောက်အောင်၊ ပေါင်းစုတည်နေသော အရိုးသုံးရာလောက်ဖြင့်၊ တည်ဆောက်ထားသော၊ မပြတ်မစဲ၊ အမြဲနာကျင်၊ ရောဂါယှဉ်၍နေသော လူသူအများ၊ ပုထုဇဉ်အန္ဓသားတို့၊ တရားမမှီ၊ ဉာဏ်မသိ၍၊ လှ,သည် ပ,သည် ချောမောသည်ဟု ထိုဉ်မျှားပြားအကြံမှားရသော၊ ကိုးပေါက်ဒွါရ၊ အမာဝမှ ယိုကျဖြုန်းဖြုန်း၊ ရွံရှာဖွယ်အပြည့်ဖုံးသဖြင့် တစ်ကိုယ်လုံး အသုဘတုံးကြီးဖြစ်သော ထိုခန္ဓာကိုယ် အတ္တဘောကို၊ ဖန်ဖန်စေ့ငု၊ ဉာဏ်စက္ခုဖြင့် ကြည့်ရှုကြကုန်လော့" ဟု ဆိုလိုပေသည်။

ဒေသနာနိဂုံး ပြီးဆုံးသွားသည့်အခါ သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေပြီ။ သိရိမာကို မေတ္တာသက်ဝင် ချစ်ခင်နေသော ရဟန်းငယ်သည်လည်း သောတာပန် တည်သွားလေသည်။

## ဆင်ခြင်ရန်လင်္ကာ

၁။ သိရိမာမယ်၊ ရာဇဂြိုဟ်ဝယ်၊ တင့်တယ်လှထိပ်ထား။

၂။ မြို့ကျက်သရေ၊ တက်ဖြိုးဝေ၊ လူတွေလွန်စည်ကား။

၃။ အသပြာတစ်ထောင်၊ ပေးနိုင်ဆောင်၊ လှခေါင်မယ်နှင့် ညား။

၄။ ဘုရားတရား၊ တစ်ခါကြား ရသွား "စ" မဂ်တရား။

၅။ သောတာပန်လဲ၊ နာ သေမြဲ၊ ရှောင်လွှဲ မရငြား။

၆။ သုံးရက်လောက်ကြာ၊ ဖူးရောင်လာ၊ ပွလာအင်္ဂါများ။

၇။ ဒွါရကိုးပေါက်၊ မျိုးပိုးလောက်၊ ထိုးဖောက် တဖွားဖွား။

၈။ အလကားပင်၊ မလိုချင်၊ ရှောင်ကြဉ်လူအများ။

၉။ အသုဘပင်၊ ရှုမှတ်လျှင်၊ ဆင်ခြင်ကုသိုလ်များ။

၁၀။ သိရိမာထုံး၊ လူအားလုံး၊ ပျက်သုဉ်းရှုမှတ်ပွား။

## ဇနပဒကလျာဏီရူပနန္ဒာထေရီ

ဤအသုဘ ဘာဝနာ၏ အကျိုးနှင့်ပတ်သက်သည့် ဝတ္ထု တစ်ပုဒ်ကို ထုတ်ပြဦးအံ့၊ ဇနပဒကလျာဏီရူပ နန္ဒာထေရီကား မိထွေးတော် ဂေါတမီ၏ သမီးတော်တည်း၊ မောင်နှမအရင်း တော်သူ နန္ဒမင်းသားနှင့် လက်ထပ်ပွဲသဘင် ဆင်ယင်ကျင်းပ နေစဉ် နန္ဒမင်းသားကို ဘုရားရှင် ခေါ်ဆောင်သွားခဲ့၍ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရှာသည်၊ ထို့နောက် နန္ဒမင်းသား ရဟန်းပြုသွားပြီး ရဟန္တာဖြစ်သွားသည်ကို ကြားသိရသည့်အခါ မျှော်လင့်ချက် အာသာကင်းပြတ်ကာ စိတ်တစ်မျိုး ပြောင်းလဲ သွားရသည်၊ ငါ၏ အရှင်သခင် နန္ဒမင်းသားသည်လည်းကောင်း၊ မယ်တော်ကြီး ပဇာပတိ ဂေါတမီသည်လည်းကောင်း၊ အခြားတစ်ပါးသော သာကီဝင် ဆွေမျိုးတို့သည်လည်းကောင်း အားလုံး ရဟန်းပြုကြလေပြီ၊ ဆွေမျိုးတို့နှင့် ကင်းပြီး အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရခြင်းသည် ပျော်စရာမရှိ ဆင်းရဲလှဘိ၏ဟု စဉ်းစားကာ ရဟန်းမ ပြုလုပ် လိုက်လေသည်။

ဇနပဒကလျာဏီရူပ နန္ဒာထေရီကား အလွန်ရုပ်ဆင်းအင်္ဂါ လှပသူဖြစ်၍ အဆင်းအားဖြင့် မိမိနှင့် တူသောသူကိုမမြင် အဆင်း မာန်ဝင်နေသူဖြစ်၏။ ထို့ကြောင့် "မြတ်စွာဘုရားသည်

အဆင်းကို ကဲ့ရဲ့တော်မူ၏၊ များစွာသော အကြောင်းဖြင့် အဆင်း၌ အပြစ်ကို ဟောတော်မူ၏” ဟုဆိုကာ ဘိက္ခုနီမ ဖြစ်နေသော်လည်း မြတ်စွာ ဘုရားအထံတော်သို့ ဆည်းကပ်ရန် မသွားချေ၊ မှန်၏ ထိုဇနပဒကလျာဏီရူပ နန္ဒာထေရီဘိက္ခုနီမ ကား သဒ္ဓါ၍ ရဟန်းမ ပြုလာသူမဟုတ်၊ လူ့ဘောင်မှာ မှီခိုစရာဆွေမျိုး မရှိတော့၍သာ ရဟန်းမ ပြုလာခဲ့ခြင်းဖြစ်သည်။

ထို့အကြောင်းကို ဘုရားရှင် သိတော်မူသည့်ပြင် ထိုဘိက္ခုနီမ၏ ဉာဏ်ရင့်ကျက်ခြင်းကိုလည်း သိတော်မူ၏။ ထို့ကြောင့် ဘိက္ခုနီမအားလုံးတို့ အစဉ်အတိုင်း အဆုံးအမခံယူရန် လာရောက်ကြရမည်ဟု မိထွေးတော်ကြီးအား မိန့်တော်မူလိုက်၏။ သို့သော် ဇနပဒကလျာဏီရူပနန္ဒာထေရီဘိက္ခုနီမကား မိမိအလှည့် ရောက်သည့်အခါ ကိုယ်စားစေလွှတ်၏။ ထိုအခါ ဘုရားရှင်က အလှည့်ရောက်လျှင် ကိုယ်တိုင်လာရမည်။ သူတစ်ပါးကို မစေလွှတ်ရဟု ထပ်၍ မိန့်တော်မူရပြန်၏။

ဇနပကလျာဏီရူပနန္ဒာ ထေရီမသည် လူအပေါင်းတို့သည် မောင်တော်ကြီး “မြတ်စွာဘုရား”၏ ဂုဏ်ကို ခံတွင်းမဆုံ၊ ချီးအံ့ ပြောဆိုကြ၏။ “မြတ်စွာဘုရားသည် တစ်နေ့လုံးပင် အဆင်း အပြစ်ကို ငါ့အား ဟောစေကာမူ ဘယ်လောက် ဟောနိုင်မည်လဲ၊ ငါသည် ရဟန်းမတို့နှင့်အတူ လိုက်သွားပြီး ကိုယ်ကိုမပြဘဲ ဘုရား

တရားတော်ကိုနာ၍ ပြန်လာရလျှင် ကောင်းမည်” ဟု ကြံစည်ပြီး ယနေ့ ငါလည်း တရားနာလိုက်မည်ဟု ဘိက္ခုနီမတို့အား ပြောကြားလိုက်သတဲ့။

ဘိက္ခုနီမတို့က “ရူပနန္ဒာထေရီ ဘိက္ခုနီမ ဘုရားထံတော်မှောက်သို့ ထူးထူးခြားခြား သွားရောက်လျှင် ယနေ့မြတ်စွာဘုရားသည် ထိုနှမတော် ဘိက္ခုနီမကို အကြောင်းပြုပြီး ဆန်းကြယ်သော တရားဒေသနာတော်ကို ဟောကြားပေမည်”ဟု အောက်မေ့ကာ ဝမ်းမြောက်ဝမ်းသာ ဇနပဒကလျာဏီ ရူပနန္ဒာထေရီကို ခေါ်ဆောင်၍ သွားကြလေသည်။

ဗုဒ္ဓမြတ်စွာသည် နှမတော် ရူပနန္ဒာထေရီမ လာမည်ကို ကြိုတင်သိမြင်တော်မူထားသဖြင့် ဆူးဖြင့် ဆူးကိုထွင်သော ယောက်ျားကဲ့သို့ အဆင်းဖြင့်ပင် ရူပနန္ဒာထေရီမ၏ အဆင်းမာန်ကို ပယ်ဖျောက်တော်မူရန် ကိုယ်တော်၏ တန်ခိုးဖြင့် မိမိ၏ နံပါးတွင် ယပ်ခပ်ပေးနေသည့် ၁၅-နှစ်၊ ၁၆-နှစ်အရွယ် အလွန်ရှုချင်စဖွယ်ရှိသော မိန်းမငယ်ကို ဖန်ဆင်းတော်မူထားနှင့်၏။

ရူပနန္ဒာထေရီမသည် ဘိက္ခုနီမတို့နှင့်အတူ ဘုရားရှင်ထံမှောက်သို့ သွားရောက်ကာ ဘုရားရှင်ကို ရှိခိုးပြီး ဘိက္ခုနီမတို့အကြား၌ ထိုင်နေလျက်ပင် ခြေဖျားတော်မှစ၍ ဆံတော်ဖျားတိုင်

မောင်တော်ဘုရားရှင်၏ ရူပကာယ အသရေတော်ကို ဖူးမြော် နေ၏။ ထိုသို့ဖူးမြော်နေစဉ် မောင်တော်မြတ်စွာဘုရား၏ နံဘေး တွင် ယပ်လေခပ်ပေးနေသော နိမ္မိတ အမျိုးသမီးငယ်ကို မြင် သွား၍ "အော် . . . ဒီမိန်းမငယ်ကလေးကား ရုပ်ရည်အဆင်း ဝါဝင်းတင့်တယ်လှပပါပေတယ်"ဟု စဉ်းစားကာ မိမိ၏ အဆင်း မာန်ကို ပယ်စွန့်၍ ထိုအမျိုးသမီးငယ်၏ အဆင်း၌ အလွန်နှစ် သက် တပ်မက်သော အလိုဆန္ဒ ဖြစ်လာခဲ့သည်။

ထိုအခါ ဘုရားရှင်သည် တရားဟောနေစဉ်ပင် ထိုမိန်းမ ငယ်ကို အသက်နှစ်ဆယ်ရွယ် ဖန်ဆင်းလိုက်လေသည်။ ရူပနန္ဒာ ထေရီမသည် ရှေးအမျိုးသမီးငယ်လောက် မတင့်တယ် မလှပ သော အမျိုးသမီးကို တွေ့မြင်ရသည့်အခါ ထိုအမျိုးသမီး၌ တပ်မက်မှု ဆန္ဒရာဂသည် ၁၆-နှစ်ရွယ် အမျိုးသမီးငယ်အပေါ်၌ ဖြစ်သော တပ်မက်မှုလောက် မပြင်းထန်တော့ဘဲ လျော့ပါး၍ သွား၏။

ထို့နောက် မြတ်စွာဘုရားသည် သားမဖွားသေးမီ မိန်းမ အဆင်း၊ တစ်ကြိမ်သားဖွားပြီးသော မိန်းမအဆင်း၊ မိန်းမလတ် အဆင်း၊ မိန်းမကြီးအဆင်း၊ ဇဝေဇဝါနှင့် တောင်ဝှေးစွဲကာ မှည့် မည်းများ တကိုယ်လုံးစွဲနေသည့် အသက်တစ်ရာရှိ မိန်းမအို အဆင်းတို့ကို အစဉ်အတိုင်း ပြောင်းလဲ ပြောင်းလဲကာ ဖန်ဆင်း

ပြတော်မူ၏၊ ရူပနန္ဒာထေရီမ စိတ်ဝင်တစား ရှုကြည့်နေသည်ကို သိရှိတော်မူ၍ ဆက်လက်ကာ ထိုနိမ္မိတမိန်းမအိုကြီး၏ သေဆုံးခြင်းကိုလည်းကောင်း၊ ဖူးဖူးယောင်ထ သူသေကောင် ဖြစ်ပုံကိုလည်းကောင်း၊ ရန့်ပုပ်လှောင်း စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ရုပ်ပုံကိုလည်းကောင်း ဖန်ဆင်းပြတော်မူ၏။

ရူပနန္ဒာထေရီမသည် ထိုနိမ္မိတမိန်းမဖြစ်စဉ်ကို မြင်ရသောအခါ ခန္ဓာကိုယ်၏ စက်ဆုပ်ရွံရှာဖွယ် အသုဘသဘော အိုနာသေမှု ပြောင်းလဲ၍ မမြဲသည့်သဘောတို့ကို ထင်မြင်လာကာ ခန္ဓာကိုယ်၌ တွယ်တာနှစ်သက်မှုကင်းကာ "ဒီ အခု ငါမြင်ရသည့် မိန်းမကဲ့သို့ပင် ငါရော သူပါ သတ္တဝါအားလုံးတို့ ဖြစ်ရမှာပါတကား၊ ဒီဖြစ်စဉ်ကား သတ္တဝါအားလုံးတို့နှင့် ဆက်ဆံသည့် သဘောပါတကား" ဟု ရှုဆင်ခြင်၍ မမြဲခြင်း အနိစ္စသညာ ထင်လာ၏၊ ထိုမှတစ်ဆင့် ဆင်းရဲခြင်း ဒုက္ခသညာ အစိုးမရခြင်း အနတ္တသညာတို့လည်း အစဉ်အတိုင်း ဖြစ်ပွားလာ၏။ ဘဝအားလုံးတို့သည် မီးဟုန်းဟုန်း တောက်လောင်သော အိမ်ကဲ့သို့ ကိုးကွယ်ရာမဲ့သောအားဖြင့် ထင်လာကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် "ရူပနန္ဒာထေရီမ၏ စိတ်ကား ကမ္မဋ္ဌာန်းအလုပ်၌ သက်ဝင်လေပြီ"ဟု သိတော်မူ၍ ထိုထေရီမနှင့် သင့်လျော်သော အသု ဘဘာဝနာ အဦးတည်သည့်

"အာတုရံ အသုစိံ ပူတိံ"စသော ဂါထာ နှစ်ဂါထာကို ဟောကြားတော်မူသည်။ ထိုဂါထာများ၏ အဓိပ္ပာယ်ကား -

"ရူပနန္ဒာ ခဏမစဲ ဆင်းရဲနာကျင်နေသော မသန့်ရှင်း မစင်ကြွယ် ရွံရှာဖွယ်ဖြစ်သော၊ အပုပ်အသိုး အမျိုးမျိုးနှင့် ပြည့်နေသော၊ ပို့အန်လျှံတက် အထက်သို့လည်း ယိုထွက်သော၊ ကျင်ကြီးကျင်ငယ်၊ ရွံဖွယ်ညစ်ထေး လေ သွေး စသည့် အညစ်အကြေးတို့ အောက်သို့လည်း လျှောကျ ယိုစီးသော ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ကြည့်ရှုစမ်းပါလော့၊ ထိုခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို အဝိဇ္ဇာလွှမ်း ပုထုစဉ် လူမိုက်လူကန်းတို့သည်သာ လွန်စွာစုံမက် နှစ်သက်တောင့်တနေကြသည်"။

"ရူပနန္ဒာ ဤသင်၏ကိုယ်သည် မမြဲခြင်း အနိစ္စစသား သဘောတရားများရှိသကဲ့သို့၊ သင်မြင်မြင်သမျှ၊ ထိုပြင်ပခန္ဓာကိုယ်တို့သည်လည်း အနိစ္စစသား သဘောတရားများ အထင်အရှားရှိ၏။ သင်မြင်မြင်သမျှ၊ ထိုပြင်ပ ခန္ဓာကိုယ်သည်၊ နုနုရင့်ရင့်၊ အဆင့်ဆင့် စွန့်ကာ၊ ဖူးဖူးရောင်ထသူသေကောင်အဖြစ် ရောက်သကဲ့သို့ ဤသင်၏ ခန္ဓာကိုယ်သည်လည်း ထိုနှင့်မခြား၊ အလားတူစွာ နုနုရင့်ရင့်

အဆင့်ဆင့်စွန့်ကာ၊ ဖူးဖူးရောင်ထ၊ သူသေကောင်ဘ၀သို့
မလွဲဧကန် အမှန်ရောက်ရပေမည်”

သင်သည် မိမိသူတစ်ပါး ကိုယ်ကာယကနှစ်ပါးအပေါင်းကို ပထဝီဓာတ် စသောအားဖြင့်လည်းကောင်း၊ အတ္တစသည်မှ ဆိတ်သုဉ်းသောအားဖြင့်လည်းကောင်း ဝိပဿနာဉာဏ်စက္ခုဖြင့် ကြည့်ရှုပါလော့၊ ဥပါဒါနက္ခန္ဓာတည်းဟူသော လောကသို့ တစ်ဖန်ပြန်မရောက်ချင်ပါလင့် ဘ၀သုံးဖြာ သံသရာ၌ တွယ်တာ ခုံမက် တပ်မက်နှစ်သက်သည့် တဏှာဆန္ဒကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမကျန် ပယ်လှန်နိုင်ခဲ့လျှင် သင်သည်ကိလေသာဟူ အပူခပ်သိမ်း အေးငြိမ်းသည်ဖြစ်၍ ချမ်းကြည်အေးမြ နေရပေလိမ့်မည်ဟူ၍ ဖြစ်ပါသည်။

ဤဂါထာများအဆုံး၌ ဇနပဒကလျာဏီ ရူပနန္ဒာထေရီမသည် သောတာပန် တည်သွားခဲ့ပေသည်။ ဤသည်မှာ မိမိ၏ရုပ်ဆင်းအင်္ဂါ၌ တွယ်တာတက်ကြွ၊ မာနဝင်နေသည့် ဘုရားနှမတော် ဇနပဒကလျာဏီ ရူပနန္ဒာထေရီမှာ အသုဘဘာဝနာအခြေခံ၍ ဝိပဿနာဉာဏ်အထွတ် တပ်လိုက်သဖြင့် တစ်မဂ် တစ်ဖိုလ် ရရှိသွားခြင်းဖြစ်ပေသည်။

## အသုဘ ဘာဝနာ၏ အာနိသင်

ရေစီးသန်သော မြစ်ထဲ၌ထိုးဝါးအကူအညီမပါဘဲ လှေမှာ မရပ်တည်နိုင်၊ ထိုးဝါးဖြင့်သာ ရပ်တည်နိုင်သကဲ့သို့ စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော အသုဘအာရုံ၌ သုဘကိုသာ မက်မောတတ်သည့် စိတ်သည် ကြံစည်မှု ဝိတက်မပါဘဲ ထိုအသုဘအာရုံ၌ မတည်တံ့နိုင်သည့်အတွက် အသုဘဘာဝနာဖြင့် ဝိတတ်ပါရှိသော ပထမဈာန်မျှကိုသာ ရရှိနိုင်ပါသည်။

သို့ရာတွင် အသုဘ ဘာဝနာသည် ဘဝပေါင်းများစွာ ဖြစ်ပွားလာခဲ့သည့် ကာမရာဂကို အချိန်ကြာကြာ ပယ်ခွာထားနိုင်သည့်အပြင် အားနည်းအောင်လည်း လုပ်ပေးတတ်၏၊ ပါးအောင်လည်း စွမ်းနိုင်၏။ ထို့ကြောင့် ဘုရားရှင်က ရာဂစရိုက် ထူသော ပုဂ္ဂိုလ်အား အသုဘ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းရန် လမ်းညွှန်ထားခြင်းဖြစ်သည်။

စတုရာရက္ခကျမ်း၌လည်း အမြဲမပြတ်၊ တရစပ်နှိပ်စက်နေသော ရာဂကို မတင့်မတယ်၊ စက်ဆုပ်ဖွယ်ဟု ရှုမှတ်ရသော အသုဘ ဘာဝနာဖြင့် တားမြစ်ရာ၏။ အသုဘကို ကြောက်သော ရာဂသည် တစ်နေ့တစ်ခြား အားနည်းကာ ပျောက်ပျက်ရာ၏။ ခန္ဓာကိုယ်၌ ဆံပင်စသော စက်ဆုပ်ဖွယ် အစုအပုံမျိုးကို

အောက်မေ့ရှုမှတ်လှသင့်၏။ ထိုစက်ဆုပ်ဖွယ် အစုအပုံကို အဖန်ဖန် အထပ်ထပ်၊ မပြတ်အောက်မေ့ ရှုမှတ်သူသည် ရာဂအားနည်းသည်ဖြစ်၍ နှလုံးအေးမြခြင်းကို ရနိုင်၏။ ခန္ဓာကိုယ်အတွင်း၊ ဆံပင်မွေးညင်းစသော ကောဋ္ဌာသ၌ မတင့်မတယ်၊ ရွံ့ရှာဖွယ်ဟု ရှုမှတ်ပွားများသူတို့မှာ စိတ်ထားမြင့်၍ ကြီးရင့်ကြ၏။ လှပတင့်တယ်၊ နှစ်သက်ဖွယ်ဟု၊ ရှုမှတ်ပွားများသူတို့မှာ စိတ်ထားနု၍ ယုတ်နိမ့်ခြင်းသို့ ရောက်ကြရ၏။

နောက်နောင်အခါ၌ မဂ်တရားကို ရခြင်းငှာ မျိုးစေ့ဖြစ်သော သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို ကျင့်ကြံကြိုးကုတ်၊ အားထုတ်ရာ၏၊ မျိုးစေ့မရှိခဲ့သော် မဂ်ကိုမည်သို့မျှ မရနိုင်။ မှန်၏၊ မတင့်မတယ်၊ စက်ဆုပ်ဖွယ်ဟု ရှုမှတ်မှုအသုဘ ဘာဝနာသည် မဂ်၏ မျိုးစေ့အစစ်အမှန်ဖြစ်၏။ မဂ်၏မျိုးစေ့ရှိသော သူသည် အကုသိုလ် အဟုန်ကြောင့် အပါယ်လေးဘုံ၌ နစ်မြုပ်နေသော်ငြားလည်း ဉာဏ်အရောင်တောက်၍ မဂ်ရချိန်ရောက်သောအခါ ပြန်၍ပေါ်လာပြီးလျှင် ပွင့်လတ္တံ့သော ဘုရားရှင်တို့၏ အထံတော်၌ မဂ်ကိုရနိုင်၏။

မဂ်မျိုးစေ့မရှိသောသူအား ကျင်လည်မျောပါးမည့် သံသရာသည် အဆုံးမရှိ၊ အလွန်တရာ ရှည်လျားလှ၏၊ ထို့ကြောင့်

သံသရာဝဋ်မှ ထွက်မြောက်လိုသောသူသည် သမထ၊ ဝိပဿနာ ဘာဝနာဟူသော မဂ်မျိုးစေ့ကို လုံ့လကြိုးကုတ်အားထုတ်ရမည်။ အမြဲမပြတ် တရစပ်နှိပ်စက်နေသော မတင့်မတယ် စက်ဆုပ်ဖွယ် ဟု ရှုမှတ်တတ်သော အသုဘဘာဝနာဖြင့် တားမြစ်ရမည်။ အသုဘကိုကြောက်သော ရာဂသည် တစ်နေ့တခြား အားနည်းကာ ပျောက်ပျက်ရာ၏ဟု မိန့်ဆိုထားပေသည်။

အသုဘဘာဝနာကိုပွားများ၍ ဈာန်ရသောပုဂ္ဂိုလ်သည် ရာဂကိုဖြောင့်စွာပယ်ခွာထားသောကြောင့် ရဟန္တာနှင့် တူ၏။ လျှပ်ပေါ်လော်လည်ခြင်းမရှိ။ စေတိယတောင်၌ သီတင်းသုံးနေသော အရှင်မဟာတိဿသည် ရယ်သံကြားရာ၌ သွားရိုးကို မြင်၍ အဋ္ဌိကသညာဖြင့် ဈာန်နှင့်တကွ မဂ်ဖိုလ်ကို ရဖူးပြီ။ သံဃရက္ခိတမထေရ်၏ တပည့် သာမဏေသည်လည်း ဆင်စီးလာသော မင်းကြီးကိုကြည့်၍ အသုဘသညာ ရဖူး၏။ စိတ္တဟတ္ထမထေရ်သည် လူဖြစ်စဉ်က အိပ်ပျော်နေသော ဇနီး ကိုမြင်၍ ဥဒ္ဒုမာတက သညာရပြီးလျှင် သောတာပန်တည်ဖူး၏။

တစ်ချိန်က မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်သည့် အခါ ဝက်မကလေးတစ်ကောင်ကိုမြင်၍ ပြုံးတော်မူသတဲ့။ ထိုအခါ အရှင်အာနန္ဒာက ပြုံးတော်မူသည့်အကြောင်းကို

မေးလျှောက်သည့်အခါ မနီးမဝေးမှာရှိသည့် ဝက်မကလေးကို ညွှန်ပြပြီး အဲဒီဝက်မကလေးဟာ ကကုသန်ဘုရား၏ သာသနာ ထွန်းလင်းစဉ်က အမျိုးသမီးအဖြစ်မှသေပြီး ဆွမ်းစားကျောင်း တစ်ခုအနီးမှာ ကြက်မဖြစ်ခဲ့တယ်။ ကြက်မဟာ သိန်းငှက် အသုတ်ခံရလို့ သေရရှာတယ်။ ဒါပေမယ့် စောစောပိုင်းက ယောဂီရဟန်းတစ်ပါး၏ ကမ္မဋ္ဌာန်းတရားရွတ်ဆိုနေတဲ့ တရားသံကိုကြားပြီး ကုသိုလ်ဖြစ်ပွားခဲ့လို့၊ အဲဒီကုသိုလ်၏ အစွမ်းကြောင့် လူ့လောကမှာ မင်းနန်းတော်၌ ဥပ္ပရီမည်တဲ့ မင်းသမီးဖြစ်ခဲ့တယ်။ မင်းသမီးဟာ နောင်ကာလမှာ ပရိဗိုဇ်မ ကျောင်း၌ ပရိဗိုဇ်ပြုနေရင်း အိမ်သာထဲက ပိုးလောက်တွေကို ကြည့်ပြီး ပုဠုဝက အသုဘသညာကို ဖြစ်စေတဲ့အတွက် ပထမ ဈာန်ကိုရခဲ့တယ်။ ပရိဗိုဇ်ဘဝမှ သေတဲ့အခါ ပထမဈာန် ဗြဟ္မာ့ဘုံမှာ ဗြဟ္မာဖြစ်ခဲ့တယ်။ ဗြဟ္မာဘဝက စုတေတဲ့အခါ လူ့လောက၌ သူဌေးသမီးဖြစ်ခဲ့တယ်။ အဲဒီ သူဌေးသမီးဘဝက သေတဲ့အခါ ဒီဝက်မကလေးဖြစ်နေရရှာတယ်။ ဒါကြောင့် ပြုံးတော်မူတာဖြစ်တယ်လို့ မိန့်ကြားတော်မူသည်။ ဤဝတ္ထု၌ ဆိုလိုရင်းမှာ ပရိဗိုဇ်မဘဝမှာ အိမ်သာတက်ရင်း အိမ်သာထဲက ပိုးလောက်တွေမြင်၍ ပုဠုဝက အသုဘသညာဖြစ်ပွားတဲ့အတွက် ပထမဈာန်ရပြီး သေတဲ့အခါ ပထမဈာန်ဗြဟ္မာ့ဘုံ ရောက်သွား

ခြင်းသည် အသုဘဘာဝနာ၏ အကျိုးဖြစ်သည်ဟု တင်ပြလိုရင်း ဖြစ်ပေသည်။

## မြောက်နန်းကျောင်းဆရာတော်

သက္ကရာဇ် ၁၀၂၃ ခုနှစ်တွင် မင်းရဲရန္တမိတ်၏ ညီတော် ပြည်မင်း မင်းပြုတော်မူ၏၊ ထိုအခါ ဇာတာတော် မသန့်သည် ဖြစ်၍ မြောက်နန်းဆောင်ကို ယာယီနန်းရာတွင် မြောက်နန်း ကျောင်းဆောက်သည်။ တောင်နန်းဆောင်ကိုလည်း မြို့အရှေ့ ယွန်းယွန်းတွင် တောင်နန်းကျောင်းဆောက်သည်။ ထို့နောက် စစ်ကိုင်းအိမ်ရှေ့ကျောင်း အဂ္ဂမဟာလင်္ကာရ ဆရာတော်အား မြောက်နန်းကျောင်းကို တင်လှူတော်မူသည်။ ထိုဆရာတော် သည် သဒ္ဒါနိဿယ၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်နိဿယ၊ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းရိုး၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းအရ ကောက်ကျမ်းများကို စီရင်သည်။

မြောက်နန်းကျောင်း ဆရာတော်ကား ပြည်မင်း အမတ်ဖြစ် သော နေမျိုးအနော်ရထာ၏ သားဖြစ်၍ အမတ်မျိုးဖြစ်သည်။ တစ်ချိန်တွင် ရဟန်းလူထွက်ဖြစ်သော သတိုးမင်းကြီးသည် မှူးမတ်အဆောင်အရွက် အခင်းအကျင်းနှင့် ကျောင်းတော်သို့ လာ၍ ဆရာတော်နှင့်စကားစမည် ပြောဟောကြရာတွင်

အဆောင်အရွက်အခင်းအကျင်းကိုပြ၍ "အရှင်ဘုရား လူဖြစ်လျှင် ဤမျှလောက် မှုံမတ်စည်းစိမ်ကို ရလိမ့်မည်"ဟု ဆိုသည်ကို "ဤမျှလောက် စည်းစိမ်သည် ငါတို့ အိမ်သာ တစ်ခါတက်မျှလောက် မတန်လေ၊ အိမ်သာတစ်ကြိမ် တက်လျှင်ပင် အသုဘကမ္မဋ္ဌာန်းများစွာ ပွားသည်မဟုတ်တုံလော"ဟု ဆရာတော်က ချေပပြောဆိုခဲ့သည်ဟူ၍ အစဉ်အလာစကား ရှိသည်ဟု သာသနာလင်္ကာရစာတမ်း၌ လာရှိပေသည်။

ဤဆိုခဲ့ပြီးသော စကားစဉ်အရ အသုဘဘာဝနာသည် အလွန်အကျိုးများသည်။ ပွားများရသည်မှာလည်း လွယ်ကူသည်၊ ဈာန်မရသည်တိုင်အောင် သမထဘာဝနာဖြစ်၍ ကုသိုလ်များစွာ ရသည်။ သတိပြု၍ ပွားများသင့်ကြသည်။ စာရေးသူအနေနှင့်ကား မျက်နှာသစ်သောအခါ၊ အိမ်သာတက်သောအခါ၊ ဆီးသွားသောအခါ၊ လေသက်သောအခါ၊ ချွေးသုတ်သောအခါ၊ နှပ်ညှစ်သောအခါ၊ ပျို့အန်သည့်အခါ၊ ရေချိုးသောအခါ စသော ခန္ဓာကိုယ်မှ အညစ်အကြေးများ ထွက်သည့်အခါတိုင်း၌ "ဤစက်ဆုပ်ရွံရှာဖွယ်၊ ကျင်ကြီးကျင်ငယ်၊ နှပ်၊ တံတွေး၊ ချွေး၊ သွေး၊ မျက်ချေး စသော အညစ်အကြေး အသွယ်သွယ်နှင့် လေပုပ်လေဆိုး အမျိုးမျိုးတို့ ပြည့်နှက်နေသော ခန္ဓာကိုယ်ကြီးသည် မတင့်မတယ်၊ စက်ဆုပ်ရွံရှာဖွယ် အသုဘခန္ဓာကိုယ်ကြီးပဲ၊ ငါ့ခန္ဓာ

ကိုယ် မတင့်မတယ်၊ စက်ဆုပ်ဖွယ်ဖြစ်သလို၊ အခြားမိန်းမ ယောကျ်ား ပုဂ္ဂိုလ်များရဲ့ ခန္ဓာကိုယ်များလည်း မတင့်မတယ်၊ စက်ဆုပ်ရွံရှာဖွယ်ကြီးပါတကား"ဟု သတိထား၍ ပွားများလေ့ ရှိပါသည်။ အလေ့အကျင့် လုပ်ထားလျှင် သမထဘာဝနာ ကုသိုလ်ကို လွယ်ကူစွာ ရရှိနိုင်ကြမည် ဖြစ်ပါသည်။

ဤတွင်
အသုဘဘာဝနာပွားများနည်း ပြီး၏။

■ ■ ■ ■ ■



## မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးအေးနိုင်

၁၂၈၄ ခု၊ ပြာသိုလဆန်း (၇)ရက်၊ (၂၄-၁၂-၁၉၂၂) တွင် ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ ခနွဲကဘိုရွာ၌ အဖ ကုန်သည်ကြီး ဦးဘဖေ၊ အမိ ဒေါ်သော်တို့မှ မွေးဖွားသည်။ သတ္တမတန်းအထိ ပညာသင်ယူခဲ့ပြီး (၁၅)နှစ်သားအရွယ်၌ သာမဏေဝတ်ပြီးနောက် ရဟန်းပြုခဲ့သည်။ ရဟန်းအဖြစ် နှစ်ပေါင်း ၂၀ နေခဲ့သည်။ ရဟန်းဘဝတွင် ဓမ္မာစရိယ စာချဘွဲ့များကို ရရှိခဲ့၍ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်း အောင်မြင်ခဲ့သည်။

ပါဠိတက္ကသိုလ် ကထိကအဖြစ် ဓမ္မာစရိယတန်း စာသင်သားများကို ခုနစ်နှစ် စာပေပို့ချပေးခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ဆဋ္ဌသံဂီတိ ပါဠိဝိသောဓကနှင့် ဆဋ္ဌသံဂီတိကာရကများအဖြစ် ဆောင်ရွက်ခဲ့သည်။ အသက် (၄၀)တွင် လူဝတ်လဲခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ထို့နောက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပြ ဆရာများအဖြစ် ခြောက်နှစ်အမှု

ထမ်းခဲ့သည်။ အသက်(၄၂)နှစ်တွင် တောင်စွန်းသူ ဒေါ်အေးသိန်းနှင့် လက်ထပ်ခဲ့ရာ သားသမီးလေးဦး ထွန်းကားခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် သာသနာရေးဦးစီးဌာနသို့ ပြောင်းရွှေ့၍ စာတည်းအယ်ဒီတာ၊ ကျမ်းပြုဌာနမှူး၊ ဌာနစုမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး စသည်ဖြင့် ၁၉၈၆ ခုနှစ်အထိ အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ အငြိမ်းစားယူပြီးနောက် ပိဋကတ်တော် (အင်္ဂလိပ်) ဘာသာပြန်စာပေ ဖြန့်ချိရေးအဖွဲ့ကြီးတွင် ဓမ္မရေးရာ စာတည်းပညာရှင်အဖြစ် သုံးနှစ် ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ သာသနာရေး ဝန်ကြီးဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် အမှုထမ်းခဲ့သည်။

၁၉၅၆ ခုနှစ်တွင် စာပေဗိမာန်က ကျင်းပသော အနာကင်းခြင်း၊ စောင့်ခြင်းသီလစသည့် ကြီးပွားကြောင်း ခြောက်ပါးအနက် တစ်ပါးစီ ဆောင်းပါးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တစ်နိုင်ငံလုံး၌ ဒုတိယဆု ရခဲ့သည်။ ထိုမှစ၍ စာပေနယ်သို့ ဝင်ရောက်ခဲ့ပြီး ကျမ်းစာများ၊ ယဉ်ကျေးမှုစာအုပ်များ ရေးသားထုတ်ဝေခဲ့ရာ ယခုထိ (၁၅) အုပ် ရှိပြီဖြစ်သည်။ ဆရာကြီးသည် သာသနာ့ရောင်ခြည်နှင့် မြတ်ဆုမွန် မဂ္ဂဇင်းတို့တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာရိုးရာ ရာသီပွဲတော်များ

အကြောင်းကိုလည်း လစဉ်ခြောက်နှစ်တိုင် မြန်မာ့အသံမှ အသံလွှင့်ဟောပြောခဲ့သည်။

ဆရာကြီးသည် သာသနာပြုစိတ်ဓာတ်ဖြင့် ဝိုင်အမ်ဘီအေ အသင်းကြီး၌ မင်္ဂလာသင်တန်းကို နှစ်ပေါင်း ၃၀၊ အဘိဓမ္မာသင်တန်းကို ၁၅ နှစ် ပို့ချခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆရာကြီးအား "မဟာသဒ္ဓမ္မ ဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ချီးမြှင့်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ဝိုင်အမ်ဘီအေ အသင်းကြီးက "မဟာမင်္ဂလ ဓမ္မ ဇောတိကဓဇ" ဘွဲ့ကို ချီးမြှင့်ခဲ့သည်။

ဆရာကြီးသည် ယခုအခါ ဝိုင်အမ်ဘီအေ အသင်းကြီး၏ နာယကအဖြစ် ထမ်းဆောင်လျက်ရှိပြီး ပိဋကတ်တော် (အင်္ဂလိပ်) ဘာသာပြန် စာတည်းအဖွဲ့တွင် ၁၉၉၆ ခုနှစ်မှစ၍ ဓမ္မရေးရာ စာတည်းအဖြစ် ထမ်းဆောင်၍ ဘာသာရေးမဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားလျက်ရှိသည်။

နေရပ်လိပ်စာ

အမှတ် (၇၃)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

■ ■ ■ ■ ■

## ဘုရားပေးသော မရဏာနုဿတိဘာဝနာပွားများနည်း

၁။ ငါ၏အသက်၊ မမြဲချက်၊ အသက်သဘာဝပါတကား။

၂။ သေခြင်းတရား၊ ငါတို့အား၊ ဖြစ်ပွားမြဲလှပါတကား။

၃။ မလွဲအမှန်၊ ငါကေန်၊ အမှန်သေရမှာပါတကား။

၄။ ဇီဝိန်တင်းလင်း၊ သက်ရှည်ခြင်း၊ သေခြင်းအဆုံးပါတကား။

၅။ အသက်သာမမြဲ၊ သေခြင်းမြဲ၊ မလွဲအမှန်ပါတကား။

၆။ ငါတစ်ယောက်သာ၊ 'ဝ'ကွက်ကာ၊ သေတာမဟုတ်ပါတကား။

၇။ သတ္တဝါအားလုံး၊ သေကြဆုံး၊ မှတ်ထုံးဓမ္မတာပါတကား။

× × ×

## အရှင်အသုဘဘာဝနာပွားများနည်း

၁။ သေကောင်အလား၊ ဤကိုယ်ကား၊ ပြည့်ငြားရွံဖွယ်သာ။

၂။ ကိုးပေါက်ဒွါရ၊ အမာဝ၊ ယိုကျရွံဖွယ်သာ။

၃။ မျက်ဝဘ်နားဖာချေး၊ နှပ်တံတွေး၊ ယိုစေးချွဲခန်းသာ

၄။ ကျင်ငယ်ကျင်ကြီး၊ ယိုကျစီး၊ အပြီးရွံဖွယ်သာ။

၅။ မွေးညင်းပေါက်များ၊ နံ့အပြား၊ ထွက်ငြားချွေးတွေသာ။

၆။ လေပုပ်လေသိုး၊ အမျိုးမျိုး၊ နံ့ဆိုးထွက်ခါသာ။

၇။ ဤကိုယ်ကြီးဟာ၊ နှစ်မပါ၊ ရွံရှာဖွယ်ပါတကား။

× × ×